# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ညီညွတ်ခြင်းသည် ချမ်းသာခြင်း**

ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာခြင်းသည် ချမ်းသာခြင်း၏ အကြောင်းဖြစ်၏။ သူတော်ကောင်းတရားကို ဟောကြားတော်မူခြင်းသည် ချမ်းသာခြင်း၏အကြောင်းဖြစ်၏။ သံဃာ၏ညီညွတ်ခြင်းသည် ချမ်းသာခြင်းအကြောင်းဖြစ်၏။ စိတ်ဓာတ်ညီညွတ်သူတို့၏ အကျင့်သည် ချမ်းသာခြင်းအကြောင်းဖြစ်၏။

(ဓမ္မပဒ - ၁၉၄)


၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လကွယ်နေ့ | ၂၀၁၆ ခုနှစ်၊ အောက်တိုဘာ ၃၀ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၅၆)၊ အမှတ် (၀၃၀)


# ယခုနှစ် တောင်ကြီးတန်ဆောင်တိုင်ပွဲတော်ကို စည်ကားစွာကျင်းပမည်

**တောင်ကြီး အောက်တိုဘာ ၂၉**

ရှမ်းပြည်နယ်မြို့တော် တောင်ကြီးမြို့၏ အထင်ကရဖြစ်သော တောင်ကြီး တန်ဆောင်တိုင်ပွဲနှင့် မီးပုံးပျံပြိုင်ပွဲကြီးကို လာမည့် တန်ဆောင်မုန်းလဆန်း ၇ ရက်မှ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက် (နိုဝင်ဘာ ၆ ရက်မှ နိုဝင်ဘာ ၁၅ ရက်အထိ) တောင်ကြီးမြို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပတော့မည်ဖြစ်ကြောင်း သိရသည်။

နှစ်စဉ်နှစ်တိုင်း တန်ဆောင်မုန်းလဆန်းရက်များမှစ၍ လပြည့်ကျော် ၁ ရက်နေ့အထိ ကျင်းပလေ့ရှိသည်။ အဆိုပါပွဲတော်တွင် ရှမ်းပြည်နယ်အတွင်းမှသာမက အနယ်နယ်အရပ်ရပ် ရပ်နီးရပ်ဝေးဒေသများမှ ပြည်သူများ၊ နိုင်ငံတကာမှ ကမ္ဘာလှည့်ခရီးသွားများကလည်း နှစ်စဉ်နှစ်တိုင်း တောင်ကြီးတန်ဆောင်တိုင်ပွဲတော်သို့ စိတ်ဝင်တစား လာရောက်ပါဝင်ဆင်နွှဲခဲ့ကြသည်။

လွန်ခဲ့သည့် နှစ်ပေါင်း ၇၀ ကျော်မှ ယခုတိုင် နှစ်စဉ်နှစ်တိုင်း ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၌ ရှေးရိုးစဉ်လာမပျက် ကျင်းပလာခဲ့သည့် တန်ဆောင်တိုင်ပွဲတော်နှင့် မီးပုံးပျံ လွှတ်တင်ပြိုင်ပွဲကြီးကို


*စာမျက်နှာ ၃ ကော်လံ ၅* ✻




ပြီးခဲ့သည့်နှစ်က ကျင်းပသည့် တောင်ကြီးတန်ဆောင်တိုင်ပွဲတော်ကို တွေ့ရစဉ်


(ယနေ့) မာ တိ ကာ

**အမေရိကန်အဆိုတော်နှင့် သီချင်းရေးဆရာ ဘော့ဘ်ဒိုင်လန် နိုဘယ်လ်ဆုလက်ခံယူမည်** စာ - ၁၀

**မြစ်ရေတိုက်စားပြီး စိုက်ပျိုးမြေနှင့် သီးနှံပျက်စီးမှုများကြောင့် တောင်သူများအခက်ကြုံနေ** စာ - ၁၂

**လေးနိုင်ငံချစ်ကြည်ရေး ဖိတ်ခေါ်စားပွဲတင်တင်းနစ်ပြိုင်ပွဲ ကျင်းပ** စာ - ၁၄


# ငြိမ်းချမ်းရေးလမ်းစဉ်တွင် မဖြစ်မနေသွားရမည့် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲအတွက် ဆုံးဖြတ်ချက်များချနိုင်

**နေပြည်တော် အောက်တိုဘာ ၂၉**


ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ ဒုတိယဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ ပဒိုစောကွယ်ထူးဝင်း၊ ဦးသုဝေနှင့် အဖွဲ့ဝင်များဖြစ်ကြသည့် အစိုးရအဖွဲ့မှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဒုတိယနေ့ အစည်းအဝေးတွင် UPDJC ၏ လုပ်ငန်းလမ်းညွှန်ကို ဆွေးနွေးအတည်ပြုခြင်း၊ UPDJC အတွင်းရေးမှူးအဖွဲ့၏ လုပ်ငန်းလမ်းညွှန်ကို ဆွေးနွေးအတည်ပြုခြင်း၊ လုပ်ငန်းကော်မတီများ၏ လုပ်ငန်းလမ်းညွှန်ကို ဆွေးနွေးအတည်ပြုခြင်းနှင့် အထွေထွေကိစ္စရပ်များအား ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးအပြီးတွင် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ နိုင်ငံရေးပါတီများအစုအဖွဲ့မှ ဒုတိယဥက္ကဋ္ဌ ဦးသုဝေက UPDJC အဖွဲ့ဝင်များအနေဖြင့် မိမိတို့ကော်မတီ၏ ရည်ရွယ်ချက်များကို အောင်အောင်မြင်မြင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အရေးကြီးပါကြောင်း၊ ရည်ရွယ်ချက်များကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ကြရာတွင် ရည်ရွယ်ချက်ချင်း တူညီလျှင် ညီညွတ်မှုရရန်၊ ဆုံးဖြတ်ချက်များချရန် လွယ်ကူသော်လည်း ရည်ရွယ်ချက်ချင်း မတူညီပါက ညီညွတ်မှုရရန်၊ ဆုံးဖြတ်ချက်များချရန် အခက်အခဲများရှိမည်ဖြစ်သောကြောင့် ညှိနှိုင်းဆွေးနွေး၍ အဖြေရှာဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❖

**ဆန်း ဒေး ကာ တွန်း**


*စာမျက်နှာ - ၁၆၊ ၁၇*





မြန်မာ့အလင်း

# ပြည်တွင်း ပြည်ပအားလုံးက လိုလားနေသော မြန်မာ့ငြိမ်းချမ်းရေး

အပစ်ရပ်စဲရေးစာချုပ်တွင် လက်မှတ်မရေးထိုးရသေးသည့်အဖွဲ့များ ပါဝင်လာအောင်နည်းလမ်းများရှာရမည်ဖြစ်ပြီး အဆိုပါအဖွဲ့များကလည်း ပါဝင်လာရန်စိတ်အားထက်သန်ဖို့ လိုအပ်ကြောင်း အောက်တိုဘာလ ၂၈ ရက်နေ့က နေပြည်တော်၌ကျင်းပသော UPDJC အစည်းအဝေးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားခဲ့သည်။

ယခု ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) အစည်းအဝေးမှာ အောက်တိုဘာလ ၁၈ ရက်နေ့မှ ၂၁ ရက်နေ့အထိ ရန်ကုန်မြို့ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC)၌ ကျင်းပခဲ့သော နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်သုံးသပ်ခြင်းနှင့် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများကျင်းပရန်အတွက် လုပ်ငန်းလမ်းညွှန်များ ဆွေးနွေးပွဲအပြီး ကျင်းပခြင်းဖြစ်ပါသည်။ ထိုဆွေးနွေးပွဲမှ သဘောတူညီချက်များကို ယခု UPDJC အစည်းအဝေးမှ အတည်ပြုဆုံးဖြတ်ရန် ဖြစ်ပါသည်။ ထိုနိုင်ငံရေးဆွေးနွေးမှု မူဘောင်သုံးသပ်သည့် ဆွေးနွေးပွဲတွင် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးစာချုပ်(NCA)လက်မှတ်မရေးထိုးရသေးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များပါဝင်ဖွဲ့စည်းထားသည့် ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC)၏ နိုင်ငံရေးဆိုင်ရာဆွေးနွေးညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့ (DPN) ပါတက်ရောက်ခဲ့ခြင်းဖြစ်သည်။ ဤသည်မှာ NCA လက်မှတ်မရေးထိုးရသေးသော အဖွဲ့များကို ဤသို့အခွင့်အရေးပေးခြင်းအားဖြင့် အားလုံးပါဝင်သော သဘောတူညီမှုရှိသည့်မူဘောင်နှင့် လုပ်ငန်းလမ်းညွှန်များထွက်ရှိလာစေရန်ဖြစ်သည်။ သို့မှသာ NCA တွင် အားလုံးပါဝင်လက်မှတ်ရေးထိုးရန်အဆင်ပြေစေမည်ဖြစ်ပါသည်။

ထို့ကြောင့်ပင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အပစ်ရပ်စဲရေးစာချုပ်တွင် လက်မှတ်မရေးထိုးရသေးသည့်အဖွဲ့များ ပါဝင်လာအောင်နည်းလမ်းများရှာရမည်ဖြစ်ပြီး အဆိုပါအဖွဲ့များကလည်း ပါဝင်လာရန်စိတ်အားထက်သန်ဖို့လိုအပ်ကြောင်းပြောကြားခဲ့ခြင်းဖြစ်သည်။ ထို့ပြင် အားလုံးပါဝင်နိုင်ရေးကို ဦးတည်ကြောင်း၊ အားလုံးပါဝင်နိုင်ရေးသည် အားလုံးကိုကိုယ်စားပြုသည့် ပုဂ္ဂိုလ်များပါဝင်နိုင်ရေးကိုဆိုလိုသည်ဖြစ်ကြောင်း၊ တိုင်းရင်းသားလူမျိုးစုငယ်လေးများက သူတို့ကျန်ရစ်ခဲ့မှာလားဟု စိုးရိမ်ကြကြောင်း၊ ထို့နောက် လက်နက်ကိုင်တပ်ဖွဲ့များနှင့် ဆက်သွယ်မှုမရှိသော တိုင်းရင်းသားလူမျိုးများကလည်း သူတို့ကျန်ရစ်ခဲ့မှာလား ဆိုပြီး စိုးရိမ်မှုဖြစ်လာကြောင်း၊ အားလုံးပါဝင်နိုင်အောင် စီစဉ်သွားမည်ဖြစ်ကြောင်း ပြောကြားသွားသည်ကို တွေ့ရပါသည်။

ယခုအချိန်မှာ NCA စာချုပ်ပါအချက်များအတိုင်း အမျိုးသားအဆင့်ငြိမ်းချမ်းရေးဆွေးနွေးပွဲများ စတင်ရန်အချိန်အခါသင့်နေပြီဖြစ်သည်။ သို့မှသာ လာမည့်နှစ် ဖေဖော်ဝါရီလလောက်တွင် ကျင်းပရန်ရည်ရွယ်ထားသော ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစုပင်လုံအတွက် အဆင်သင့်ဖြစ်မည်ဖြစ်ပေသည်။ ထို့ကြောင့်ပင် အချိန်မဆွဲရန်လိုကြောင်း၊ အချိန်ဆွဲခြင်းနှင့် အချိန်ပေးခြင်းမတူကြောင်း၊ အချိန်ဆွဲနိုင်သည့်အခြေအနေမရှိကြောင်း၊ ဤနိုင်ငံမှာ ၁၀ စုနှစ်များနှင့်ချီ၍ ငြိမ်းချမ်းရေးကိုတမ်းတနေခဲ့သောနိုင်ငံဖြစ်ကြောင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ပြောကြားခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၏ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကိုလိုလားကြောင်း၊ မြန်မာနိုင်ငံ၏ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းများကို အားပေးကူညီမည်ဖြစ်ကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ တရုတ်ပြည်ခရီးစဉ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတကလည်း ကတိပြုပြောကြားခဲ့သည်။ အိန္ဒိယခရီးစဉ် ဂိုအာ၌ကျင်းပသော BRICS နှင့် ဘင်းမ်စတက် အစည်းအဝေးကာလ၌ တရုတ်သမ္မတက ထိုကတိကဝတ်များအတိုင်းဆောင်ရွက်မည်ဖြစ်ကြောင်း ထပ်မံပြောကြားခဲ့သည်ကိုလည်းတွေ့ရပါသည်။ အိန္ဒိယဝန်ကြီးချုပ်ကလည်း မြန်မာ့ငြိမ်းချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေးကိုလိုလားကြောင်း ပြောကြားခဲ့ပါသည်။

ယခုအစည်းအဝေးတွင် 'အားလုံးက မြန်မာနိုင်ငံကိုကူညီချင်ကြကြောင်း၊ အလှူရှင်များအင်မတန်များကြောင်း၊ ထိုသို့များရသည်မှာ မြန်မာနိုင်ငံငြိမ်းချမ်းရေးရသည်ကို မြင်ချင်ကြလို့ဖြစ်ကြောင်း၊' နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကပြောကြားခဲ့သည်။ မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် ပြည်တွင်းပြည်ပလိုလားမှု များပြားနေချိန်တွင် နိုင်ငံရေးအင်အားစု၊ လက်နက်ကိုင်အင်အားစုအသီးသီးမှ အားလုံးတက်တက်ကြွကြွပါဝင်သွားနိုင်ရေး ဝိုင်းဝန်းကူညီကြရန် လိုအပ်လျက်ရှိနေပါကြောင်း ရေးသားဖော်ပြရပါသည်။ ။




## MPT လိုင်းများပွင့်၍ ဒေသခံပြည်သူများပျော်ရွှင်

**နတ်မောက် အောက်တိုဘာ ၂၉**

၂၂-၁၀- ၂၀၁၅ ရက်တွင် မြန်မာ့အလင်းသတင်းစာ၌ မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ထန်းပင်ကုန်းကြီးရွာတွင် မြန်မာ့ဆက်သွယ်ရေးမှ တာဝါတိုင်လာရောက်စိုက်ထူပြီးသော်လည်း လိုင်းဆက်သွယ်မရဟု သတင်းပါရှိခဲ့ရာ ယခုအခါ ဆက်သွယ်ရေးကွန်ရက်အားလုံးနှင့် ချိတ်ဆက်ပေးပြီးဖြစ်သည့်အတွက် ပြည်တွင်းပြည်ပနှင့် နိုင်ငံတကာသို့ ဖုန်းလိုင်းများ၊ အင်တာနက်လိုင်းများ အလွယ်တကူ ဆက်သွယ်ပြောဆိုနိုင်ပြီဖြစ်၍ ဒေသခံပြည်သူများ ဝမ်းမြောက်ပျော်ရွှင်လျက်ရှိနေကြောင်း သိရသည်။

**အောင်သန်းထွန်း(နတ်မောက်)**

### ထင်သာမြင်သာပြုပြင်စရာ

## မိတ္ထီလာမြို့တွင်းလမ်းများ ပျက်စီးမှုများလာ၍ ယာဉ်အန္တရာယ်ပိုမိုစိုးရိမ်လာရ

မိတ္ထီလာမြို့တွင်းလမ်းများတွင် မိုးရေများဝပ်ခြင်း၊ ကုန်တင်ယာဉ်ကြီးများ နေ့စဉ် ဖြတ်သန်းသွားလာနေခြင်းကြောင့် လမ်းပျက်စီးမှုများလာ၍ ဒေသခံမော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်မောင်းနှင်သူများ ယာဉ်အန္တရာယ် ပိုမိုစိုးရိမ်လာရကြောင်း သိရသည်။

"နေ့စဉ်မိုးရွာသွန်းတဲ့အတွက် မိုးရေက ရေနုတ်မြောင်းအတိုင်းမစီးဆင်းဘဲ လမ်းမပေါ်ဝပ်ကျန်နေတယ်။ ကုန်တင်ယာဉ်ကြီးတွေ နေ့စဉ်ဖြတ်သန်းသွားလာနေတာကြောင့် မြို့တွင်းလမ်းတွေ ပိုပျက်စီးလာတာပါ။ တချို့နေရာတွေဆို အကျယ်လေးပေ၊ အနက်တစ်ပေကျော်လောက်ရှိတဲ့ ချိုင့်ခွက်ကြီးတွေဖြစ်နေတယ်။ ရန်ကုန်-မန္တလေး ကားလမ်းမရဲ့ နေရာတော်တော်များများမှာ လမ်းပျက်စီးပေါက်ပြဲမှုတွေများလာလို့ အဲဒီလမ်းပျက်နေရာကို ယာဉ်ကြီး၊ ယာဉ်ငယ်တွေက ရှောင်တိမ်းမောင်းနှင်ကြတာမို့ ယာဉ်အန္တရာယ်ပိုစိုးရိမ်လာရပါတယ်။ တချို့ကုန်တင်ယာဉ်ကြီးတွေက မြို့တွင်းလမ်းဆိုပြီး အရှိန်လျှော့မောင်းနှင်တာမျိုးမရှိတော့ မော်တော်ယာဉ်ငယ်တွေနဲ့ မော်တော်ဆိုင်ကယ်မောင်းနှင်သူတွေ သတိထားမောင်းနှင်နေရတယ်"ဟု ဈေးအရှေ့ပြင်ရပ်ကွက်တွင် နေထိုင်သူတစ်ဦးက ပြောသည်။



မိတ္ထီလာမြို့တွင်းလမ်းများ ပျက်စီးမှုတွင် ရန်ကုန်-မန္တလေး ကားလမ်းတစ်လျှောက်ရှိ မီးသတ်ရေစင်လမ်း၊ ရတနာမာရ်လမ်း၊ တော်ဝင်နန်းလမ်းဆုံ၊ ရပ်ရှင်ရုံလမ်းထိပ်အနီး၊ မိုးကုတ်ဝိပဿနာ ရိပ်သာကျွေ့၊ ဒိုင်းမွန်းစားသောက်ဆိုင်အနီး၊ မြို့လယ်ဘုရားလမ်းဆုံအနီး လမ်းများအပြင် ပေါက်ချောင်း၊ ရန်မျိုးအောင် စသည့်ရပ်ကွက်များရှိ ကတ္တရာလမ်းများသည်လည်း ပေါက်ပြဲပျက်စီးလျက်ရှိသည်။ လမ်းများ ပေါက်ပြဲပျက်စီးမှုကို ပြုပြင်ဖာထေးခြင်းများ ဆောင်ရွက်သော်လည်း ကာလမကြာမီ ပြန်လည်ပေါက်ပြဲ ပျက်စီးမှုများဖြစ်လာ၍ ယာဉ်အန္တရာယ်စိုးရိမ်ရသည့်လမ်းများအား ရေရှည်ကြံ့ခိုင်ကောင်းမွန်အောင် ပြုပြင်ဆောင်ရွက်ရန် လိုအပ်လျက်ရှိကြောင်း သိရသည်။

**ချမ်းသာ ( မိတ္ထီလာ )**

## တိုင်းဒေသကြီးအစိုးရလွှတ်တော်ရုံးနှင့် အရပ်ဘက်လူ့အဖွဲ့အစည်းများအကြား ပေါင်းစပ်ညှိနှိုင်းဆွေးနွေးပွဲ (Forum) ကျင်းပ

**မန္တလေး အောက်တိုဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး အစိုးရဌာနဆိုင်ရာများ၊ လွှတ်တော်ရုံးနှင့် အရပ်ဘက်လူ့အဖွဲ့အစည်းများအကြား ပေါင်းစပ်ညှိနှိုင်းဆွေးနွေးပွဲ (Forum)ကို အောက်တိုဘာ ၂၇ ရက်က မန္တလေးမြို့ မဟာအောင်မြေမြို့နယ် (၇၈ လမ်း × ၃၈လမ်း)ရှိ Hotel Mandalay ၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် UNDP မှ Area Office Coordinator ဦးမြင့်ထွန်းက ဖိုရမ်ကျင်းပရခြင်းရည်ရွယ်ချက်နှင့် မျှော်မှန်းရလဒ်များအကြောင်း ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးလွှတ်တော်ရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ဇော်က တိုင်းဒေသကြီးလွှတ်တော်ရုံးနှင့် အရပ်ဘက်လူ့အဖွဲ့အစည်းများအကြား ချိတ်ဆက်ဆောင်ရွက်မှုနည်းလမ်းများကို တင်ပြဆွေးနွေးသည်။

ထို့နောက် တိုင်းဒေသကြီးမြောက်ပိုင်း မူးယစ်တပ်ဖွဲ့စု (၁၇)မှ မူးယစ်ဆေးဝါးသုံးစွဲမှုကြိုတင်ကာကွယ်ခြင်းနှင့် ကုသရေး၊ ပြန်လည်ထူထောင်ရေးအကြောင်းကို ဒုတိယရဲမှူးလှလွင် (ဒုတိယတပ်ဖွဲ့စုမှူး)က ရှင်းလင်းတင်ပြဆွေးနွေးသည်။ ဆက်လက်၍ တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှ ဆွံ့အနားမကြားကျောင်းအုပ် ဒေါ်အေးအေးဝင်းက လူမှုဝန်ထမ်းလုပ်ငန်းစဉ်များနှင့် လူမှုကာကွယ်စောင့်ရှောက်ရေးအကြောင်းကို ဆွေးနွေးသည်။ **ခင်ခင်ဝင်း(ပညာရေး)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၂၉-၁၀-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

### ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၆၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၂၄၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၆၀၀၀ |

### စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၅၉၀/၆၁၀ ကျပ် |
| အောက်တိန်း ၉၂ | ၆၀၅/၆၂၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၄၀/၆၇၀ ကျပ် |
| ပရီမီယံဒီဇယ် | ၆၂၀/၆၃၀ ကျပ် |

### နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၈၀ · ၀ |
| ဥရောပ | တစ်ယူရို | ၁၃၉၁ · ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၁၇ · ၈၉ |
| ထိုင်း | တစ်ဘတ် | ၃၆ · ၄၇၂ |
| အိန္ဒိယ | တစ်ရူပီး | ၁၉ · ၁၃၈ |
| တရုတ် | တစ်ယွမ် | ၁၈၈ · ၉၃ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၆ · ၂၉ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၃၅၊ ငွေစာရင်း ၀၁-၅၄၄၃၃၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၉၈၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၃၇၊ Fax ၀၁-၈၆၀၄၅၄၆။

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ကိုရီးယားသမ္မတနိုင်ငံ စစ်သမိုင်းပြတိုက်နှင့် အမျိုးသားပြတိုက် ကြည့်ရှုလေ့လာ



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ကိုရီးယားသမ္မတနိုင်ငံ စစ်သမိုင်းပြတိုက်အတွင်း ကြည့်ရှုလေ့လာစဉ်
(သတင်းစဉ်)

**နေပြည်တော် အောက်တိုဘာ ၂၉**

ကိုရီးယားသမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့်အဖွဲ့သည် ယနေ့ ဒေသစံတော်ချိန် နံနက် ၁၀ နာရီက ကိုရီးယားသမ္မတနိုင်ငံ စစ်သမိုင်းပြတိုက်သို့ ရောက်ရှိပြီး ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးကာ ပြတိုက်အတွင်း လှည့်လည်ကြည့်ရှုလေ့လာသည်။

ဆက်လက်၍ ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားပြတိုက်ကို ကြည့်ရှုလေ့လာသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့အား ကိုရီးယား- မြန်မာ လွှတ်တော်ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ H.E. Mr. Park Byeong-seug နှင့် ချစ်ကြည်ရေးအသင်းဝင် လွှတ်တော်ကိုယ်စားလှယ်များက ယမန်နေ့ ညပိုင်းက ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

❖ *ရှေ့ဖုံးမှ*

တိုင်းရင်းသား လက်နက်ကိုင်များ အစုအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပဒိုစောကွယ်ထူးဝင်းက နိုင်ငံ၏ အနာဂတ်အတွက် တာဝန်အရှိဆုံးပုဂ္ဂိုလ်များက အနာဂတ်၏ ငြိမ်းချမ်းရေးနှင့် အနာဂတ်၏ ကောင်းစားရေးအတွက် အားလုံးစုစည်းပြီး ညှိနှိုင်းအဖြေရှာသည့် နိုင်ငံရေးဆွေးနွေးပွဲကို စတင်နိုင်ရန် ဆောင်ရွက်ကြခြင်းဖြစ်ပါကြောင်း၊ လုပ်ငန်းစဉ်ချမှတ်သည့် နေရာတွင် လက်တွေ့ကျပြီး အကောင်အထည်ဖော်နိုင်သည့် အခြေအနေကို ဆုံးဖြတ်ရန် လိုအပ်ပါကြောင်း၊ လက်တွေ့မကျသည့် ဆုံးဖြတ်မှု၊ ဆောင်ရွက်မှုများကို လုပ်ဆောင်သည့်အခါ မိမိတို့လိုချင်သည့် မိမိတို့ မျှော်မှန်းသည့် ရည်မှန်းချက်ပန်းတိုင်ကို ရောက်မည်မဟုတ်ပါကြောင်း။

လက်တွေ့ အကောင်အထည်ဖော်သည့်နေရာတွင် အစုအဖွဲ့ တစ်ဖွဲ့ချင်းစီက တာဝန်ခံမှု၊ တာဝန်ယူမှု ရှိရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ ကောင်းစားရေးအတွက် UPDJC ၏ နိုင်ငံရေးဆွေးနွေးပွဲ အောင်မြင်ရန် UPDJC အဖွဲ့ဝင် တစ်ဦးချင်းစီတွင် လည်းကောင်း၊ တစ်ဖွဲ့ချင်းစီတွင်လည်းကောင်း တာဝန်ရှိသည့်အတွက် အတူတကွ ပူးပေါင်းပြီး အေးချမ်းသည့် နိုင်ငံတော်ကြီး တည်ဆောက်နိုင်ရန် ကြိုးစားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ ဒုတိယဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းက ယနေ့ ဆုံးဖြတ်ချက် ကိုးချက်နှင့် မှတ်တမ်း ရှစ်ချက်ကို အောင်မြင်စွာရရှိခဲ့ပါကြောင်း၊ အထူးသဖြင့် ငြိမ်းချမ်းရေးလမ်းစဉ်တွင် မဖြစ်မနေ သွားရမည့် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲအတွက် ဆုံးဖြတ်ချက်အတော်များများ ချနိုင်ခဲ့ပါကြောင်း၊ လာမည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေးမတိုင်မီ လုပ်ဆောင်ရန်ကိစ္စများစွာကို ယခုအစည်းအဝေးက ချမှတ်နိုင်ခဲ့သည့် ဆုံးဖြတ်ချက်များနှင့် မှတ်တမ်းများက အထောက်အကူများစွာ ဖြစ်မည်ဖြစ်ကြောင်း ပြောကြားသည်။

UPDJC အစည်းအဝေးကို အောက်တိုဘာ ၂၈ ရက်မှ ၂၉ ရက်အထိ နှစ်ရက်ကြာ ကျင်းပခဲ့ပြီး နိုင်ငံရေးဆွေးနွေးမှုအဆင့်ဆင့်ပုံစံ (Structure)၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ လုပ်ငန်းလမ်းညွှန်များ၊ လူမျိုးအလိုက် ကျင်းပသော အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲလုပ်ငန်းလမ်းညွှန်၊ ဒေသအလိုက် ကျင်းပသော အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ လုပ်ငန်းလမ်းညွှန်၊ အကြောင်းအရာအလိုက် ဆွေးနွေးသော အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ လုပ်ငန်းလမ်းညွှန်၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကြီးကြပ်မှုကော်မတီ လုပ်ငန်းလမ်းညွှန်၊ UPDJC လုပ်ငန်းလမ်းညွှန်၊ UPDJC အတွင်းရေးမှူးအဖွဲ့ လုပ်ငန်းလမ်းညွှန်၊ လုပ်ငန်းကော်မတီများ လုပ်ငန်းလမ်းညွှန်၊ UPDJC ရုံးအဖွဲ့ဖွဲ့စည်းပုံ၊ ပထမအကြိမ် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများတွင် ဆွေးနွေးမည့် ခေါင်းစဉ်ခွဲများကို ဆွေးနွေးခဲ့ကြသည်။

ယခု အစည်းအဝေးအပြီးတွင် ဆုံးဖြတ်ချက် ကိုးချက်နှင့် မှတ်တမ်းတင်မှု ရှစ်ချက် ရရှိခဲ့ကြောင်းနှင့် "အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ" ကို အဆင်သင့်ဖြစ်သည့် တိုင်းဒေသကြီး၊ ပြည်နယ်များ၌ စတင်ကျင်းပနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အစည်းအဝေး ဒုတိယနေ့ကျင်းပစဉ်
(သတင်းစဉ်)

# ပြည်တွင်းစစ်ရပ်စဲရေး လက်မှတ်ရေးထိုးလှုပ်ရှားမှုနှင့် ငြိမ်းချမ်းရေး တေးဂီတဖျော်ဖြေပွဲ ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၉**

ပြည်တွင်းစစ်ရပ်စဲရေး လက်မှတ်ရေးထိုးလှုပ်ရှားမှုနှင့် ငြိမ်းချမ်းရေးတေးဂီတဖျော်ဖြေပွဲကို ယနေ့ မွန်းလွဲ ၂ နာရီက စတင်၍ ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံရှေ့၌ ကျင်းပရာ ရှေးဦးစွာ တက်ရောက်လာကြသူများက ပြည်တွင်းစစ်ရပ်စဲရေး လက်မှတ်ရေးထိုးလှုပ်ရှားမှုကို ပြုလုပ်ကြပြီး RAGA MUSIC BAND မှ ကိုတွတ်ကီ၊ ကိုမြတ်မိုး၊ စောရန်နိုင်၊ ရာဝဏ၊ စိုင်းရှုမိုး၊ ဆူမိုတို့နှင့်အတူ နိုင်ငံကျော် တေးသံရှင်များဖြစ်ကြသည့် မွန်းအောင်၊ အက်စ်ကဲနက်၊ တူးတူး၊ ဝီလျံ၊ မောင်တင်အုန်း၊ ကိုပြည့်၊ ကိုကိုနိုင်၊ ကိုစောဝေ၊ မီမီဝင်းဖေ၊ Fanny ၊ ဆိုင်းစံ၊ ဆုရည်လတ်နှင့် ဆုမွန်းအောင်တို့က သီဆိုဖျော်ဖြေကြသည်။



အဆိုပါ ပြည်တွင်းစစ်ရပ်စဲရေး လက်မှတ်ရေးထိုးလှုပ်ရှားမှုနှင့် ငြိမ်းချမ်းရေး တေးဂီတဖျော်ဖြေပွဲကို မြန်မာနိုင်ငံတစ်ဝန်း၌ လက်ရှိဖြစ်ပွားနေသော စစ်ပွဲများရပ်တန့်ရေးနှင့် ပြည်တွင်းစစ်ပွဲများ အမြန်ဆုံးရပ်တန့်ရေး၊ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး၊ စစ်ဘေးသင့် ပြည်သူများအား ထိရောက်စွာ ကူညီထောက်ပံ့ပေးနိုင်ရေး အတွက် ပြည်သူများထံမှ လက်မှတ်များ ကောက်ယူခြင်းနှင့် အနုပညာရှင်များက ငြိမ်းချမ်းရေးသီချင်းများ၊ ကဗျာများဖြင့် သီဆိုဖျော်ဖြေပွဲ ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ဇော်မင်းလတ်**

❋ *ရှေ့ဖုံးမှ*

ကျင်းပရခြင်းမှာ တောင်ကြီး တိုင်းရင်းသားတို့၏ စည်းလုံးညီညွတ်မှုအင်အားကို ပြသစေခြင်းနှင့် တောင်ကြီးသားတို့သည် ရှေးရိုးရာအမွေအနှစ်ကို ချစ်ခင်မြတ်နိုးစွာ ထိန်းသိမ်းစောင့်ရှောက်လာခဲ့သည့် ယင်းတန်ဆောင်တိုင် ဘုံကထိန်ပွဲတော်၊ မသိုးသင်္ကန်း၊ ကြာရိုးသင်္ကန်းများ ရက်လုပ်ပူဇော်ခြင်း၊ မီးအလှုပဒေသာများ ပြုလုပ်လှည့်လည်ပူဇော်ခြင်းနှင့် စိန်နားပန်မီးပုံးပျံအလှ၊ ညမီးကြီးမီးပုံးပျံတို့ကို ခေတ်အဆက်ဆက်မှ နောင်လာနောက်သား တောင်ကြီးသား မျိုးဆက်သစ်လူငယ်များက ဆက်လက်အမွေခံ ထိန်းသိမ်းသွားတတ်စေရန်ဟူသော ခံယူချက်များဖြင့် ဤပွဲတော်ကို နှစ်စဉ်မပျက် ကျင်းပရခြင်းဖြစ်ကြောင်း တောင်ကြီးတန်ဆောင်တိုင် မီးပုံးပျံပြိုင်ပွဲပါဝင်ဆင်နွှဲရန် ပြင်ဆင်လျက်ရှိကြသော တောင်ကြီးသားအချို့က ပြောသည်။

နေရာဒေသအသီးသီးမှ ရောက်လာကြသော သဘာဝအလှအပများကို ဖမ်းစားပုံဖော်ပြန်လည်ခံစားတင်ပြကြသည့် မြန်မာ့၊ ကမ္ဘာ့ဓာတ်ပုံဝါသနာရှင်ပညာရှင်များအတွက်လည်း တောင်ကြီးတန်ဆောင်တိုင်ပွဲတော်ကြီး ဆင်ယင်ကျင်းပပုံ ဖွင့်ပွဲ၊ ပိတ်ပွဲနှင့် ကဏ္ဍစုံတို့ကို မှတ်တမ်းရယူနိုင်ကြသည့်အပြင် တောင်ကြီးသားများနှင့် ရွှေပွဲလာမည်သူမဆို ဓာတ်ပုံပညာရှင်ဝါသနာရှင်အားလုံး တန်ဆောင်တိုင်ပွဲတော်အစမှ အဆုံးတိုင် လှုပ်ရှားမှုပုံရိပ်များ(အလွတ်တန်းဓာတ်ပုံပြိုင်ပွဲ)ကို လွတ်လပ်စွာဖြင့် ဝင်ရောက်ပါဝင်ယှဉ်ပြိုင်နိုင်ကြသည်။

သို့ဖြစ်၍ ရှမ်းပြည်နယ် တောင်ကြီးမြို့၏ အထင်ကရဖြစ်သည့် တန်ဆောင်တိုင်ပွဲတော်ကာလအတွင်း ပါဝင်ဆင်နွှဲသွားလာလှုပ်ရှားရင်း တောင်ကြီးတန်ဆောင်တိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲမှ ရောင်စုံမီးရှူးမီးပန်းအလှပေါင်းစုံ၊ ယခုနှစ် ပွဲတော်စတင်မည့်ကာလ နိုဝင်ဘာ ၆ ရက် ညမှ နိုဝင်ဘာ ၁၄ ရက် နေ့/ညတို့တွင် လွှတ်တင် ပြိုင်ပွဲဝင်ကြမည့် နေ့လွှတ်အရုပ်ပေါင်းစုံ၊ စိန်နားပန်အလှမီးပုံးပျံ၊ ညမီးကြီးမီးပုံးပျံ စုစုပေါင်း အလုံး ၄၀၀ ကျော်တို့၏ တောင်ကြီးမြို့ ဝေဟင်ယံထက်၌ လှပရှုမောဖွယ် ပျံဝဲတက်နေသည့်ဟန်များ၊ ကုသိုလ်ကောင်းမှုပြုကြပုံများကို အစုံအလင်ခံစားနိုင်မည်ဖြစ်သည်။

**စိုင်းဇော်လတ်(လင်းခေး)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ Shan Xi ပြည်နယ်၊ Hang Zhong မြို့သို့ သွားရောက်လေ့လာ

**နေပြည်တော် အောက်တိုဘာ ၂၉**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့၌ ရောက်ရှိနေသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ကူမင်းမြို့မှ အထူးလေယာဉ်ဖြင့် ထွက်ခွာရာ ဒေသစံတော်ချိန် နံနက် ၁၀ နာရီ မိနစ် ၄၀ တွင် Shan Xi ပြည်နယ်၊ Hang Zhong မြို့သို့ ရောက်ရှိကြသည်။

**လေယာဉ်ကြည့်ရှု**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် CATIC ကုမ္ပဏီမှ ထုတ်လုပ်သည့် Y-9 E သယ်ယူပို့ဆောင်ရေးလေယာဉ်ကို ကြည့်ရှုလေ့လာကြသည်။

**ရုပ်တုများလေ့လာ**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် Xian မြို့သို့ ရောက်ရှိကြပြီး Xianမြို့ရှိ ချင်းရှီဟွမ် ဘုရင့်စစ်သည်တော် ရုပ်တုများအား သွားရောက်လေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။
**(သတင်းစဉ်)**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Xian မြို့ရှိ ချင်းရှီဟွမ် ဘုရင့်စစ်သည်တော်ရုပ်တုများအား သွားရောက်လေ့လာစဉ်**



# အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ မြေပုံမြို့နယ် ဒေသခံများနှင့်တွေ့ဆုံ

**အမ်း အောက်တိုဘာ ၂၉**

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်သည် အောက်တိုဘာ ၂၇ ရက် မွန်းလွဲ ၂ နာရီက မြေပုံမြို့နယ် ကြာအင်းတောင်ကျေးရွာအုပ်စု ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး ရေရှင်ကျေးရွာ သောက်သုံးရေ သွယ်တန်းရန်အတွက် အလှူငွေကျပ် ၃၃ သိန်းအား ပေးအပ်လှူဒါန်းခဲ့သည်။ ယင်းနောက် အောက်တိုဘာ ၂၈ ရက် မွန်းလွဲ ၁ နာရီတွင် မြောက်ဦးခရိုင် မြေပုံမြို့နယ် ကမ်းထောင့်ကြီးမြို့သို့ ရောက်ရှိပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံခဲ့သည်။ **(ဝဲပုံ)**

ထိုသို့တွေ့ဆုံရာတွင် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌက လွှတ်တော်မှ ပြည်သူအကျိုးပြုသော ဥပဒေပြုကိစ္စရပ်များ ဆောင်ရွက်မှုအခြေအနေကို လည်းကောင်း၊ မြေပုံမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအနေဖြင့် အခက်အခဲ လိုအပ်ချက်များနှင့်ပတ်သက်၍ စာဖြင့်၊ နှုတ်ဖြင့် တင်ပြလာမှုများကို ဝန်ကြီးများအဆင့်ပေးပို့၍ ဖြေရှင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ထို့နောက် တက်ရောက်လာသော ပြည်သူများက ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များနှင့် အခက်အခဲများကို တင်ပြခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် မောင်တော မြို့မိ မြို့ဖများနှင့် တွေ့ဆုံအားပေးစကားပြော

မောင်တော အောက်တိုဘာ ၂၉

**ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အောက်တိုဘာ ၂၉ ရက် နံနက် ၉ နာရီက မောင်တောမြို့ သီရိမင်္ဂလာမြို့တော်ခန်းမ၌ မောင်တောမြို့ မြို့မိမြို့ဖများ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ CSO အဖွဲ့အစည်းများ၊ ကျေးရွာသူ ကျေးရွာသားများအား တွေ့ဆုံအားပေးစကား ပြောကြားကြောင်း သိရသည်။** (ယာပုံ)

ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက အမှာစကား ပြောကြားရာတွင် မောင်တောမြို့နယ်၌ ယခင်ထက် လုံခြုံရေးများကို တိုးချဲ့ဆောင်ရွက်နေပြီး တိုင်းရင်းသား ကျေးရွာများတွင်လည်း ရဲကင်းစခန်းများ တိုးချဲ့ဖွင့်လှစ်၍ လုံခြုံရေးများ ဆောင်ရွက်နေကြောင်း၊ တစ်ဖက်ကလည်း အကြမ်းဖက်သူများကို စုံစမ်းဖော်ထုတ်ပြီး တရားဥပဒေနှင့်အညီ ဆောင်ရွက်နေကြောင်း၊ ကျေးရွာများကိုလည်း စားဝတ်နေရေးအစီအစဉ်များကိုလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မြစိမ်းရောင်စီမံကိန်းများ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး မြို့ပေါ်၊ ကျေးရွာများရှိ လမ်းများလည်း တိုးချဲ့ဆောင်ရွက်ပေးမည် ဖြစ်ကြောင်းနှင့် ပြည်သူများ၏ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ထိန်လင်းက မောင်တောမြို့နယ် အကြမ်းဖက်မှုများကို တရားဥပဒေနှင့်အညီ ဆောင်ရွက်ပေးနေပြီး အကြမ်းဖက်သူများလက်ထဲ ပါရှိသွားသော လက်နက်များ အမြန်ဆုံးပြန်လည်ရရှိအောင် ဆောင်ရွက်နေကြောင်း၊ အကြမ်းဖက်မှုများကို လုံးဝလက်မခံနိုင်ကြောင်း၊ တိုင်းရင်းသားများကလည်း ပူးပေါင်းပါဝင်ရန် တိုက်တွန်းပြောဆိုခဲ့သည်။ မောင်တောမြို့နယ်တွင် ကျေးရွာများ၌ ကိုယ့်ကျေးရွာ ကိုယ့်လူမျိုးများကို ကာကွယ်နိုင်ရန် ကျေးရွာများမှ စိတ်ဝင်စားသူများကို ဒေသန္တရရဲတပ်ဖွဲ့ဖွဲ့စည်း၍ မိမိကျေးရွာများတွင် ပြန်လည်တာဝန်ထမ်းဆောင်ရန် စေလွှတ်ပေးမည်ဖြစ်ပြီး ရပ်ဝေးတွင် ရောက်ရှိနေသော ရဲဝန်ထမ်းများသည်လည်း မိမိတို့ကျေးရွာတွင် တာဝန်ထမ်းဆောင်လိုပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး မိမိဆန္ဒအရ မိမိကျေးရွာတွင် ဝန်ထမ်းသက်တမ်းတစ်လျှောက် တာဝန်ထမ်းဆောင်လိုပါက ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း မောင်တောမြို့နယ် နယ်ခြားစောင့် ရဲကွပ်ကဲရေးမှူး ရဲမှူးချုပ် သူရစန်းလွင်က ပြောကြားခဲ့သည်။

မောင်တောမြို့နယ်၌ စာသင်ကျောင်းများတွင်လည်း ဆရာမများ ရာခိုင်နှုန်းများနေသောကြောင့် ဆရာမများနေရာတွင် ဆရာများ အစားထိုးနိုင်ရန်နှင့် အသက်(၃၅ နှစ်)ထိ ဘွဲ့ရသူများ ကျောင်းဆရာ လျှောက်ထားနိုင်ရန်အတွက် ခွင့်ပြုချက်တောင်းခံသွားမည်ဖြစ်ကြောင်း သိရသည်။ ထို့နောက် ရပ်မိရပ်ဖများက လိုအပ်သည်များကို တင်ပြဆွေးနွေးကြပြီး ကျေးရွာသူ ကျေးရွာသားများအား ထောက်ပံ့ပစ္စည်း ပေးအပ်ခဲ့ကြောင်း သိရသည်။
**(ခရိုင် ပြန်/ဆက်)**






**တောင်ကြီး တန်ဆောင်တိုင် မီးပုံးပျံပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် အောက်တိုဘာ ၂၉ ရက်က လွိုင်လင်လူငယ်များအဖွဲ့က ဆောင်ရွက်ပြီးစီးသည့် မီးပုံးပျံအား မှိုင်းဖြူထောင် စစ်ဆေးခြင်းကို လွိုင်လင်မြို့ မြို့လယ်ကျောင်းတိုက်၌ ပြုလုပ်ကြစဉ်**
မိုးလွင်ဦး(လွိုင်လင်)

# တက္ကသိုလ်လေ့ကျင့်ရေးတပ်များမှ စခန်းချလေ့ကျင့်မှုသင်တန်းဆင်းပွဲများကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၉**

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံး တက္ကသိုလ်လေ့ကျင့်ရေးတပ်များမှ ၂၀၁၅-၂၀၁၆ ပညာသင်နှစ် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူ ၁၄၁၁ ဦးကို အောက်တိုဘာ ၁ ရက်က စခန်းချလေ့ကျင့်ရေးသင်တန်း ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး ယနေ့နံနက်ပိုင်းတွင် သင်တန်းဆင်းပွဲများကို ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်၊ မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်း ပင်လောင်းမြို့နယ်များရှိ နယ်မြေခံလေ့ကျင့်ရေးသင်တန်းကျောင်းများ၌ ကျင်းပကြသည်။

သင်တန်းဆင်းပွဲများသို့ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် သင်တန်းနည်းပြများ၊ တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြပြီး တိုင်းမှူးများက သင်တန်းဆင်းအမှာစကားများ ပြောကြားကြသည်။

ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက သင်တန်းများအလိုက် ထူးချွန်ဆုရရှိသော သင်တန်းသား၊ သင်တန်းသူများနှင့် အောင်မြင်စွာ သင်တန်းတက်ရောက်ခဲ့သည့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား သင်တန်းဆင်းအောင်လက်မှတ်များ အသီးသီးပေးအပ်ကြသည်။
**(မြဝတီ)**

# နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် အောက်တိုဘာ ၂၉**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။
**(မြန်မာ့အလင်း)**

# ငလျင်ဒဏ်သင့် ရှေးဟောင်းဘုရားများပြုပြင်ရန် အလှူငွေပေးအပ်ပွဲနှင့် မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး မုခ်ဦးနှင့် ကမ္ပည်းစာတမ်းများဖွင့်ပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၉**

ပုဂံဒေသ ငလျင်ဒဏ်သင့် ရှေးဟောင်းဘုရားစေတီပုထိုးများနှင့် သာသနိကအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းမွမ်းမံရန်အတွက် အလှူငွေပေးအပ်ပွဲကို ယနေ့ နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန (ရန်ကုန်ရုံးခွဲ)၌ကျင်းပရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက အမှာစကားပြောကြားသည်။ **(ယာပုံ)**

ထို့နောက် အလှူရှင် ၄၂ ဦးတို့က အလှူငွေကျပ် စုစုပေါင်း ၂၂၁၄၅၆၀၀၀ (ငွေကျပ်- ၂၂၁၄ သိန်းကျော်)နှင့် အမေရိကန်ဒေါ်လာ ၃၂၀၀ တို့ကို ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများကလက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြကာ ပြည်ထောင်စုဝန်ကြီးက ကျေးဇူးတင်စကားပြောကြားသည်။

သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး အနောက်ဘက်မုခ်ဦးနှင့် ကမ္ပည်းစာတမ်းများ ဖွင့်ပွဲအခမ်းအနားများကို နံနက် ၁၁ နာရီခွဲတွင် ကမ္ဘာအေးကုန်းမြေရှိ မဟာနာယကကျောင်းတော်ကြီး၌ ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မင်းကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ ပရိသတ်က ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များက မေတ္တာသုတ်ပရိတ်တရားတော်ကို ရွတ်ပွားချီးမြှင့်တော်မူကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အလှူရှင် လေးကျွန်းသူဖောင်ဒေးရှင်းတို့က ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး အနောက်ဘက်မုခ်ဦးနှင့် ကမ္ပည်းစာတမ်းများ အသစ်မွမ်းမံပြင်ဆင်ခြင်းအတွက် အလှူရှင် လေးကျွန်းသူဖောင်ဒေးရှင်းက ငွေကျပ် ၂၀၆ သိန်းကို ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ သန်လျင် မင်းကျောင်းဆရာတော်က လှူဒါန်းမှုအစုစုအတွက် ရေစက်ချ အနုမောဒနာတရား ဟောကြားချီးမြှင့်တော်မူသည်။

ယင်းနောက် မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၏ မုခ်ဦးများတွင် ကမ္ပည်းစာတမ်းများကို ပြည်ထောင်စုဝန်ကြီး၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် အလှူရှင် လေးကျွန်းသူဖောင်ဒေးရှင်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး ကမ္ပည်းစာတမ်းကို ဆဋ္ဌသင်္ဂါယနာတင်တော်မူရာဌာနအဖြစ် ရဟန်းရှင်လူ ပြည်သူများ သိရှိနိုင်စေရန် ရည်သန်လျက် သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ကောဒသမအစည်းအဝေး၏ ဆုံးဖြတ်ချက်နှင့်အညီ "ဆဋ္ဌသင်္ဂါယနာမဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး"ဟု ပြင်ဆင်မွမ်းမံပြီး ပိုမိုခံ့ညားထည်ဝါမှုရှိစေရန်အတွက် အနောက်ဘက်မုခ်ဦးနှင့် ကမ္ပည်းစာတမ်းများကို အသစ်ထပ်မံတည်ဆောက်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**



---

## ငလျင်ဒဏ်သင့် ပုဂံဘုရားစေတီပုထိုးများ ပြုပြင်ရန် စုပေါင်းလှူဒါန်း

**ကော့သောင်း အောက်တိုဘာ ၂၉**

ငလျင်ဒဏ်ကြောင့် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ပြိုကျပျက်စီးခဲ့ရသည့် ဘုရားစေတီပုထိုးများအား ပြန်လည်မွမ်းမံပြင်ဆင်နိုင်ရေး ကော့သောင်းမြို့နယ် ရပ်ကွက်နှင့် ကျေးရွာများမှ ရဟန်းရှင်လူ ပြည်သူ လှူဒါန်းငွေများအား ကော့သောင်းမြို့ရှိ ဆရာတော်သံဃာတော်များ ဦးဆောင်မှုဖြင့် ရှေးဟောင်းသုတေသနထိန်းသိမ်းရေးအဖွဲ့သို့ အောက်တိုဘာ ၂၇ ရက်က လွှဲပြောင်းလှူဒါန်းခဲ့ကြောင်း သိရသည်။

ကော့သောင်းမြို့ပေါ်ရပ်ကွက်/ကျေးရွာများအနှံ့မှ မြို့ခံရဟန်းရှင်လူပြည်သူများ သဒ္ဓါတတ်အားသရွေ့ ပါဝင်ကုသိုလ်ပြု လှူဒါန်းရရှိသည့် အလှူငွေကျပ် ၂၈၅ သိန်းအား ရှေးဟောင်းသုတေသန ထိန်းသိမ်းရေးအဖွဲ့၊ ညောင်ဦးခရိုင် ဘဏ္ဍာငွေရှာဖွေရေး ဆပ်ကော်မတီသို့ ကော့သောင်းခရိုင်နှင့် မြို့နယ်ရဟန်းရှင်လူပြည်သူများကိုယ်စား ရွှေပြည်သာကျောင်းတိုက်ဆရာတော်က လွှဲပြောင်းပေးအပ်လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

---

# မြန်မာစာပေချစ်မြတ်နိုးသူများအသင်း နှစ်ပတ်လည်ညီလာခံကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၉

**မြန်စာပေချစ်မြတ်နိုးသူများအသင်း၏ နှစ်ပတ်လည်ညီလာခံနှင့် သင်းလုံးကျွတ်အစည်းအဝေးကို ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်ရှိ စာပေဗိမာန်ခန်းမ၌ ယနေ့ မွန်းလွဲ ၁ နာရီကကျင်းပခဲ့ရာ အစည်းအဝေးသို့ တက်ရောက်လာသော စာပေပညာရှင်ကြီးများက မျိုးဆက်သစ်စာပေဝါသနာရှင်များထံ ပြောကြားခဲ့သော ရင်တွင်းစကားသံများ . . . .**



စာရေးဆရာ မနုဿကျော်ဝင်း



ဦးအေးချို(မဟာဝိဇ္ဇာ)



ဦးဌေးမောင်



သူရဇော်



စာရေးဆရာမ ကြူကြူသင်း

**စာရေးဆရာ မနုဿကျော်ဝင်း၊ ဥက္ကဋ္ဌ (မြန်မာနိုင်ငံစာရေးဆရာအသင်း)**

ဒီကနေ့ လူငယ်တွေနဲ့ ပတ်သက်ပြီးတော့ သူတို့ရဲ့မြန်မာစာပေအပေါ် သူတို့သဘောထားလေးတွေ၊ သူတို့လုပ်ဆောင်နေတာလေးတွေ အကဲခတ်ကြည့်ရတဲ့အခါကျတော့ တချို့လည်းပဲ အစဉ်အလာရှိခဲ့တဲ့ မြန်မာစာရေးဆရာတွေရဲ့ သုတရသအပေါ် သူတို့လေးလေးစားစားနဲ့ လေ့လာကြတယ်။ ဆက်ခံကြတယ်။ အတုယူစရာတွေရှိတာ အတုယူတယ်။ ဆက်ပြီးတော့လည်း ပြန့်ပွားအောင် ဆောင်ရွက်နေကြတာ တွေ့ရသလို တချို့ကျတော့လည်း ဒါကို အထင်သိပ်မကြီးတော့ဘဲနဲ့ သူတို့ထွင်တာမျိုးတွေပေါ့။ ထွင်တယ်ဆိုတာက မြန်မာရေးထုံးမပျက်အောင် ထွင်တာမျိုးကတော့ ကောင်းတာပေါ့။ မြန်မာရေးထုံးပျက်သွားတာမျိုးဆိုရင် သူတို့က သမိုင်းရဲ့ တရားခံတွေဖြစ်ကြမှာပေါ့။ မြန်မာစာပေက ဒီနေ့ အတော်ကို ထိန်းနေရမယ့် အခြေအနေရောက်နေပြီ။ မြန်မာစာပေနဲ့ ပတ်သက်ပြီး ကကြီး ခခွေးတောင် နောက်မှ ကြံ့တဲ့လူတွေကို ရွတ်ခိုင်းကြည့်ပါလား။ အစအဆုံး မှန်မှန်ကန်ကန် ရွတ်နိုင်တဲ့လူ ဘယ်လောက်များများ ရှိသေးလဲလို့။ ဒါကိုယ့်ရဲ့ အခြေခံအကျဆုံး ဗျည်းတွေလေ။

**ဦးအေးချို(မဟာဝိဇ္ဇာ)၊ ဒုတိယဥက္ကဋ္ဌ မြန်မာစာပေချစ်မြတ်နိုးသူများအသင်း**

ဒီကနေ့ခေတ် လူငယ်စာရေးဆရာလေးတွေက ကိုယ့်အမြင်ကလေးတွေနဲ့ ကိုယ့်ခံစားချက်ကလေးတွေနဲ့ ရေးကြတဲ့အခါကျတော့ စပြီးရေးခါစကာလတွေမှာတော့ နည်းနည်းအားနည်းချက်လေး ဘာလေးရှိချင်ရှိမှာပေါ့။ တဖြည်းဖြည်း သူတို့ရဲ့ကြိုးစားမှုကြောင့် တိုးတက်လာမယ့်သဘောလည်း ရှိပါတယ်။ စာပေသမားဆိုတာက တောက်လျှောက် စာပေထဲမှာနေတဲ့ လူလည်းရှိသလို၊ တချို့ကျတော့လည်း လမ်းတစ်ဝက်ကနေ ခွာသွားတဲ့သူလည်းရှိတယ်။ တချို့ကလည်း အစကတည်းက ခွာသွားတဲ့သူလည်း ရှိတယ်။ ဘာပဲပြောပြော စာပေကို ချစ်မြတ်နိုးနေကြတယ်ဆိုရင်ပဲ စာပေတာဝန်ကျေတယ်လို့ပဲ ပြောရမှာပါ။ လူငယ်တွေကို ပြောချင်တာက စာဖတ်ပါပဲ။ အများဆုံးပြောနေကြတာ စာဖတ်ပါပဲ။ စာဖတ်မှပဲ တိုးတက်မှာပါ။ ဓား ထက်အောင်ဆို သွေးရတာပဲ။ စာသမား ထက်အောင်ဆိုရင် စာဖတ်ရမှာပါပဲ။

**ဦးဌေးမောင် (စာပေပညာရှင်)**

ဆရာတို့အနေနဲ့ မြန်မာစာပေကို အလေးအနက် သိစေချင်တယ်။ ယနေ့ လူငယ်တွေ သိအောင်၊ တတ်အောင် ဖတ်ပါ၊ မှတ်ပါ၊ လေ့လာပါ။ ဆောင်းပါး ဝတ္ထုတို၊ ဝတ္ထုရှည်တွေကိုလည်း လစဉ်ထုတ် မြဝတီမဂ္ဂဇင်းတွေမှာ ရေးသားပေးနေပါတယ်။ လုံးချင်းစာအုပ်တွေလည်း ထွက်ရှိနေတာပါပဲ။ ဒါပေမယ့် စာမဖတ်ကြဘူး။ စာမဖတ်တော့ ဝါကျအထားအသိုထားရှိမှု ခက်ခဲနေတာကို တွေ့ရတယ်။ ဆရာတို့အနေနဲ့ စာအုပ်တစ်အုပ်ဖြစ်ဖို့ ဝတ္ထုစာအုပ် လေးငါးခြောက်အုပ်ဖတ်မှ ရေးလို့ရပါတယ်။ ဒီနေ့လူငယ်တွေ ရှေ့ဆက်သွားမယ့်ခရီးကို မြင့်မြတ်တဲ့ နှလုံးသားနဲ့ မှန်မှန်ကန်ကန် ရည်ရွယ်ချက် ရှိဖို့လိုပါတယ်။ ခေတ်လူငယ်တွေ ကလောင်သစ်တွေ မြန်မာစာပေအရေးအသား အတွေးအခေါ်မရင့်ကျက်ကြသေးပါဘူး။ စာပေအရေးအသား မှားယွင်းမှုများလေလေ ရင်လေးလေပါပဲ။ အဲဒီတော့ ဖတ်ပါ၊ မှတ်ပါ ပြင်စေချင်ပါတယ်လို့။

**သူရဇော် (ကဗျာဆရာ၊ စာရေးဆရာ၊ အယ်ဒီတာ)**

စာပေဖတ်တယ်။ အထူးသဖြင့် စာရေးတဲ့အခါကျတော့ ခပ်လွယ်လွယ်နဲ့ မရဘူးလေ။ စကားပြေလည်း စကားပြေအလျောက် လေ့လာရမှာပဲ။ ကဗျာဆိုရင် ပိုဆိုးတာပေါ့။ ကဗျာရေးနည်းရှိတယ်။ ကဗျာစည်းကမ်းတွေရှိတယ်။ ခေတ်ပေါ်ကဗျာဆိုတာလည်း သူ့မှာ တစ်ခုထူးခြားချက်ရှိတယ်။ စာလုံးနည်းနည်းနဲ့ ဖတ်သူကို ခံစားခွင့်ပေးတယ်။ ဖတ်သူကို အသိဉာဏ်တစ်ခုပေးတာရှိတယ်။ ရေးတဲ့နေရာမှာ ထိရောက်အောင် လေ့လာဖို့လိုအပ်ပါတယ်။ ကဗျာရေးချင်လည်း ကဗျာ လေ့လာရပါမယ်။ အဲဒါလေးတွေတော့ လူငယ်စာရေးဆရာလေးတွေ လေ့လာစေချင်တယ်။ ကျွန်တော်တို့ဆိုရင် မရေးခင် အများကြီးလေ့လာပြီး လုပ်ခဲ့ရတာပါ။ ကိုယ်ရေးချင်တဲ့ ကဗျာဖြစ်စေ၊ ဆောင်းပါးဖြစ်စေ ရေးပြီးတော့ အဲဒါလေးကို တိုတိုတုတ်တုတ်နဲ့ နားလည်အောင်၊ ဖတ်သူလည်း ခံစားနိုင်အောင် ရေးဖို့လည်း လိုအပ်ပါတယ်။ လူငယ်တွေ စာပေလိုက်စားမှုကတော့ တော်တော်အားနည်းနေပါတယ်။ လိုချင်တာကို ခလုတ်နှိပ်ရင် ပေါ်လာတဲ့ခေတ်၊ ကိုယ့်လက်ဝါးထဲမှာ ကမ္ဘာကြီးကို တင်ကြည့်လို့ရတဲ့ခေတ်မှာ ကိုယ်လိုချင်တဲ့ သတင်းလေးတွေကို အကောင်းဆုံး နှိုက်ထုတ်ပြီးတော့ တိုင်းပြည်အတွက် တင်ပြနိုင်ရင် အကျိုးရှိပါတယ်။

**စာရေးဆရာမ ကြူကြူသင်း**

ဒီကနေ့ထွန်းကားလာတဲ့ မြန်မာစာပေအသိုင်းအဝိုင်းထဲမှာ လူငယ်စာရေးဆရာတွေက ကျွန်မအမြင်အရပြောရရင် အလွန်တွေးတတ်ပြီး ရေးတတ်ပါတယ်။ အတွေးအခေါ်တွေလည်း ထက်မြက်ပြီးတော့ ရဲရဲဝံ့ဝံ့ရေးတတ်တဲ့ အလားအလာလေးတွေ ကျွန်မတွေ့ရပါတယ်။ ကျွန်မတို့ထက်စာရင် အများကြီးထက်မြက်သွားပြီပေါ့လေ။ ပွင့်လင်းစွာလည်း ရေးတတ်ကြတယ်ဆိုတော့ အားရပါတယ်။ အထူးသဖြင့်ကတော့ သူတို့အတွေးတွေ ထက်မြက်တာ၊ ရည်ရွယ်ချက်တွေ ကောင်းတာ ကျွန်မလက်ခံပါတယ်။ တစ်ခုကတော့ မြန်မာစာပေနဲ့ ပတ်သက်လို့ အသုံးအနှုန်းလေးတွေ၊ ဝေါဟာရလေးတွေတော့ ဂရုစိုက်စေချင်တာပေါ့။ စာနဲ့ စကားပြောတာနဲ့ မကွဲပြားတာလေးတွေ အဲဒါလေးတွေတော့ တချို့တလေမှာ အားနည်းချက်ကလေးတွေ ကျွန်မတွေ့တယ်။ အဲဒါလေးတွေ ဆင်ခြင်ရင်တော့ ရာခိုင်နှုန်းပြည့်ကောင်းမွန်တဲ့ စာပေတွေ ဖြစ်သွားမှာပါ။

**သတင်းနှင့် ဓာတ်ပုံ မျိုးမင်းသိန်း၊ ထင်ပေါ်ဝင်း**

# မောင်တော ပဋိပက္ခ ဘာလဲ၊ ဘယ်လဲ

**မောင်သစ္စာ**

နိုဝင်ဘာ ၉ ရက် နံနက်လင်းအားကြီးအချိန်က လူ ၉၀ ခန့်ရှိသည့် လူအုပ်ကြီးက မောင်တောမြို့နယ် ကျီးကန်းပြင်ရှိ ရဲတပ်ရင်းဌာနချုပ်နှင့် ငါးခူရနယ်မြေရဲကင်းများကို ဝင်ရောက်စီးနင်းတိုက်ခိုက်ခဲ့ရာ ရဲတပ်ဖွဲ့ဝင်ကိုးဦး ကျဆုံးခဲ့ပြီး အများအပြား ဒဏ်ရာရရှိခဲ့သည်။ ထို့အပြင် လက်နက်မျိုးစုံ အလက် ၅၀ ကျော်နှင့် အရေအတွက် ထောင်ဂဏန်းမျှရှိသော ကျည်ဆန်များကိုလည်း လုယူသွားခဲ့သည်။ အဆိုပါဖြစ်စဉ်ကြောင့် နယ်မြေရှင်းလင်းရေး ဆက်လက်ပြုလုပ်စဉ် တပ်မတော်သား ငါးဦးလည်း ကျဆုံးခဲ့ရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတရုံးကထုတ်ပြန်သော ထုတ်ပြန်ချက်ထဲတွင် ပြည်ပမှ ငွေကြေးထောက်ပံ့မှု၊ ပြည်ပအဖွဲ့အစည်းများ၏ ကူညီပံ့ပိုးမှုများဖြင့် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်ခြင်းဖြစ်ကြောင်း၊ အဓိကအားဖြင့် ရိုဟင်ဂျာစည်းလုံးညီညွတ်ရေးအဖွဲ့(RSO)နှင့် ဆက်နွယ်သော အကာလ်မူလ် မူဂျာဟီဒင်န်(Aqu Mul Mujahidin)က မောင်တောဒေသတွင် အခြေစိုက်ကာ အဖွဲ့ခေါင်းဆောင် ဟာဗစ်တူဟာရ်(Havistoohar)က ဦးဆောင်စီစဉ်သည်ဟု ထုတ်ပြန်ထားသည်။

**ဖြစ်စဉ်နောက်ကွယ်မှ ပါဝင်ပတ်သက်သူများ**

ဟာဗစ်တူဟာရ်ဆိုသူ၏ အမည်မှန်မှာ Hafiz Tohar ဖြစ်ပြီး အသက် ၄၅ နှစ်ခန့်ရှိကာ မောင်တောမြို့နယ် ကျောက်ပြင်ဆိပ်ကျေးရွာဇာတိဖြစ်သည်။ ဟာဗစ်တူဟာရ်သည် ဘင်္ဂါလီနွယ်ဖွား ပါကစ္စတန်နိုင်ငံသား အဘ်ဒုကွာဒိုဘာမီ (Abdu Qadoos Burmi) (ခါလစ်ဟုလည်းခေါ်သည်) ဦးဆောင်သော Harkat Ul-Jihad Islami-Arakaan (HUJI-A) ဆိုသည့်အဖွဲ့နှင့် ချိတ်ဆက်မိပြီး ပါကစ္စတန်နိုင်ငံတွင် ခြောက်လမျှ စစ်ပညာသင်ကြားခဲ့သည်ဟုဆိုသည်။ ထို့နောက် မောင်တောသို့ပြန်လာပြီး တပ်ဖွဲ့ဝင် ၄၀၀ မျှ စုဆောင်းမိခဲ့သည်။ ဟာဗစ်တူဟာရ်မှာ ရခိုင်-ဘင်္ဂလားဒေ့ရှ်နယ်စပ်ကို အကြိမ်ကြိမ်ဖြတ်ကျော်ပြီး အရှေ့အလယ်အပိုင်းအဖွဲ့အစည်းများမှ ငွေကြေးအကူအညီများ ရယူခဲ့သလို ခါလစ်ကိုယ်တိုင် ရခိုင်ပြည်နယ်မြောက်ပိုင်းသို့ရောက်လာပြီး ဒေသခံများအား စစ်ပညာများ သင်ကြားပေးခဲ့သည်။ ခါလစ်မှာ ၁၉၈၀ ပြည့်လွန်နှစ်များက ပါကစ္စတန်သို့ ထွက်ပြေးသွားခဲ့သည့် ဘင်္ဂါလီနွယ်ဖွားဖြစ်ပြီး ၁၉၈၈ ခုနှစ်တွင် HUJI-A ကို စတင်တည်ထောင်ခဲ့သည်။

HUJI-A မှာ ပါကစ္စတန် အကြမ်းဖက်အဖွဲ့အစည်းဖြစ်သည့် Lashkar-e-Tayyaba (LeT)အဖွဲ့နှင့် ဆက်စပ်မှုရှိနေပြီး ပါကစ္စတန်နိုင်ငံ ကရာချိမြို့တွင်ကျင်းပသည့် ရိုဟင်ဂျာမူဆလင်များနှင့် သွေးစည်းညီညွတ်ရေး ညီလာခံအခမ်းအနားတစ်ခုတွင် ခါလစ်ကို LeT အဖွဲ့ခေါင်းဆောင် ဟာဖစ်ဆာရိဒ်(Hafiz Sayeed)နှင့် အတူ စင်မြင့်ထက်တွင် မိန့်ခွန်းပြောနေသည်ကို တွေ့ရဖူးသည်။ LeT ၏ အဓိပ္ပာယ်မှာ Army of God ဟု အဓိပ္ပာယ်ရပြီး ပါကစ္စတန်တွင်အခြေစိုက်သည့် အကြီးမားဆုံးနှင့် အတက်ကြွဆုံး အကြမ်းဖက်အဖွဲ့အစည်းတစ်ခု ဖြစ်သည်။ ပါကစ္စတန်ပိုင် ကက်ရှမီးယားတွင် အခြေစိုက်စခန်းများရှိပြီး အိန္ဒိယပိုင် ကက်ရှမီးယားရှိ အရပ်ဘက်ပစ်မှတ်များကို တိုက်ခိုက်လေ့ရှိသည့် အဖွဲ့အစည်းတစ်ခုဖြစ်သည်။ ထို့အပြင် ၂၀၀၁ အိန္ဒိယပါလီမန် တိုက်ခိုက်မှုနှင့် ၂၀၀၈ မွမ်ဘိုင်းတိုက်ခိုက်မှုများ၏ နောက်ကွယ်တွင်ရှိသည့် အဖွဲ့တစ်ခုဖြစ်သည်ဟု သံသယရှိနေသောအဖွဲ့လည်းဖြစ်သည်။

ခါလစ်မှာ ရခိုင်ဒေသမှဘင်္ဂါလီများကိုစုဆောင်းကာ ပါကစ္စတန်တွင် သင်တန်းပေးပြီးနောက် ဘင်္ဂလားဒေ့ရှ်သို့ပြန်လွှတ်ကာ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်တွင် သင်တန်းများထပ်မံပေးကာ တိုက်ခိုက်ရေးအစီအစဉ်များ ရေးဆွဲခဲ့သည်ဟု ယူဆရသည်။ ထိုသို့ သင်တန်းများပေးရာတွင် LeT တပ်ဖွဲ့ဝင်များမှာ အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့ပြီး အိန္ဒိယထောက်လှမ်းရေး အစီရင်ခံစာများအရ ရခိုင်မြောက်ပိုင်းရှိ ဒုက္ခသည်စခန်းများတွင် LeT တပ်ဖွဲ့ဝင်များ ဝင်ရောက်နေထိုင်လျက်ရှိသည်ဟု သိရှိရသည်။ ထိုသို့ ဝင်ရောက်နေထိုင်နိုင်ရန် အဓိကအကူအညီပေးနေသည့်အဖွဲ့အစည်းနှစ်ရပ်မှာ LeT အဖွဲ့မှ လူမှုကူညီရေးအသင်းအဖွဲ့အဖြစ် ယောင်ပြဖွဲ့စည်းထားသည့် Jamaat-ud-Dawa(JUD) နှင့် Fala-I- Insaniyat Foundation (FIF) တို့ ဖြစ်ကြသည်။ အဆိုပါ အဖွဲ့နှစ်ဖွဲ့စလုံးမှာ အမေရိကန်အစိုးရက အကြမ်းဖက်အဖွဲ့အစည်းများအဖြစ် အမည်စာရင်း ထည့်သွင်းထားခြင်းခံရသည့် အဖွဲ့များလည်း ဖြစ်ကြသည်။

အဆိုပါအဖွဲ့များအပြင် Harakah-al-Yaqin(HAY) ဆိုသည့်အဖွဲ့သစ်တစ်ခုလည်း ပေါ်ပေါက်လာခဲ့သည်။ အဆိုပါအဖွဲ့သည် ဘင်္ဂလားဒေ့ရှ်တောင်ပိုင်းတွင် အခြေစိုက်ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံသားများကို တရားမဝင် နယ်စပ်ဖြတ်ကျော်ကာ ပဋိပက္ခများဖန်တီးရန် ဖွဲ့စည်းထားခြင်းဖြစ်သည်။ ရခိုင်ပြည်နယ်ဘက်ခြမ်းတွင် ဟာဗစ်တူဟာရ် ဦးဆောင်သော အကာလ်မူလ် မူဂျာဟီဒင်န်(Aqu Mul Mujahidin)အဖွဲ့က လှုပ်ရှားပြီး ဘင်္ဂလားဒေ့ရှ်ဘက်ခြမ်းတွင် HAY က တာဝန်ယူကာ ဟန်ချက်ညီညီ လှုပ်ရှားခဲ့ကြသည်။

သို့သော်....

ထိုသို့ နိုင်ငံတကာအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များ ပူးပေါင်းပါဝင်ပတ်သက်ပြီး ကြံစည်အားထုတ်ခဲ့ကြသော်လည်း တုတ်၊ ဓားများသာ ကိုင်ဆောင်ပြီး လုံခြုံရေးစခန်းသုံးခုကို လူအင်အားဖြင့် ဝင်ရောက်စီးနင်းမှုအပေါ် နိုင်ငံတကာမီဒီယာများက မေးခွန်းထုတ်လျက်ရှိသည်။ အနောက်တိုင်းမီဒီယာများနှင့် ရိုဟင်ဂျာအရေးထောက်ခံသူများ အဆိုအရ ဆင်းရဲနိမ့်ကျနေသော ဒေသခံမူဆလင်များက အခြေအနေအပေါ် သည်းညည်းမခံနိုင်တော့၍ ရရာလက်နက်စွဲကိုင်ကာ ပုန်ကန်သည့်သဘောပြောဆိုနေကြသည့် သဘောကိုလည်းတွေ့ရသည်။

အဖြစ်မှန်မှာ ဘင်္ဂလားဒေ့ရှ်တွင် Sheikh Hasina ဦးဆောင်သည့် အစိုးရတက်လာပြီးသည့်နောက် အစွန်းရောက် အကြမ်းဖက်အဖွဲ့အစည်းများကို ပြတ်ပြတ်သားသား နှိမ်နင်းနိုင်ခဲ့သည်။ ပါကစ္စတန်အခြေစိုက် အကြမ်းဖက်အုပ်စုများသည် ငွေအား၊ လူအား၊ လက်နက်အားဖြင့် ဘင်္ဂလားဒေ့ရှ်အရှေ့ဘက်ဒေသတွင် အခြေစိုက်စခန်းများရပ်တည်နိုင်ရန် ကြိမ်ဖန်များစွာ ကြိုးပမ်းခဲ့သော်လည်း ဖြိုခွဲခံခဲ့ရသည်။ ထို့ကြောင့် အစွန်းရောက် အကြမ်းဖက်အုပ်စုများ၏ အကြံအစည်များမှာ အောင်မြင်မှုမရခဲ့ခြင်းဖြစ်သည်။

မောင်တောဖြစ်စဉ်တွင် ဒေသတွင်းရှိ မူဆလင်အသိုင်းအဝိုင်းအတွင်း ဝင်ရောက်စည်းရုံးကာ ဒေသတွင်း ရရာလက်နက်များဖြင့် အလစ်အငိုက် ဝင်ရောက်တိုက်ခိုက်ခြင်းသာဖြစ် သည်။ ဒေသတွင်းရှိ လုံခြုံရေးတပ်ဖွဲ့များ၏ ပေါ့လျော့မှု၊ သတင်းအချက်အလက်မရရှိမှုအပေါ် အသုံးချ တိုက်ခိုက်သွားခြင်းသာဖြစ်သည်။ ထို့ကြောင့် ရဲတပ်ဖွဲ့ဝင်များနှင့် တပ်မတော်သားအချို့သေကျေဒဏ်ရာရမှုရှိခဲ့သော်လည်း အခြေအနေကို ရက်ပိုင်းအတွင်း ပြန်လည်ထိန်းချုပ်နိုင်ခဲ့ခြင်းဖြစ်သည်။ အကယ်၍သာ ဆိုခဲ့ပါအတိုင်း အစွန်းရောက် အကြမ်းဖက်အုပ်စုက မူလစီစဉ်ထားသည့်အတိုင်း လူသူ၊ လက်နက်အင်အား တောင့်တင်းစွာဖြင့် ဝင်ရောက်တိုက်ခိုက်မည်ဆိုပါက မောင်တောဒေသမှာ စစ်တလင်းဖြစ်မည်မှာ မလွဲပေ။

**နိဂုံးချုပ် သုံးသပ်ချက်**

၂၀၀၈ ခုနှစ်ကစတင်၍ ပေါ်ပေါက်လာခဲ့သည့် လှေစီးဒုက္ခသည်များကိစ္စနှင့်ပတ်သက်၍ မြန်မာနိုင်ငံ အနောက်ဘက်ခြမ်းဒေသမှ မူဆလင်များသည် ဒေသတွင်း အစွန်းရောက် အကြမ်းဖက်အုပ်စုများဖြစ်သည့် ဖိလစ်ပိုင်နိုင်ငံအခြေစိုက် Abu Sayyaf နှင့် အင်ဒိုနီးရှားအခြေစိုက် Jemaah Islamiyah အုပ်စုတို့ ပါဝင်ပတ်သက်မှုရှိနိုင်သည်ကို ဒေသတွင်း လုံခြုံရေးကျွမ်းကျင်သူများက ထောက်ပြကြသည်။ ၂၀၁၅ ခုနှစ်တွင် ပါကစ္စတန် တာလီဘန်တို့နှင့် ဆိုမာလီ အယ်ရှာဘတ်အဖွဲ့တို့က အရှေ့တောင်အာရှမှ မူဆလင်ညီအစ်ကိုများအနေဖြင့် ရိုဟင်ဂျာဒုက္ခသည်တို့အရေးကို ဝင်ရောက်ကူညီရန် လှုံ့ဆော်ပေးခဲ့ကြဖူးသည်။ နိုင်ငံတကာ ဂျီဟတ်တိုက်ခိုက်ရေးသမားများအနေဖြင့်လည်း ရခိုင်ဒေသမြောက်ပိုင်းမှ မူဆလင်တို့အရေးတွင် ဝင်ရောက်ပါဝင်နိုင်ရန် အခွင့်အရေးရှာလျက်ရှိသည်ကို ထောက်လှမ်းရေးသတင်းများအရ သိရှိရသည်။

ထို့ကြောင့် မြန်မာအစိုးရအနေဖြင့် ဘူးသီးတောင် မောင်တော ဒေသအရေးကို သတိထားကိုင်တွယ်နိုင်ရန် လိုအပ်သည်။ နိုင်ငံတကာ အကြမ်းဖက်အုပ်စုများက ရခိုင်ပြည်နယ်(မြောက်ပိုင်း)၏ ဆင်းရဲနိမ့်ကျမှု ရေခံမြေခံကို အသုံးချနိုင်ရန် စောင့်ဆိုင်းလျက်ရှိနေစဉ် အချို့နိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ လူ့အခွင့်အရေး လှုပ်ရှားသူများကလည်း ရခိုင်မြောက်ပိုင်းနေ ဘင်္ဂါလီများကို လူမျိုးတစ်မျိုး (ရိုဟင်ဂျာ) အဖြစ်လက်ခံရန် ဖိအားပေးလျက်ရှိကြသည်။ မြန်မာအစိုးရအနေဖြင့် ရခိုင်ပြည်နယ်မြောက်ပိုင်း အပါအဝင် ရခိုင်ပြည်နယ်တစ်ခုလုံး ဖွံ့ဖြိုးနိုင်ရေးအတွက် ဦးစားပေးလုပ်ဆောင်ရန်လိုသကဲ့သို့ ရခိုင်ပြည်နယ်(မြောက်ပိုင်း)သို့ တံခါးမရှိ၊ ဓားမရှိ ဝင်ထွက်သွားလာနေသည့် တရား မဝင် ခိုးဝင်မှုများကို တားဆီးရန်၊ နိုင်ငံသား စိစစ်ရေးလုပ်ငန်း စဉ်များကိုလည်း ပြတ်ပြတ်သားသား ရဲရဲတင်းတင်းလုပ်ဆောင် ရန် လိုအပ်သည်။ ထို့ထက်ပို၍ အရေးကြီးသည်မှာ မြန်မာ နိုင်ငံသားများအားလုံး စည်းလုံးညီညွတ်စွာဖြင့် အကြမ်းဖက်အန္တရာယ်ကို ပြတ်ပြတ်သားသား ဆန့်ကျင်ကြရန် လိုအပ်လျက်ရှိသည်။ ။

**ဒေသတွင်းရှိ လုံခြုံရေးတပ်ဖွဲ့များ၏ ပေါ့လျော့မှု၊ သတင်းအချက်အလက်မရရှိမှုအပေါ် အသုံးချ တိုက်ခိုက်သွားခြင်းသာဖြစ်သည်။ ထို့ကြောင့် ရဲတပ်ဖွဲ့ဝင်များနှင့် တပ်မတော်သား အချို့သေကျေဒဏ်ရာရမှုရှိခဲ့သော်လည်း အခြေအနေကို ရက်ပိုင်းအတွင်း ပြန်လည် ထိန်းချုပ်နိုင်ခဲ့ခြင်းဖြစ်သည်။ အကယ်၍သာ ဆိုခဲ့ပါအတိုင်း အစွန်းရောက် အကြမ်းဖက် အုပ်စုက မူလစီစဉ်ထားသည့်အတိုင်း လူသူ၊ လက်နက်အင်အား တောင့်တင်းစွာဖြင့် ဝင်ရောက်တိုက်ခိုက်မည်ဆိုပါက မောင်တောဒေသမှာ စစ်တလင်းဖြစ်မည်မှာ မလွဲပေ။**

## ကျောက်စိမ်းလုပ်ကွက် လုပ်ငန်းရှင်များစုပေါင်း၍ မော်ဟန်တံတားကြံ့ခိုင်ရေးနှင့် လေးတန်ချောင်း ရေစီးရေလာကောင်းမွန်ရန် ဆောင်ရွက်

**မိုးညှင်း အောက်တိုဘာ ၂၉**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် မော်ဟန်ကျေးရွာ နန့်မချီကျောက်စိမ်းလုပ်ကွက်မှ ကုမ္ပဏီလုပ်ငန်းရှင်များ စုပေါင်း၍ မော်ဟန်တံတားကြံ့ခိုင်ရေးနှင့် လေးတန်ချောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ပြုပြင်မှုများကို အောက်တိုဘာ ၂၆ ရက်မှ စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အရှည်ပေ ၁၈၀၊ အကျယ် ၁၈ ပေရှိသော မော်ဟန်ချောင်းကူး အာရ်စီကွန်ကရစ်တံတား ရေရှည်ကြံ့ခိုင်မှုရှိစေရန်နှင့် လေးတန်ချောင်း ရေစီးရေလာကောင်းမွန်ရန်အတွက် နန့်မချီကျောက်စိမ်းလုပ်ကွက်မှ ကုမ္ပဏီလုပ်ငန်းရှင်များနှင့် မော်ဟန်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဆန်းဝင်းနှင့် ရပ်မိရပ်ဖများ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။



မော်ဟန်ချောင်းသည် နန့်မချီကျောက်စိမ်းမှော်ဒေသ ဆင်ခေါင်းတောင်ခြေမှမြစ်ဖျားခံကာ စီးဆင်းလာသော တောင်ကျချောင်းဖြစ်ပြီး လေးတန်ချောင်းအတွင်းသို့စီးဝင်သဖြင့် ရေကြီးရေလျှံမှုများ နှစ်စဉ်ကြုံတွေ့ရကြောင်း၊ ရေကြီးရေလျှံမှုကြောင့် ချောင်းကမ်းပါးတာရိုး ကျိုးပေါက်ခြင်းများ မဖြစ်ပွားစေရန် ကျောက်စိမ်းတူးဖော်ရေးကုမ္ပဏီအဖွဲ့က ဘက်ဟိုးယန္တရား ငါးစီးဖြင့် ချောင်းကမ်းပါးအရှည် ပေ ၂၀၀၀ ခန့်မှ ရေစီးရေဝင်နိုင်သော တာရိုးသုံးနေရာနှင့် ချောင်းရိုးတစ်လျှောက် ရေလမ်းများကို ဖောက်လုပ်ပြုပြင်ခြင်းဖြစ်ကြောင်းနှင့် မော်ဟန်ရွာရှိ လေးတန်ချောင်း အာရ်စီကွန်ကရစ်တံတား၏ ရေထိန်းနံရံများကိုလည်း ပြုပြင်လျက်ရှိကြောင်း သိရသည် ။

**နီတိုး**

## ကျိုက်ထိုမြို့မှ ပျောက်ဆုံးနဝမတန်း ကျောင်းသူသုံးဦးကို ရဲတပ်ဖွဲ့က ပြန်ရှာ၍ မိဘများထံအပ်နှံပေး

**ကျိုက်ထို အောက်တိုဘာ ၂၉**

ကျိုက်ထိုမြို့နယ်၌ ကျောင်းသွားရန် နေအိမ်မှထွက်သွားပြီး အိမ်ပြန်မလာဘဲ ပျောက်ဆုံးခဲ့သည့် နဝမတန်းကျောင်းသူသုံးဦးကို ကျိုက်ထိုမြို့နယ်ရဲတပ်ဖွဲ့နှင့် မြို့မစခန်းမှ တပ်ဖွဲ့ဝင်များက ပြန်လည်ရှာဖွေ၍ မိဘများထံ အပ်နှံနိုင်ခဲ့ကြောင်း ကျိုက်ထိုမြို့မရဲစခန်းမှ သိရသည်။

ကျိုက်ထိုမြို့အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ နဝမတန်းကျောင်းသူသုံးဦးသည် အောက်တိုဘာ ၂၆ ရက် ညနေပိုင်းက နေအိမ်များသို့ ပြန်မလာသဖြင့် ကျောင်းသူတစ်ဦး၏မိခင်က လိုက်လံစုံစမ်းရာ အဆိုပါ ကျောင်းသူသုံးဦးမှာ နေ့ခင်းပိုင်းကတည်းက ကျောင်းတက်ခြင်းမရှိကြောင်းသိရှိရသဖြင့် ဆက်လက်ရှာဖွေရာ အိမ်နီးချင်းတစ်ဦး၏ သတင်းပေးချက်အရ တစ်ရွာတည်းနေ မိကေ(၁၆ နှစ်)ဆိုသူက ခေါ်ဆောင်သွားကြောင်း သိရှိရသဖြင့် ကျိုက်ထိုမြို့မရဲစခန်း၌ အောက်တိုဘာ ၂၇ ရက်က အမှုဖွင့်တိုင်ကြားခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ကျိုက်ထိုမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်သိန်းဦး၏ လမ်းညွှန်မှုဖြင့် မြို့မရဲစခန်းမှူး ဒုရဲမှူးသံမရောင်နှင့် တပ်ဖွဲ့ဝင်များက ပျောက်ဆုံးကျောင်းသူများနှင့် ခေါ်ဆောင်သွားသူကို အချိန်နှင့်တစ်ပြေးညီ ပြန်လည်တွေ့ရှိရန် ဆောင်ရွက်ခဲ့ရာ ပျောက်ဆုံးကျောင်းသူများ စီးနင်းလိုက်ပါလာသည့်ယာဉ်ကို စုံစမ်းသိရှိခဲ့ပြီး အောက်တိုဘာ ၂၇ ရက်တွင်ပင် ကျိုက်ထိုမြို့နယ် ဘိုက္ကားကျေးရွာ၌ ကျောင်းသူများကို ပြန်လည်တွေ့ရှိ ခေါ်ဆောင်လာနိုင်ခဲ့ကာ ကျောင်းသူသုံးဦးအား အတန်းပိုင်ဆရာမများနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ၏ရှေ့တွင် မိခင်များထံ ပြန်လည်အပ်နှံနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ ကျောင်းသူသုံးဦးအား သွေးဆောင်ခေါ်ယူသွားသူ မကေ ခိုင်စိုး(ခ)မိကေ(၁၆)နှစ်အား အမှုဖွင့်လုစ်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ဝင်းမောင်(ကျိုက်ထို)**

*❊ကျောဖုံးမှ*

ထိုသို့ ပြန်လည်ရောက်ရှိလာသူများ အနက် ရန်ကုန်တိုင်းဒေသကြီးမှ အိမ်ထောင်စုလေးစု၊ လူဦးရေ ၁၇ ဦး အတွက် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ အိမ်ထောင်စုတစ်စုလျှင် ငွေကျပ်သုံးသိန်းနှင့် စားစရိတ်၊ ကားခများထောက်ပံ့၍ ပြန်လည်ခေါ်ဆောင်ခဲ့ပြီး ခေတ္တနေထိုင်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

"မြဝတီမြို့ကနေ ရန်ကုန်ကို ပြန်ရောက်ရှိဖို့အတွက် ကုန်ကျစရိတ်အပြင် ငွေကြေးထောက်ပံ့မှုတွေလုပ်ပေးခဲ့ပါတယ်။ လတ်တလောနေထိုင်မှု အဆင်ပြေဖို့အတွက် နေရာနဲ့စားသောက်စရိတ်ကိုလည်း စီစဉ်ပေးထားပါတယ်" ဟု ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ရန်ကုန်တိုင်းဦးစီးမှူးရုံးမှ တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဝင်းရွှေက ပြောကြားသည်။

ထို့အပြင် အောက်တိုဘာ ၂၈ ရက်က ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဦးစီးမှူးရုံး၌ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်က ပြန်လည်ရောက်ရှိလာသည့် အိမ်ထောင်စုလေးစုအကို တွေ့ဆုံအားပေးစကားပြောကြားပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့က ထောက်ပံ့သောကယ်ဆယ်ရေးပစ္စည်းများ၊ တစ်ဦးချင်းအတွက် SCG relief bag များနှင့် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ်နှစ်သိန်းစီကို ပေးအပ်ခဲ့သည့်အပြင် အိမ်ရာနေရာချထားရေးအတွက် အိမ်ခန်းရောင်းချပေးမည့် အခြေအနေနှင့် အရစ်ကျပေးသွင်းသွားရမည့် ကိစ္စရပ်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

"ဒုက္ခသည်စခန်းမှာ ၁၀ နှစ်ကြာခဲ့ပါတယ်။ အစိုးရသစ်လက်ထက်မှာ ကိုယ့်နိုင်ငံကိုယ် ပြန်လာချင်ရင်လာလို့ရပြီဆိုလို့ ပြန်လာတာပါ။ မြဝတီရောက်တော့ အားလုံးအဆင်ပြေတယ်။ ရန်ကုန်ရောက်တော့လည်း သက်ဆိုင်ရာက အားလုံးစီစဉ်ပေးလို့ အဆင်ပြေပါတယ်။ ကိုယ့်နိုင်ငံကိုယ် ပြန်ရောက်တဲ့အချိန်မှာ အခုလိုစီစဉ်ပေးတဲ့အတွက် အလွန်ဝမ်းသာပါတယ်"ဟု ပြန်လည်ရောက်ရှိလာသူ ဒေါ်အေးအေးစန်းက ပြောသည်။

ထိုင်း-မြန်မာနယ်စပ်ရှိ ဒုက္ခသည်စခန်းများမှ မြန်မာနိုင်ငံသား ၁၉၆ ဦးကို ပြန်လည်ခေါ်ယူနိုင်ရေးအတွက် နိုင်ငံခြားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆောင်သည့်အဖွဲ့က ထိုင်းနိုင်ငံသို့ သွားရောက်ညှိနှိုင်းစိစစ်ခဲ့ပြီး မြန်မာနိုင်ငံသား ၁၉၆ ဦးကို ပြန်လည်ခေါ်ယူရန် စီစဉ်ထားသော်လည်း ဒုက္ခသည်စခန်းရှိ မြန်မာနိုင်ငံသားများ၏ သဘောဆန္ဒအလျောက် ယခုအကြိမ်တွင် ၆၆ ဦး ပြန်လည်ရောက်ရှိလာခြင်းဖြစ်ကြောင်း သိရသည်။

**ဇော်ကြီး(ပဏီတ)**

# မြန်နှုန်းမြင့် 4G အင်တာနက်လိုင်းများ အသုံးပြုနိုင်

**ရန်ကုန် အောက်တိုဘာ ၂၉**

ပြည်သူများ မြန်နှုန်းမြင့်အင်တာနက်လိုင်းများအသုံးပြုနိုင်ရေး ဝန်ဆောင်မှုပေးရန်နှင့် အခွန်အခများပိုမိုရရှိစေရန် 4G နည်းပညာသုံးနိုင်သော 2600 MHz ရေဒီယိုလှိုင်းနှုန်းစဉ်များကို ပြည်တွင်း၌ ဆောင်ရွက်နိုင်ရန် ခွင့်ပြုပေးလိုက်ပြီဖြစ်သည်။

အင်တာနက်ကွန်ရက်ကို အမှန်တကယ် တည်ဆောက်နိုင်သော ဆက်သွယ်ရေးလိုင်စင်ရကုမ္ပဏီများအား လေလံဝင်ရောက်ယှဉ်ပြိုင်ရန် ဆက်သွယ်ရေးဦးစီးဌာနက ဖိတ်ခေါ်ခဲ့ပြီးနောက် ကနေဒါနိုင်ငံမှ နိုင်ငံတကာအတွေ့အကြုံရှိသည့် Nordicity အကြံပေးအဖွဲ့နှင့် မြန်မာနိုင်ငံ၌ ရုံးခွဲဖွင့်လှစ်ထားသည့် နိုင်ငံတကာဆိုင်ရာ ဥပဒေအကြံပေးအဖွဲ့အစည်းဖြစ်သည့် DFDL တို့က လေလံပွဲကို စနစ်တကျဝိုင်းဝန်းစောင့်ကြည့်စိစစ်ပေးခဲ့ခြင်းဖြစ်သည်။

မြန်နှုန်းမြင့် အင်တာနက်လိုင်းများ အသုံးပြုရာတွင် ပြည်သူများအား ထိရောက်သော ဝန်ဆောင်မှုပေးနိုင်ရန်နှင့် ဈေးနှုန်းသက်သာစေရန်အပြင် ယှဉ်ပြိုင်သော ဈေးကွက်ဖြစ်ပေါ်စေရန် နယ်မြေများပိုင်းခြားသတ်မှတ်ခဲ့ရာ နယ်မြေ(၁)အဖြစ် နေပြည်တော်၊ မကွေး၊ ပဲခူး၊ တနင်္သာရီတိုင်းဒေသကြီးနှင့်မွန် ကရင်၊ နယ်မြေ(၂)အဖြစ် ရန်ကုန်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်၊ နယ်မြေ(၃)အဖြစ် မန္တလေး၊ စစ်ကိုင်းတိုင်းဒေသကြီး ချင်း၊ ကချင်၊ ကယားပြည်နယ်ကို သတ်မှတ်ပိုင်းခြားပေးခဲ့သည်။ ယင်းနယ်မြေအပိုင်းအခြားအလိုက် လေလံအောင်သော ကုမ္ပဏီများက တာဝန်ယူဆောင်ရွက်ရမည်ဖြစ်သည်။

ယခုအခါ နယ်မြေ(၁)၏ Lot (1)အတွက် Fortune International Ltd က အမေရိကန်ဒေါ်လာ ၆ ဒသမ ၀၉ သန်း၊ နယ်မြေ(၁)၏ Lot (2)အတွက် Global Technology Co.Ltd က အမေရိကန်ဒေါ်လာ ၇ ဒသမ ၀၃ သန်း၊ နယ်မြေ( ၂)၏ Lot(1)အတွက် Amara Communications Co., Ltd က အမေရိကန်ဒေါ်လာ ၉၅ ဒသမ ၈ သန်း၊ နယ်မြေ (၂)၏ Lot (2) အတွက် Yatanarpon Teleport Public Co.,Ltd က အမေရိကန်ဒေါ်လာ ၈၃ ဒသမ ၄၄ သန်း ၊နယ်မြေ(၃)၏ Lot (1)အတွက် Amara Communications Co.,Ltd က အမေရိကန်ဒေါ်လာ ၂၄ ဒသမ ၅၅ သန်း၊ နယ်မြေ (၃)၏ Lot (3) အတွက် Yatanarpon Teleport Public Co.,Ltd က အမေရိကန်ဒေါ်လာ ၂၇ ဒသမ ၂၄ သန်း ဖြင့် အောက်တိုဘာ ၁၉ ရက်မှစတင်ကာ လေလံအောင်ပြီး အသီးသီးလုပ်ကိုင်ခွင့်ရရှိခဲ့သည်။

"ကျွန်မတို့ကတော့ နောက်ဆုံးပေါ် နည်းပညာ LTE-4G အင်တာနက်လိုင်းတွေ ပြည်သူတွေထံ ဝန်ဆောင်မှုပေးနိုင်ဖို့အတွက် အရည်အသွေးမြင့်စက်ပစ္စည်းတွေကို ဝယ်ယူတပ်ဆင်ပြီး ရင်းနှီးမြှုပ်နှံသွားမှာဖြစ်တဲ့အပြင် ကွန်ရက်တည်ဆောက်ရာမှာလည်း စနစ်တကျနဲ့ အရည်အသွေးမြင့်မားရေးကို အလေးထားလို့ နိုင်ငံတကာမှ ကျွမ်းကျင်သူပညာရှင်တွေနဲ့ ပြည်တွင်းက ကျွမ်းကျင်သူတွေ ပူးပေါင်းဆောင်ရွက်သွားမှာပါ။ နိုင်ငံတော်ကို ပေးသွင်းရမယ့် လိုင်စင်ကြေးတွေကိုလည်း အပြည့်ပေးသွင်းသွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံ မြို့အများစုမှာရှိတဲ့ စီးပွားရေးလုပ်ငန်းတွေနဲ့ ပြည်သူတွေအတွက် သိသိသာသာမြန်ဆန်ပြီး ဈေးနှုန်းသက်သာတဲ့ LTE-4G အင်တာနက်လိုင်းတွေကို ဝန်ဆောင်မှုပေးသွားမှာ ဖြစ်ပါတယ်။ လူငယ်တွေအတွက်လည်း အလုပ်အကိုင်အခွင့်အလမ်းသစ်တွေ ပေးသွားနိုင်မှာပါ"ဟု Amara Communications Co.,Ltd မှ အမှုဆောင်အရာရှိချုပ် ဒေါ်အေးမြမြကြည်က ပြောကြားသည်။

မြန်နှုန်းမြင့်ပြီး ဈေးသက်သာသော LTE-4G အင်တာနက်လိုင်းများကို ပြည်သူများမကြာမီ အသုံးပြုနိုင်တော့မည်ဖြစ်သည်။ **ဝေယံဦး**



ဆိပ်ကမ်းမှ ကုန်ပစ္စည်းများထုတ်ယူရာ၌ ကြန့်ကြာမှုမရှိစေရေးနှင့် ဝန်ဆောင်ခများလျှော့ချနိုင်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်

*◆ကျောဖုံးမှ*

ဆိပ်ကမ်းမှ ကုန်ပစ္စည်းများထုတ်ယူရာ၌ ကြန့်ကြာမှုမရှိစေရေးနှင့် ဝန်ဆောင်ခများ လျှော့ချနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၂၈ ရက် မွန်းလွဲ ၁ နာရီက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က ဦးဆောင်၍ အမှတ်(၁၀) ပန်းဆိုးတန်းလမ်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင် (ရုံးချုပ်)၌ ပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး (ပူးတွဲ) ဦးနီအောင်က မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် နိုင်ငံတော်ဆိပ်ကမ်းများနှင့် စီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်မှုရှိစေရန် ဆောင်ရွက်လျက်ရှိပြီး ပို့ကုန်၊ သွင်းကုန် လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ကာ ဆိပ်ကမ်းလုပ်ငန်း ဆက်စပ်ထောက်ပံ့ ဖြည့်ဆည်းစီမံဆောင်ရွက်မှု ကုန်ကျစရိတ် (LOGISTICS COST)၊ ကုန်စည်တင်သွင်းမှုဆိုင်ရာလုပ်ဆောင်ခများ လျှော့ချရေးကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကမ္ဘာ့ဘဏ်က ထုတ်ပြန်သည့် စီးပွားရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ရန် လွယ်ကူမှုဆိုင်ရာ (Doing Business ) အဝင် သတ်မှတ်ချက်တွင် နိုင်ငံပေါင်း ၁၉၀ အနက် မြန်မာနိုင်ငံသည် အဆင့် ၁၇၀ တွင်ရှိပါကြောင်း၊ ထို့အပြင် အရှေ့တောင်အာရှဒေသအတွင်း နိုင်ငံများကြားတွင် မြန်မာနိုင်ငံသည် LOGISTICS COST ကုန်စည်စီးဆင်းမှု အများဆုံးနိုင်ငံဖြစ်နေသည်ကို တွေ့မြင်နေရပါကြောင်း။

LOGISTICS COST သည် ပြည်တွင်းကုန်ဈေးနှုန်းနှင့် တိုက်ရိုက်အချိုးကျနေသဖြင့် အစိုးရဌာနများနှင့် လုပ်ငန်းရှင်များက ဖြေလျှော့မှုများ ပူးပေါင်းဆောင်ရွက်မှသာ ကုန်ကျစရိတ်များ လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ အစိုးရသစ်လက်ထက်တွင် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ချက်များအနက် ပြည်သူလူထု သက်သာချောင်ချိမှုကိုရှေးရှုပြီး မှန်ကန်သောလမ်းစဉ် စေတနာများနှင့် ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။

ဒုတိယအထွေထွေမန်နေဂျာ (ကိုယ်စားလှယ်လုပ်ငန်းဌာန)က LCL Cargo များအတွက် Owner များမှ အကြောင်းကြားခြင်းနှင့် ပစ္စည်းထုတ်ယူခြင်း လုပ်ငန်းစဉ် (၁၀)ချက်ကို ရှင်းလင်းပြသပြီး မိမိတို့ ကိုယ်စားလှယ်လုပ်ငန်းဌာနက Shipping Line Principal များကို မေတ္တာရပ်ခံစာ E-mail များ ပေးပို့ထားပြီးဖြစ်ပါကြောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။

တက်ရောက်လာသည့် အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ကြုံတွေ့နေရသည့် အခက်အခဲများ၊ စည်းမျဉ်းစည်းကမ်း မလိုက်နာသူများကြောင့် စည်းမျဉ်းဥပဒေကို လိုက်နာသူများ ထိခိုက်နစ်နာမှုများ၊ ညီတူမျှတသည့် အခွင့်အလမ်းကွာဟမှုများရှိနေသည်များ၊ ထိရောက်စွာ အရေးယူသင့်သည်များကိုလည်း အမြန်အကောင်အထည်ဖော်ပြပေးစေလိုသည့်အကြောင်း၊ လုပ်ငန်းဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေမည့် ဖြေလျှော့သင့်သည်များကို ဆွေးနွေးကြသည်။

ဦးဆောင်ညွှန်ကြားရေးမှူး ဦးနီအောင်က ယခုအခါ ယင်း Release Order (R/O) တောင်းခံရန် B/Lဖြင့် ကုန်စည်ထုတ်ယူနိုင်သည့် နည်းလမ်းအစီအစဉ်ကို ပြောင်းလဲဆောင်ရွက်နေပါကြောင်း၊ စားသုံးသူပြည်သူများ LOGISTICS COST လျှော့ချမှု အကျိုးခံစားမှုရရှိရေး အစိုးရနှင့်လုပ်ငန်းရှင်များက ဖြေလျှော့မှုဆောင်ရွက်ကြရန်၊ ကုန်ပို့လုပ်ငန်းများ အလွယ်တကူ ကုန်ဈေးနှုန်းကျဆင်းစေရေးအတွက် ပူးပေါင်းဆောင်ရွက်ကြရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကောင်းမွန်သည့် ပြောင်းလဲမှုအရွေ့တွင် ပါဝင်ဆောင်ရွက်ကြရန် ပြောကြားသည်။

ရန်ကုန်ဆိပ်ကမ်းမှ ကုန်သေတ္တာများ ထုတ်ယူခြင်းနှင့် ပတ်သက်၍ ယခင်က လုပ်ဆောင်ပုံအဆင့်များမှာ ကုန်ပစ္စည်းပိုင်ရှင် ( Consignee) သည် ကုန်တင်ပို့လွှာ Bill of Lading ( B/L ) လက်ဝယ်ရရှိသော်လည်း သက်ဆိုင်ရာဌာနေ သင်္ဘောလိုင်းများတွင် Release Order (R/O)ထုတ်ယူခွင့်ပြုရန် အကြောင်းကြားလွှာများကို သက်ဆိုင်ရာသင်္ဘောလိုင်းများ၏ ဌာနေကိုယ်စားလှယ်များထံတွင် သွားရောက်ယူဆောင်ရာ၌ အခကြေးငွေပေးဆောင်ရခြင်း၊ အချိန်ကြန့်ကြာခြင်းတို့ ဖြစ်ပေါ်စေသည်။ ယင်း Release Order ရရှိပြီးမှ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ကိုယ်စားလှယ်လုပ်ငန်းဌာနတွင် Release Order ပြပြီး DELIVERY ORDER (D/O) ထုတ်ယူခြင်းကို ဆောင်ရွက်ခဲ့သည်။

ကုန်ပစ္စည်းပိုင်ရှင်များအနေဖြင့် အချိန်ကုန်ပြီး ငွေကြေးကုန်ကျမှုများစွာဖြင့် ကုန်ပစ္စည်းများအားထုတ်ယူရရှိပြီး ယင်းကုန်ကျစရိတ်များကို ကုန်ပစ္စည်းတန်ဖိုးပေါ်တွင် ပေါင်းထည့်၍ စားသုံးသူများအား ပြန်လည်ရောင်းချသည့်အတွက် စားသုံးသူပြည်သူများအနေဖြင့် တန်ဖိုးကြီးစွာ ဝယ်ယူသုံးစွဲနေရသဖြင့် ယခုကဲ့သို့ ပြည်သူကို မျက်နှာမူပြီး ကြန့်ကြာမှုမရှိစေရေးနှင့် ဝန်ဆောင်ခများ လျှော့ချနိုင်ရေး ပြောင်းလဲအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အစည်းအဝေးသို့ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ဌာနမှူးများ၊ အကောက်ခွန်ဦးစီးဌာန၊ ဌာနေသင်္ဘောလိုင်း ကိုယ်စားလှယ်များ၊ မြန်မာ့ကုန်သွယ်ရေကြောင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအသင်း (MMMDA)၊ မြန်မာနိုင်ငံ အပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှု လုပ်ငန်းရှင်များအသင်း (MIFFA)၊ ကုန်သေတ္တာတင် ဆိပ်ခံတံတားများ၊ ကုန်းတွင်း ကုန်သေတ္တာစခန်းများ (ICD)၊ မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် လုပ်ငန်းရှင်များအသင်း ( UMFCCI)၊ မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA)၊ မြန်မာနိုင်ငံ အကောက်ခွန်ဆိုင်ရာ ဝန်ဆောင်သူများအသင်း (MCBA)၊ မြန်မာနိုင်ငံ ကုန်သေတ္တာတင် မော်တော်ယာဉ်များအသင်း (MCTA)၊ မော်တော်ယာဉ်တင်သွင်းသူများအသင်း၊ ကုန်ပစ္စည်းတင်သွင်းသူများ၊ ကုန်ပစ္စည်းပိုင်ရှင်များနှင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ကိုယ်စားလှယ် လုပ်ငန်းဌာနအဖွဲ့ဝင်များ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# ကျောက်စိမ်းတူးဖော်မှု ယာယီရပ်ဆိုင်းရေးအတွက် အင်အား ၁၀၀၀ ကျော်ဖြင့် ဆန္ဒထုတ်ဖော်

**မန္တလေး အောက်တိုဘာ ၂၉**

မန္တလေးမြို့ မဟာအောင်မြေမြို့နယ်ရှိ မဟာအောင်မြေ ကျောက်မျက်ဝိုင်းတွင် မှီခိုလုပ်ကိုင်နေသူများက ကျောက်စိမ်းတူးဖော်မှု ယာယီရပ်ဆိုင်းရေးအတွက် ခွင့်ပြုချက်ယူ၍ အောက်တိုဘာ ၂၉ရက် နံနက် ၉ နာရီက အင်အား ၁၀၀၀ ကျော်ဖြင့် ဆန္ဒထုတ်ဖော်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

အဆိုပါ ဆန္ဒထုတ်ဖော်ပွဲတွင် ကျောက်စိမ်းတူးဖော်မှု ယာယီရပ်ဆိုင်းရေး၊ ကျောက်စိမ်းအလွန်အကျွံတူးဖော်မှု ထာဝစဉ်ရပ်ဆိုင်းရေး၊ ကျောက်စိမ်းအရိုင်းများ တရားမဝင် ပြည်ပသို့ ပို့ဆောင်မှု ပိတ်ပင်ရေး စသည့်ကြွေးကြော်သံများဖြင့် ကျောက်ဝိုင်းကို တစ်ပတ်ပတ်၍ လှည့်လည်ဆန္ဒထုတ်ဖော်ခဲ့ကြသည်။

သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနက ချမှတ်ထားတဲ့မူဝါဒက ကျောက်စိမ်းရတနာကို နိုင်ငံသူ၊ နိုင်ငံသား တိုင်းရင်းသားတိုင်း ပိုင်ဆိုင်ရမယ်ဆိုပေမယ့် မပိုင်ဆိုင်ရတဲ့အပြင် ရှိစုမဲ့စုနဲ့ လုပ်ကိုင်စားသောက်နေတဲ့ ကျောက်သမားတွေ အဖမ်းခံနေရတယ်" ဟု ဆန္ဒထုတ်ဖော်ရာတွင်ပါဝင်သည့် အဖွဲ့ခေါင်းဆောင် ဦးသန်းဝင်းက ပြောသည်။

မဟာအောင်မြေ ကျောက်ဝိုင်းသို့ ရောက်ရှိလာသော ကျောက်စိမ်းအလုံး ၁၀၀ တွင် ရေမဆေးကျောက် ၉၅လုံး ပါဝင်နေသဖြင့် ရေမဆေးကျောက်သမားများကို ဖမ်းဆီးအရေးယူခြင်းသည် မန္တလေး ကျောက်သမားများကိုလည်း ထိခိုက်မှုများဖြစ်ပေါ်နေကြောင်း ၎င်းက ဆက်လက်ပြောသည်။

"ရေမဆေးကျောက်သမားတွေကို တရားဥပဒေနဲ့အညီ စည်းကမ်းရှိရှိ၊ မျှမျှတတနဲ့ တရားဝင်အသင်းအဖွဲ့တွေ ဖွဲ့စည်းပေးပြီး ကျောက်ရှာဖွေခွင့်၊ ကိုင်ဆောင်ခွင့်၊ ရောင်းချခွင့်တွေရရှိဖို့ မန္တလေးကျောက်သမားတွေနဲ့အတူ ခွင့်ပြုပေးစေလိုပါတယ်"ဟု ဦးသန်းဝင်းက ပြောကြားသည်။

လက်ရှိတွင် ဒုတိယအကြိမ်ပြင်ဆင်ပြဋ္ဌာန်းသည့် ကျောက်မျက်ဥပဒေသည် အခြေခံကျောက်သမားများကို ထိခိုက်နစ်နာမှုများရှိနေသောကြောင့် တတိယအကြိမ်အဖြစ် အခြေခံကျောက်သမားများကို ဥပဒေနှင့်အညီ လုပ်ကိုင်ခွင့်ပြုနိုင်ရေးအတွက် ပြင်ဆင်ဖွဲ့စည်းပေးရန် ယခုကဲ့သို့ တောင်းဆိုခြင်းဖြစ်ကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**



# ယာဉ်အန္တရာယ်ကင်းရှင်းရေး အီးယူအထောက်အပံ့ဖြင့် အီတလီနှင့်ပူးပေါင်းကာ ပညာပေးဆောင်ရွက်

**ရန်ကုန် အောက်တိုဘာ ၂၉**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ဥရောပသမဂ္ဂ၏ အထောက်အပံ့ဖြင့် အီတလီနိုင်ငံမှ အဖွဲ့အစည်းများ ပူးပေါင်းကာ ယာဉ်ကြောကျပ်တည်းမှု လျှော့ချရေးနှင့် ယာဉ်၊ လမ်း အန္တရာယ်ကင်းရှင်းစေရန် ရည်ရွယ်၍ "ယာဉ်၊ လမ်း အန္တရာယ်ကင်းရှင်းရေး ပြည်သူလူထု ပူးပေါင်းပေး"(Road Safety Collaboration with the CITIZEN) ပညာပေးအစီအစဉ်ကို အောက်တိုဘာ ၂၈ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ ယာဉ်ကြောရှုပ်ထွေးသည့် လမ်းဆုံလမ်းခွများနှင့်ဈေးများ၊ ကျောင်းများအနီး၌ ဆောင်ရွက်ခဲ့သည်။

"ကျွန်တော်တို့ ဒီအစီအစဉ်က ဥရောပ(အီးယူ) အထောက်အပံ့နဲ့အီတလီ ပညာရှင်တွေနှင့် ပူးပေါင်းဆောင်ရွက်ခြင်း ဖြစ်ပါတယ်။ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် လက်ကမ်းကြော်ငြာများ ဖြန့်ဝေပေးခြင်း၊ စတစ်ကာများ ကပ်ပေးခြင်း၊ ဟောပြောခြင်းစတဲ့ အစီအစဉ်တွေ



ယာဉ်အန္တရာယ်ကင်းရှင်းရေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးစဉ်

ဖြစ်ပါတယ်။ ပြည်သူလူထု၊ ယာဉ်မောင်းသူ၊ ယာဉ်သုံးစွဲသူအားလုံး ယာဉ်အန္တရာယ်နဲ့ပတ်သက်ပြီး သတိမူလိုက်နာရေးအတွက် ဆောင်ရွက်ခြင်းဖြစ်ပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး အမှတ်(၂) ယာဉ်ထိန်းတပ်ဖွဲ့ခွဲမှ ဒုတိယရဲမှူးကြီး အောင်ကိုဦးက ပြောကြားသည်။

ရန်ကုန်မြို့ ယာဉ်ကြောကျပ်တည်းရခြင်း၏ ၅၀ ရာခိုင်နှုန်းမှာ ယာဉ်များများပြားလာခြင်းကြောင့် မဟုတ်ဘဲ ယာဉ်မောင်းသူ၊ ယာဉ်အသုံးပြုသူများ၏ စည်းကမ်းမဲ့ခြင်းကြောင့် ဖြစ်ကြောင်း၊ ယာဉ်အသုံးပြုသူများအနေဖြင့် စည်းကမ်းလိုက်နာရန် အထူးပင် လိုအပ်လာကြောင်း၊ စည်းကမ်းပျက်မောင်းနှင်မှုများကြောင့် ယာဉ်မတော်တဆမှုများ နေ့စဉ် တိုးပွားလာလျက်ရှိကြောင်း၊ ပြည်သူတစ်ရပ်လုံးအနေဖြင့် စည်းကမ်းရှိစွာ လမ်းအသုံးပြု သွားလာကြခြင်းဖြင့် ပူးပေါင်း ဆောင်ရွက်သင့်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

ရန်ကုန်မြို့တော်ကြီးကို ရေရှည်တည်တံ့သော မြို့ပြသယ်ယူပို့ဆောင်ရေးစီမံခန့်ခွဲမှုအဖြစ် အီးယူနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယာဉ်ထိန်းတပ်ဖွဲ့ဝင်များက ပြည်သူလူထုကိုအသိပေးရာတွင် "AMBULANCE ! လူနာတင်ယာဉ်များကို ကူညီကြပါစို့၊ အလှည့်ကျသွားမည်" ဟူသော စတစ်ကာများ၊ ယာဉ်၊ လမ်း ဘေးကင်းလုံခြုံရေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

ယာဉ်မောင်းသူများအနေဖြင့် ယာဉ်အသုံးမပြုမီ ယာဉ်ကြံ့ခိုင်ရေးကို အမြဲစစ်ဆေးသင့်ကြောင်း၊ မော်တော်ယာဉ်ဥပဒေနှင့် လမ်းညွှန်အမှတ်အသားများကို လိုက်နာသင့်ကြောင်း၊ သတ်မှတ်အမြန်နှုန်းအတိုင်းသာ မောင်းနှင်သင့်ကြောင်း၊ လူနေထူထပ်သောနေရာများနှင့် ကျောင်းများရှိသည့်နေရာများ၌ အရှိန်လျှော့မောင်းသင့်ကြောင်း၊ ယာဉ်မောင်းနေစဉ် ဖုန်းပြောခြင်း၊ သီချင်းသံကျယ်လောင်စွာ ဖွင့်၍ မောင်းနှင်ခြင်းများ အထူး ရှောင်ကြဉ်သင့်ကြောင်း၊ ကားကျော်တက်ခြင်း၊ ကြားဖြတ်ဝင်ခြင်း၊ လမ်းကြောင်းပြောင်းပြန်မောင်းနှင်ခြင်း၊ မီးနီဖြတ်ခြင်း၊ အချက်မပြဘဲ အမြန်ကွေ့ခြင်းများ မပြုလုပ်သင့်ကြောင်း ပညာပေးလက်ကမ်းစာစောင်များ၌ ဖော်ပြထားသည်။ ထို့အပြင် မူးယစ်သောက်စားမောင်းနှင်ခြင်း ၊ ဆေးဝါးသုံးစွဲခြင်းများသည် ယာဉ်တိုက်မှုဖြစ်စေသည့် အဓိကအကြောင်းအရင်းများဖြစ်၍ လိုက်နာဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ယာဉ်မောင်းစဉ် ထိုင်ခုံခါးပတ်များကိုလည်း ပတ်ထားသင့်ကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# ဘုရင့်နောင်ပွဲရုံနှင့် သီရိမင်္ဂလာဈေးသစ်များသို့ ဝင်ထွက်မည့်ကုန်ကားများ နိုဝင်ဘာ ၁ ရက်မှ စတင်မည့် နေ့ပိုင်းကုန်တင်ယာဉ်နှင့် ကုန်သေတ္တာတင်ယာဉ်သွားလာခွင့်မပြုသည့်အကြောင်းကြားစာနှင့် အကျုံးမဝင်သေး

**ရန်ကုန် အောက်တိုဘာ ၂၉**

နိုဝင်ဘာ ၁ ရက်မှစတင်၍ ကုန်တင်ယာဉ်ကြီးများ၊ ကုန်သေတ္တာတင်ယာဉ်များ ည ၉ နာရီမှ နောက်နေ့ နံနက် ၆ နာရီအထိသာ မြို့တွင်းသတ်မှတ်ထားသော လမ်းကြောင်းအတိုင်း သွားလာခွင့်ပြုမည်ဟု သက်ဆိုင်ရာက မြန်မာနိုင်ငံ ကုန်တင်ယာဉ်ကြီးများအသင်းနှင့် ကုန်သေတ္တာတင်ယာဉ်အသင်းတို့ထံ အကြောင်းကြားထားပြီး ကုန်တင်ယာဉ်ကြီး အမျိုးအစားများ ဖော်ပြထားခြင်းမရှိခြင်းနှင့် စပ်လျဉ်း၍ အောက်တိုဘာ ၂၉ ရက်က ကျင်းပသော အစည်းအဝေးအရ ကုန်စည်စီးဆင်းမှု လွယ်ကူချောမွေ့ရန် ဘုရင့်နောင်ပွဲရုံဝင်းနှင့် သီရိမင်္ဂလာဈေးသစ်များသို့ နယ်များမှ ဝင်ထွက်မည့်ကုန်ကားများ အကျုံးမဝင်သေးဟု သိရသည်။

ပြည်ပ ပင်လယ်ကူး ဆိပ်ကမ်းများသို့ ဝင်/ထွက်မည့်ပို့ကုန်၊ သွင်းကုန်များ တင်ဆောင်သည့် ကုန်တင်ယာဉ်ကြီးများ အကျုံးဝင်သည်ဟု ယခင်အစည်းအဝေးသို့ တက်ရောက်ခဲ့သော ကုန်တင်ယာဉ် NGO အဖွဲ့အစည်းမှတာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

ဘုရင့်နောင်ပွဲရုံနှင့် သီရိမင်္ဂလာဈေးသစ်သို့ နယ်များမှ ဝင်ထွက်မည့် ကုန်တင်ယာဉ်များအနေဖြင့် နယ်မှ သီရိမင်္ဂလာဈေးသစ်ထိ ဝင်ထွက်သွားလာနိုင်ခြင်းကို နေ့ပိုင်း၌ ပြုလုပ်လာနိုင်ခွင့်ရှိရာ ကုန်စိမ်းနှင့် ကုန်ခြောက်ကုန်စည်မျိုးစုံနယ်မှ ဝင်ထွက်မှုအပေါ် ပုံမှန်အတိုင်း သွားလာနိုင်မည် ဖြစ်သည့်အတွက် ကုန်စည်ရောင်းဝယ်ရေးလုပ်ကိုင်သူများ၊ ကုန်စည်ပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် အဆင်ပြေမှုရှိနိုင်မည်ဟု သီရိမင်္ဂလာဈေးသစ်နှင့်ဘုရင့်နောင်ပွဲရုံဝင်းတို့မှ လုပ်ငန်းလုပ်ကိုင်နေသူများက ပြောသည်။

နယ်ပို့အဝေးပြေး ကုန်တင်ယာဉ်ကြီး/ငယ်များသည် လမ်းများ ပျက်စီးမှုနည်းရန်အတွက် ၂၀၁၁ ခုနှစ်နှစ်လယ်မှ စတင်ကျင့်သုံးခဲ့သော အာဆီယံ စံချိန်စံညွှန်းအတိုင်း ကုန်တင်ဆောင်မှုရှိနေကြသည်။ ရန်ကုန် မြို့တွင်း၌မူ အာဆီယံ စံချိန်စံညွှန်း သတ်မှတ်တင်ဆောင်ခြင်း မပြုလုပ်မီ ကာလများအတိုင်း ယနေ့တိုင် တင်ဆောင်ခွင့်ပြုနေဆဲ ဖြစ်သည်ဟု နယ်ပို့အဝေးပြေး ကုန်စည်ပို့ဆောင်ရေး လုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

ယာဉ်အပေါင်းကုန်တန်ချိန် သတ်မှတ်ချက် ၁၆ တန်ရှိသော ခြောက်ဘီးကုန်တင်ယာဉ်ကြီးများ နယ်ပို့အဝေးပြေးခရီးစဉ်များတွင် ကုန်တန်ချိန်ရှစ်တန်မှ ၁၀ တန်အတွင်းသာယာဉ်အလေးချိန်ပေါ်မူတည်၍ တင်ဆောင်သွားလာနေရသည်။ ရန်ကုန်မြို့တွင်း၌မူ ကုန်တန်ချိန် ၁၅ တန်ခန့်အထိ တင်ဆောင်ခွင့်ရှိနေဆဲ ဖြစ်သည်ဟု ခြောက်ဘီးယာဉ်ပိုင်ရှင် ဦးရဲဝင်းချိုက ပြောသည်။ **ခင်ဆိုင်**

### ✻ *ကျော်ဖုံးမှ*

အဖွဲ့ချုပ်သည် မြန်မာယူ-၂၂ အသင်းကို ငွေတံဆိပ်ရအောင် စွမ်းဆောင်ပေးခဲ့သည့် နည်းပြအဖွဲ့ကို ဆက်လက်တာဝန်ပေးမည်ဖြစ်ပြီး ဆူဇူကီးဖလားပြိုင်ပွဲ ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင်အသင်း၌ ပါဝင်နေသည့် လက်ထောက်နည်းပြ ဦးကြည်လွင်၊ ကစားသမား ကိုးဦးမှာ ပြိုင်ပွဲပြီးမှသာ ပူးပေါင်းနိုင်ဖွယ်ရှိနေသည်။ မြန်မာယူ-၂၂ အသင်းနည်းပြချုပ် ဦးကြည်လွင်မှာ အသင်းနှင့် လတ်တလော ပူးပေါင်းနိုင်ခြင်းမရှိသေးသောကြောင့် လက်ထောက်နည်းပြ ဦးကျော်လွင်က တာဝန်ယူ လေ့ကျင့်ပေးမည်ဖြစ်သည်။ မြန်မာယူ-၂၂ အသင်းသည် ဒီဇင်ဘာ ၉ ရက်နှင့် ၁၂ ရက်တို့တွင် ဆီးဂိမ်းအိမ်ရှင် မလေးရှားယူ-၂၂ အသင်းနှင့် ရန်ကုန်မြို့၌ ခြေစမ်းပွဲနှစ်ပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ဒီဇင်ဘာလ စတုတ္ထပတ်တွင် ကျင်းပမည့် ဗီယက်နမ် ယူ-၂၁ ဖိတ်ခေါ်ပြိုင်ပွဲကို ဆက်လက်ယှဉ်ပြိုင်မည် ဖြစ်သည်။

မြန်မာ ယူ-၂၂ အသင်းသည် ဆီးဂိမ်းပြိုင်ပွဲတွင် အောင်မြင်မှုရရန် အချိန်ယူပြင်ဆင်မည်ဖြစ်ပြီး ပြိုင်ပွဲမတိုင်မီ လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲ၊ အာရှယူ-၂၃ ခြေစစ်ပွဲတို့ ယှဉ်ပြိုင်မည်ဖြစ်သည်။ အာရှယူ-၂၃ ခြေစစ်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရန် ကြိုးပမ်းလျက်ရှိသည်။

# ကနီမြို့နယ်တွင် မိုးရွာသွန်းမှုများကြောင့် ချောင်းရေများကျဆင်းပြီး လယ်မြေများပျက်စီး

**ကနီ အောက်တိုဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ်၌ အောက်တိုဘာ ၂၉ ရက် နံနက်ပိုင်းက မိုးများအဆက်မပြတ် ရွာသွန်းမှုကြောင့် ရေဝါချောင်းတွင် ရေများပြည့်လျှံ ကျဆင်းလျက်ရှိပြီး မျိုင်းချောင်းနှင့် တင်ဂတုံချောင်းများလည်း ကျဆင်းလျက်ရှိကြောင်း သိရသည်။ အဆိုပါ ချောင်းရေကျဆင်းမှုကြောင့် ချောင်းရိုးတစ်လျှောက်ရှိ ကျေးရွာများ၌ ရေများစီးဆင်းမှုရှိကြောင်း သိရသည်။

ယင်းရေဝါချောင်းရေ ကျဆင်းမှု၊ မျိုင်းချောင်းရေကျဆင်းမှုနှင့် တင်ဂတုံချောင်းရေကျဆင်းမှုတို့ကြောင့် ခုံကြီးကျေးရွာတွင် တိရစ္ဆာန် ငါးကောင်နှင့် လယ်၊ ယာ ဧက ၃၀ ရေလွှမ်းခြင်း၊ မျိုင်းကျေးရွာ၌ နေအိမ်လေးလုံးနှင့် ကဲတောင်ကျေးရွာ၌ နေအိမ်နှစ်လုံး ရွှေ့ပြောင်းရခြင်း၊ ကနီမြို့ အမှတ်(၁) ရပ်ကွက်မှ စပါးစိုက်ခင်း ၃ ဒသမ ၀၉ ဧကနှင့် အမှတ်(၃)ရပ်ကွက်၌ ၀ ဒသမ ၃ ဧက ရေတိုက်စားခြင်း၊ တောင်ပါက် ကျေးရွာအုပ်စုတွင် လယ်၊ ယာ ၅၅ ဧက ရေလွှမ်းပြီး ကင်တောင်ကျေးရွာ၌ ရေကာတာ ပျက်စီးခြင်းနှင့် မဲဒင်ကျေးရွာ၌ ကင်မွန်းချောင်းတံတား ရေတိုက်စားပျက်ကျခြင်းများ၊ ဒိုင်ကြီးကျေးရွာတွင်လည်း မြေပဲခင်းများ ရေလွှမ်းခြင်းများ ဖြစ်ပေါ်ခဲ့သည်။ မဲဒင်နှင့်ကျွန်းရွာအကြား ကျေးရွာချင်းဆက်လမ်းပေါ်မှ ကင်မွန်းချောင်းတံတားပြုတ်ကျမှုရှိကြောင်းလည်း သိရသည်။

**သန်းဌေးအောင်(ကနီ)**



## မိုးဆက်လက်ပိုနေမည်

**နေပြည်တော် အောက်တိုဘာ ၂၉**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် မိုးဆက်လက်ပိုနေမည်။

(မိုး/ဇလ)

# ပုသိမ်ဝေါန်မြစ်အတွင်း ရေယာဉ်နှစ်စင်း တိုက်မှုဖြစ်ပွား

**ပုသိမ် အောက်တိုဘာ ၂၉**

ပုသိမ်မြို့ အမှတ်(၄) နယ်မြေကမ်းနားလမ်း မေတ္တာဦးတံတား၌ အောက်တိုဘာ ၂၈ ရက် နံနက် ၁၀ နာရီခန့်က ရေချမင်္ဂလာအခမ်းအနားပြုလုပ်ပြီး မေတ္တာဦးတံတားမှ ရန်ကုန်သို့ ငဝန်မြစ်အတိုင်း ပြန်လည်ထွက်ခွာလာသော Swimming Doctors.3 ရေယာဉ်သည် ပုသိမ်မြို့ တာကိုင်းချောင်းဝအနီး မျိုးချစ်ဆန်စက်ရှေ့အရောက်တွင် ငဝန်မြစ်ကြောင်းတောင်ဘက်မှ မြောက်ဘက်သို့ အောင်တံခွန် ဆန်စက်မှ ဆန်အိတ်များတင်ဆောင်၍ မောင်းနှင်လာသော သံခွံစက်လှေနှင့်ဝင်တိုက်မိခဲ့သည်။ ထိုသို့ ရေယာဉ်နှစ်စင်းတိုက်မိရာတွင် ဆန်အိတ်တင်သံခွံစက်လှေမှာယင်းနေရာ၌ပင် နစ်မြုပ်ခဲ့ပြီး စက်လှေပေါ်လိုက်ပါလာသော လုပ်သား ၁၁ ဦးကို ငါးဖမ်းစက်လှေသမားများက ဝိုင်းဝန်းကယ်ဆယ်ခဲ့သဖြင့် သေဆုံးမှုတစ်စုံတစ်ရာမရှိခဲ့သော်လည်း လုပ်သား ခြောက်ဦးမှာ ပွန်းပဲ့(မစိုးရိမ်) ဒဏ်ရာအနည်းငယ်ရရှိခဲ့သည်။

အဆိုပါ ရေယာဉ်နှစ်စီးတိုက်မိမှုနှင့်ပတ်သက်၍ Swimming Doctors.3 ရေယာဉ်မှူး ဦးမိုးမြင့် ဖျာပုံမြို့နေသူနှင့် သံခွံစက်လှေ မောင်းနှင်သူ ဖိုးဇော် (၃၁နှစ်) တာကို စက်ကလေးကျေးရွာနေသူတို့နှစ်ဦးကို ပုသိမ်မြို့နယ်မြေရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ပုသိမ်-လှကြည်**

## တောင်တွင်းကြီး အရှေ့မြောက်ဘက်ဗဟိုပြု အင်အားအနည်းငယ်ရှိ ငလျင်လှုပ်

**နေပြည်တော် အောက်တိုဘာ ၂၉**

အောက်တိုဘာ ၂၉ ရက်မြန်မာစံတော်ချိန် ၀၀ နာရီ ၀၈ မိနစ် ၁၅ စက္ကန့်အချိန်တွင် နေပြည်တော်မြေငလျင်စခန်းမှ အနောက်မြောက်ဘက်မိုင် ၄၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (တောင်တွင်းကြီးမြို့၏ အရှေ့မြောက်ဘက် ၁၆ မိုင်ခန့်အကွာ)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာ စကေး ၃ ဒသမ ၂ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်သွားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ တိုင်းထွာရရှိသည်။

(မြန်မာ့အလင်း)

*တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကို သတင်းစာ၏ မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင် ပါရှိသမျှတို့သည် သက်ဆိုင်ရာ ဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာ ဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# ကမ္ဘာသုံးဘာသာစကားနှင့် စာပေ

## သိုက်ထွန်း(Lawyer)

**စကားနှင့်စာပေ**

ပါဠိဘာသာတွင် (ဘာသာ)ကို (စကား)ဟု မြန်မာအနက်ပြု၏။ လူအချင်းချင်းဆက်သွယ်ရာတွင် စကား၊ စာပေတို့ဖြင့်ဆက်သွယ်ကြ၏။ စိတ်ကူးပေါ်သည့်အတိုင်း အရေး၊ အဖတ်၊ အကြား၊ အပြောစသော အာရုံလေးပါးကိုသုံးကြရ၏။ လူမျိုးတစ်မျိုး၏ ပြောစကားသည်ပင်လျှင် ရေးသားစာပေနှင့်ထပ်တူမကျ ကွဲပြားတတ်သေး၏။ စာပေတစ်မျိုးတည်းပင်လျှင် စာလုံးတူ- အနက်ကွဲခြင်းနှင့်အနက်တူ-စာသား ကွဲပြားနိုင်သေး၏။ လူမျိုးတစ်မျိုးနှင့်တစ်မျိုးအကြား မတူညီကြသောစကားနှင့် စာပေကို ဘာသာပြန်ရာတွင် အဓိပ္ပာယ်အကောက်အယူ လွဲနိုင်ပေသည်။ သို့ဖြစ်ရာ ပိုမိုကျယ်ပြန့်သော ကမ္ဘာ့လူမျိုးပေါင်းစုံသို့ဆက်သွယ်ရန် ကမ္ဘာသုံးဒုတိယဘာသာ စကားနှင့်စာပေကို မတတ်မသိ၍ လုံးဝမဖြစ်နိုင်တော့ပေ။ ကြားက စကားပြန်ထားလျှင် မဖြစ်နိုင်ဘူးလားဟု အမေးရှိလျှင်၊ အလွန်သိမ်မွေ့၍ အတိမ်းအစောင်းမခံသော သံတမန် စကားဝိုင်းနှင့်ဥပဒေနယ်ပယ်တွင် စကားမပေါက်ပါက အကျိုးမရောက်နိုင်ချေ။ မြန်မာနိုင်ငံ ပညာရေးနယ်ပယ်တွင် အင်္ဂလိပ်စာသင်ကြားမှုရှိနှင့်ပြီးဖြစ်ရာ အရှိန်မြှင့်ပေးရန်အတွက် ဥပဒေပြဋ္ဌာန်းပေးရန် အရေးကြီးသောကာလရောက်ပေပြီ။ ဥပဒေပြဋ္ဌာန်းပေးနိုင်သော အာဏာပိုင်များမှာ

(၁) နိုင်ငံတော်သမ္မတနှင့်

(၂) လွှတ်တော်အဆင့်ဆင့်ဖြစ်ပါသည်။

**ခေါင်းဆောင်ဖခင်နှင့်ခေါင်းဆောင်သမီး**

စစ်ကြိုခေတ် ရန်ကုန်တက္ကသိုလ် ပဲခူးဆောင် တတိယထပ် အဓိပတိလမ်းမကြီး (Chancellor Road)သို့ မျက်နှာမူနေသော အခန်း(၁၁၃)တွင် အင်္ဂလိပ်စာကို မရက်မကြောက်အော်ဟစ်ကျက်တတ်သူ၊ ရန်ကုန်တက္ကသိုလ် အကျဉ်းသားသမဂ္ဂ အသင်းတိုက်တွင် အင်္ဂလိပ်စကားကို အစောပိုင်းက အညာသားလေဖြင့်မပီမသ ပြောသောကြောင့်ကျောင်းသားများ၏ သရော်ခံခဲ့ရသူ။ ထိုသူကား ၁၉၄၇ ခုနှစ် လန်ဒန်မြို့တွင် ဗြိတိသျှဝန်ကြီးချုပ်နှင့်တစ်နှစ်အတွင်း မြန်မာပြည်ကိုလွတ်လပ်ရေးပေးရေး အောင်ဆန်း-အက်တလီစာချုပ်တွင် လက်မှတ်ရေးထိုးနိုင်ခဲ့သူ ဗိုလ်ချုပ်အောင်ဆန်းဖြစ်လာသူပေတည်း။

ယနေ့မြန်မာပြည်သည် တံခါးပြန်ဖွင့်လေပြီ။ မြန်မာပြည်သည် ကမ္ဘာတွင် ဘုန်းကံပြန်၍ ပွင့်သည့်ခေတ်လည်းဖြစ်သည်။ ဦးခေါင်းထက်တွင် ပန်းတွေဝေနေသော နိုဘယ်လ်ဆုရှင် နိုင်ငံတော်၏အတိုင်ပင်ခံ ဒေါ်အောင်ဆန်းစုကြည်သည် ပြည်တွင်း၌သာမကဘဲ အာရှနှင့်ကုလသမဂ္ဂ စင်မြင့်ထက်တွင် ငြိမ်းချမ်းရေးပန်းစကားများကို ဖူးပွင့်စေလေပြီ။ အပြည်ပြည်ဆိုင်ရာ ခေါင်းဆောင်များနှင့်စကားပြန်မလိုဘဲ ပဋိပက္ခများကို ပြေငြိမ်းစေလျက်ချစ်ကြည်ရေးကို ရယူနိုင်ခြင်းသည်ကမ္ဘာသုံးဘာသာစကားနှင့်စာပေပညာကုံလုံပြည့်စုံမှုပြယုဂ်ပါပေ။ ကမ္ဘာ့ထိပ်တန်း တက္ကသိုလ်ဖြစ်သော အောက်စဖို့ဒ်တက္ကသိုလ် မဟာဝိဇ္ဇာတန်းတွင် နိုင်ငံရေးပညာကို သင်ယူနိုင်ခဲ့ခြင်းသည်လည်း အကြောင်းကောင်းတစ်ရပ် ဖြစ်ပေ၏။

ဗိုလ်ချုပ်အောင်ဆန်းတို့သားအဖ၏ ကမ္ဘာသုံးအင်္ဂလိပ်စကားနှင့် စာပေကျွမ်းကျင်မှုများသည် မြန်မာပြည်လွတ်လပ်ရေးနှင့် ပြန်လည်တည်ဆောက်တိုးတက်ရေးအတွက် မည်မျှအရေးပါကြောင်းကို လူငယ်တို့အပေါ်တွင် စံနမူနာပြနေလေသည်။

**အင်္ဂလိပ်စာ မျိုးဆက်ပြတ်မှု**

တော်လှန်ရေးကောင်စီခေတ်တက္ကသိုလ်ပညာရေး ဥပဒေ၊ ဥပဒေ အမှတ် (၉/၁၉၆၄) စနစ်သစ်ပညာရေးသည် တက္ကသိုလ်သင်ရိုးညွှန်းတမ်းများတွင် အင်္ဂလိပ်ဘာသာအစား မြန်မာဘာသာကို ဇွတ်ပြောင်းသင်ကြားစေခဲ့ပါသည်။ သည်ကတည်းက အင်္ဂလိပ်စကားနှင့် စာပေသည် မြန်မာပြည်နှင့် မျိုးဆက်ပြတ်ခဲ့ရလေသည်။

အင်္ဂလိပ်စာပေကျွမ်းကျင်သူ စာရေးဆရာကြီး ဦးတက်တိုးက (အင်္ဂလိပ်စာကို ဘုရားလိုကိုးကွယ်ဖို့မဟုတ်၊ နွားလိုခိုင်းတတ်ဖို့လိုသည်) ဟု ၁၉၇၀ ပြည့်နှစ်ခန့်က သတိပေးခဲ့သည့်ကြားက အင်္ဂလိပ်စာ ခါးပြတ်ခဲ့ရချေသည်။

မြစ်တစ်စင်းတွင် တစ်ဖက်ကမ်းသောင်ထွန်းလျှင် ကျန်တစ်ဖက် ကမ်းပါးပြိုရတော့၏။

မြန်မာပြည်သည် တံခါးပိတ်ဝါဒကဲ့သို့ပင် အင်္ဂလိပ်စာမျက်လုံးပိတ်ဝါဒကြောင့် ကမ္ဘာ့စာပေ၊ နည်းပညာ၊ သိပ္ပံပညာ၊ အတွေးအမြင် ဘက်ပေါင်းစုံနိမ့်ကျနောက်ကျရခြင်းကို ဝမ်းနည်းဖွယ် သမိုင်းသင်ခန်းစာအဖြစ် ကြုံခဲ့ကြရလေပြီ။

ဖွဲ့စည်းပုံအခြေခံဥပဒေ(၃) မျိုးနှင့် ရုံးစာပြဋ္ဌာန်းချက်

၁။ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၂၁၆ ။ ။ မြန်မာဘာသာသည် ရုံးသုံးဘာသာဖြစ်ရမည်။ သို့ရာတွင် အင်္ဂလိပ်ဘာသာကိုလည်း သုံးခွင့်ပြုနိုင်သည်။

၂။ ၁၉၇၃ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပုဒ်မ၁၉၈ ။ ။ ရုံးသုံးစာအဖြစ် မြန်မာစာကိုအသုံးပြုရမည်။ လိုအပ်လျှင် သက်ဆိုင်ရာ တိုင်းရင်းသားစာကိုလည်း အသုံးပြုနိုင်သည်။

၃။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပုဒ်မ ၄၅၀ ။ ။ မြန်မာစာသည်ရုံးသုံးစာဖြစ်သည်ဟူ၏။ ၁၉၄၇၊ ၁၉၇၄၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံ ဥပဒေများတွင် မြန်မာ

**အင်္ဂလိပ်စာပေကျွမ်းကျင်သူ စာရေးဆရာကြီး ဦးတက်တိုးက (အင်္ဂလိပ်စာကို ဘုရားလိုကိုးကွယ်ဖို့မဟုတ် နွားလိုခိုင်းတတ်ဖို့လိုသည်) ဟု ၁၉၇၀ ပြည့်နှစ်ခန့်က သတိပေးခဲ့သည့်ကြားက အင်္ဂလိပ်စာ ခါးပြတ်ခဲ့ရချေသည် . . .**

ပြည်၏ ရုံးသုံးစာပြဋ္ဌာန်းချက်များမတူညီကြချေ။ သို့ရာတွင် ရှေ့ကဖွဲ့စည်းပုံ အခြေခံဥပဒေကို နောက်ကဖွဲ့စည်းပုံအခြေခံဥပဒေက ပယ်ဖျက်လွှမ်းမိုးသည်ဟုလည်း အတိအကျပြဋ္ဌာန်းထားခြင်းမရှိသောကြောင့် ရုံးသုံးစာသည်မရှင်းလင်းပေ။ ထို့ကြောင့် ဤအရှုပ်ကို ယနေ့ရှင်းပေးထိုက်ပါပြီ။

ယခုအခါ တံခါးဖွင့်ဝါဒအရ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအသစ်များ၊ သံခင်းတမန်ခင်းအသစ်များ၊ ဟောပြောပွဲအသစ်များ၊ ညီလာခံနှင့်အစည်းအဝေးအသစ်များ၊ နိုင်ငံခြားခုံသမာဓိနှင့်တရားရုံးဆုံးဖြတ်ချက်များ၊ ဒီကရီများ၊ ကူညီထောက်ပံ့မှုအသစ်များ တသဲသဲဝင်လာချိန်တွင် အင်္ဂလိပ်စကားနှင့်စာပေ၏ အရေးပါမှုသည် တစ်နေ့တခြားမြင့်တက်လာလေပြီ။ နာလန်ထသမိုင်းက ခေတ်စာတောင်းလေပြီ။

သို့ဖြစ်ရာ ဥပဒေပြုအာဏာပိုင်လွှတ်တော်အဆင့်ဆင့်တို့တွင် မြန်မာပြည်၏ ရုံးသုံးဘာသာကို မြန်မာစာဖြင့်ဖြစ်စေ၊ အင်္ဂလိပ်စာဖြင့် ဖြစ်စေ အသုံးပြုခွင့်ရှိကြောင်း ဥပဒေအသစ်ပြဋ္ဌာန်းပေးရန် အချိန်ကျရောက်ပြီဖြစ်ပါသည်။

**ဥပဒေ၊ တရားစီရင်ရေးနှင့် အင်္ဂလိပ်စာ**

ယနေ့မြန်မာပြည်၏ တည်ဆဲဥပဒေအများစုနှင့် တရားစီရင်ရေးစနစ်သည် အင်္ဂလိပ်ရိုးရာဥပဒေ (English Common Law)အပေါ်တွင် ပန္နက်ရိုက်ထားဆဲဖြစ်၏။

ဥပမာကောက်နုတ်တင်ပြပါမည်။ ဗြိတိသျှကို ကိုလိုနီအစိုးရသည် အိန္ဒိယဥပဒေကော်မရှင်ကို ဥက္ကဋ္ဌ Lord Macaulay၊ အဖွဲ့ဝင် Macleod၊ Anderson၊ Millette တို့ဖြင့် ဖွဲ့စည်း၍ အိန္ဒိယနှင့် မြန်မာပြည် ကိုလိုနီနယ်များအတွက် သီးခြားဥပဒေများ ရေးဆွဲစေခဲ့၏။ ၁၄-၁၀-၁၈၃၇ ရက်နေ့ ယင်းကော်မရှင်က အိန္ဒိယဘုရင်ခံချုပ်မှတစ်ဆင့် ရာဇသတ်ကြီးဥပဒေမူကြမ်းကို တင်ပြခဲ့ရာ လန်ဒန်မြို့ဘုရင်၏ ဥပဒေအကြံပေးကောင်စီသည် အကြိမ်ကြိမ်ပြင်ဆင်ခဲ့ပြီးနောက် အိန္ဒိယအက်ဥပဒေအမှတ်(၄၅/၁၈၆၀)ဖြင့် ပြဋ္ဌာန်း၍ ၁-၅-၁၈၆၁ နေ့မှစတင်အာဏာတည်စေခဲ့ရာ ယနေ့တိုင် နှစ်ပေါင်း ၁၅၅ နှစ်ကြာမျှ မြန်မာပြည်တွင် လိုက်နာကျင့်သုံးနေဆဲ မူရင်းမှာ အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော PENAL CODE (ခ)ရာဇသတ်ကြီး(ခ) ပြစ်မှုဆိုင်ရာ ဥပဒေဖြစ်လေသတည်း။

ထို့ပြင် ရာဇဝတ်မှုမှုန်သမျှကို ရာဇဝတ်ကျင့်ထုံး ကိုဒ်ဥပဒေ(အိန္ဒိယအက်ဥပဒေ ၅/၁၈၉၈)အရလည်းကောင်း၊ တရားမမှုမှန်သမျှကို တရားမကျင့်ထုံး ကိုဒ်ဥပဒေ (အိန္ဒိယအက်ဥပဒေ ၅/၁၉၀၈)စသော ဗြိတိသျှကိုလိုနီခေတ်က အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းခဲ့သော ဥပဒေများအတိုင်း ယနေ့တိုင်အောင် မြန်မာပြည်တရားရုံးများက လိုက်နာနေဆဲ ကျင့်ထုံးဥပဒေများဖြစ်ပါသည်။

ယနေ့ပြည်ထောင်စုလွှတ်တော်က နောက်ဆုံးအတည်ပြုထားသော မှတ်တမ်းများအရ ဝန်ကြီးဌာနအလိုက် ကျင့်သုံးဆဲ တည်ဆဲဥပဒေပေါင်း ၃၉၇ ခုအနက်၊ အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားသော ဥပဒေပေါင်းမှာ ၁၃၅ ခုရှိသောကြောင့် ၁/၃ ပုံဟူသော အင်္ဂလိပ်စာဖြင့် ပြဋ္ဌာန်းဥပဒေများ၏ ပမာဏမှာ အရေးပါနေရာယူမှုကြီးမားနေဆဲဖြစ်ကြောင်း ချင့်ချိန်နိုင်ပါသည်။

ထို့ပြင် လွတ်လပ်ရေးမရမီ အိန္ဒိယ-မြန်မာတွဲရေးခေတ်မှ စတင်ခဲ့သော စီရင်ထုံးများသည်လည်းကောင်း၊ လွတ်လပ်ရေးရသော ၁၉၄၈ ခုနှစ်မှ ၁၉၆၉ ခုနှစ်အထိ မြန်မာ ဥပဒေပညာရှိကြီးများ ထုံးဖွဲ့ခဲ့သော စီရင်ထုံးဥပဒေကျမ်းများသည် အင်္ဂလိပ်စာပေအရ အဆင့်မြင့်မား ရုံမျှမကဘဲ ဥပဒေဖြင့် အမှန်တရားရှာရာတွင် တရားမျှတကြပါလေ၏။ အနှစ်သာရ ရှိကြပါပေ၏။ ဉာဏ်ပညာကြီးမြတ်ကြပါပေ၏။

သို့ရာတွင် ၁၉၇၀ ပြည့်နှစ်မှစ၍ ယနေ့တိုင် မြန်မာစာသက်သက်ဖြင့် စီရင်ထုံးများထုတ်ပြန်ပါသည်။ အင်္ဂလိပ်စာသည် တရားဝင်ရုံးသုံးဘာသာမဟုတ်တော့သဖြင့် ဥပဒေနယ်ပယ်နှင့် တရားစီရင်ရေးနယ်ပယ်သည် ပြည်တွင်း၌ပင် ဘောင်ခတ်ခံရသောကြောင့် ရှိပြီးသား အင်္ဂလိပ်ဘာသာသုံး စီရင်ထုံးအဟောင်းများကိုလည်း အသုံးမပြု၊ ပြင်ပကမ္ဘာမှ အသစ်အသစ်သော ဥပဒေနယ်ပယ်များသို့လည်း ခြေဆန့်ခွင့်မရခဲ့သောကြောင့်သာ ဘောင်ပိတ်ဆို့ ခြေချုပ်မိနေသည်ဟု ယုံကြည်ပါသည်။

ဤကိစ္စအတွက်ဆေးရှိနေပါသည်။ ရာဇဝတ်ကျင့်ထုံးကိုဒ်ဥပဒေ(၁၈၉၈)တွင်

ပုဒ်မ ၅၅၈ ။ ။ POWER TO DECIDE LANGUAGE OF COURTS-- The President of the Union may determine what for the purposes of this Court, shall be deemed to be the Language of each Court other than the High Court ဟုလည်းကောင်း၊

တရားမကျင့်ထုံးကိုဒ်ဥပဒေ(၁၉၀၈)တွင်

ပုဒ်မ ၁၃၇(၁)။ ။ The Language which, on the commencement of this Code,is the language of any Court subordinat to the High Court shall continue to be the Language of such subordinate Court until the President of the Union otherwise directs.

(၂)။ ။ The President of the Union may declare what shall be the language of any such Court and in what character applications to and proceedings in such Courts shall be written. ဟု ပြဋ္ဌာန်းချက်မှာ တည်ဆဲဖြစ်ပါသည်။

သို့ဖြစ်၍ နိုင်ငံတော်သမ္မတကြီးသည် တရားရုံးသုံးဘာသာတွင် မြန်မာစာအပြင်၊ အင်္ဂလိပ်ဘာသာကိုလည်းအသုံးပြုနိုင်ကြောင်း အမိန့်ကြော်ငြာစာထုတ်ပြန်ပေးရန် အချိန်ကျရောက်ပါပြီဟု တင်ပြအပ်ပါသည်။

# Miss Intercontinental 2016 ပြိုင်ပွဲတွင် မြန်မာနိုင်ငံ ပြိုင်ပွဲဝင် အလှမယ် နီနီနိုင်ဝင်း Miss Popularity ဆု ဆွတ်ခူးရရှိ



**မန္တလေး အောက်တိုဘာ ၂၉**

သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့တွင် အောက်တိုဘာလတတိယပတ်က ကျင်းပခဲ့သော Miss Intercontinental 2016 ပြိုင်ပွဲကြီးတွင် နိုင်ငံပေါင်း ၇၀ ကျော်မှ အလှမယ်များ ဝင်ရောက်ယှဉ်ပြိုင်ကြရာ မြန်မာနိုင်ငံမှ ပြိုင်ပွဲဝင် အလှမယ် နီနီနိုင်ဝင်းက Miss Popularity ဆုကို ဆွတ်ခူးရရှိခဲ့သည်။ **(ယာပုံ)**

မြန်မာအလှမယ် နီနီနိုင်ဝင်းက 32.4 k. likes , 5.4k. shares တို့ဖြင့် Miss Popularity ဆုကို ရရှိခဲ့ခြင်းဖြစ်သည်။ ၎င်းသည် Miss Golden Land Myanmar Organization က ကြီးမှူးပြုလုပ်သော မကွေးတိုင်းဒေသကြီး ကိုယ်စားပြု အလှမယ်ရွေးချယ်ပွဲတွင် Miss Magway Region အဖြစ် ရွေးချယ်ခံခဲ့ရသည်။ ထိုမှတစ်ဆင့် တိုင်းဒေသကြီးနှင့်ပြည်နယ်ကိုယ်စားပြု အလှမယ် ၂၀ ပါဝင်သော နိုင်ငံကိုယ်စားပြု အလှမယ်ရွေးချယ်ပွဲတွင်လည်း Miss Intercontinental Myanmar 2016(Winner) ဆုနှင့် Best in Evening Gown (title) ဆုများကို ရရှိခဲ့သောကြောင့် Miss Intercontinental 2016 ပြိုင်ပွဲကြီးသို့ နိုင်ငံကိုယ်စားပြုအဖြစ် သွားရောက်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။ Miss ရွေးချယ်ခံရမှုနှင့်ပတ်သက်၍ ပြောကြားရာတွင် ၎င်းအနေဖြင့် အများပြည်သူအကျိုးပြုလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပရိသတ်များ၏ ဝေဖန်အကြံပြုချက်များ၊ အားပေးမှုများ ကိုလည်း ဝမ်းမြောက်ဝမ်းသာလက်ခံပါကြောင်း ပြောကြားခဲ့သည်။ အလှမယ်နီနီနိုင်ဝင်းသည် ယခုအခါ မန္တလေးတက္ကသိုလ်၌ နိုင်ငံတကာဆက်ဆံရေးဘာသာရပ်အထူးပြု ထူးချွန်ကျောင်းသူအဖြစ် တက်ရောက်ပညာသင်ကြားလျက်ရှိသည်။ **ဆွေဇင်ထား(ဥပဒေ)**

# အမေရိကန်အဆိုတော်နှင့် သီချင်းရေးဆရာ ဘော့ဘ်ဒိုင်လန် နိုဘယ်လ်ဆုလက်ခံယူမည်

**စတော့ခ်ဟုမ်း အောက်တိုဘာ ၂၉**

ယခုလအစောပိုင်းက စာပေဆိုင်ရာ နိုဘယ်လ်ဆုချီးမြှင့်ခံခဲ့ရသည့် အမေရိကန်အဆိုတော်နှင့် သီချင်းရေးဆရာ ဘော့ဘ်ဒိုင်လန်သည် ယခုအခါ အဆိုပါဆုအား လက်ခံမည်ဖြစ်ကြောင်း ဆွီဒင်အကယ်ဒမီကို ပြောကြားခဲ့သည်ဟု ရိုက်တာသတင်းတစ်ရပ်တွင် အောက်တိုဘာ ၂၉ရက်က ဖော်ပြခဲ့သည်။

အောက်တိုဘာ ၁၃ ရက်က နိုဘယ်လ်ဆုရှင်အဖြစ် ကြေညာပြီးနောက်တွင် ဆွီဒင်အကယ်ဒမီနှင့် အဆက်အသွယ်မလုပ်ခဲ့သည့် ဒိုင်လန်သည် နိုဘယ်လ်ဆုအဖြစ်ချီးမြှင့်ခဲ့သည့် အမေရိကန်ဒေါ်လာ ၉၀၀၀၀၀ နှင့်ညီမျှသော (ခရောင်း ၈ သန်း) နှင့်ပတ်သက်ပြီး မည်သည့်မှတ်ချက်ပြုပြောဆိုခြင်း မရှိသေးပေ။

ဘော့ဘ်ဒိုင်လန်သည် ယခုအပတ်တွင် နိုဘယ်လ်ဆုအား လက်ခံမည်ဆိုသည့် ပြန်ကြားမှုကို ပြုလုပ်ခဲ့သည်ဟု ဆွီဒင်အကယ်ဒမီအမြဲတမ်းအတွင်းရေးမှူး ဆာရာဒန်နီယက်က ပြောကြားခဲ့သည်။ ဘော့ဘ်ဒိုင်လန်အနေဖြင့် ဒီဇင်ဘာလတွင်ပြုလုပ်မည့် နိုဘယ်လ်ဆုပေးပွဲ အခမ်းအနားကို တက်ရောက်ခြင်းရှိ၊ မရှိ မဆုံးဖြတ်ရသေးကြောင်း နိုဘယ်လ်ဖောင်ဒေးရှင်းက ပြောခဲ့သည်။

**(ရိုက်တာ)**



# အင်ဒိုနီးရှားတွင် မိုင်းတွင်းပြိုကျမှုကြောင့် ပျောက်ဆုံးနေသော မိုင်းတွင်းလုပ်သား ၁၁ ဦးအား ရှာဖွေမှုများ ဆက်လက်ဆောင်ရွက်



**ဂျကာတာ အောက်တိုဘာ ၂၉**

တနင်္လာနေ့ကတည်းက မြေအောက် ၅၀ မီတာအနက်တွင် ပိတ်မိနေသော ရွှေသတ္တုမိုင်းတွင်းလုပ်သား ၁၁ ဦးအား ရှာဖွေရန် ကယ်ဆယ်ရေးလုပ်ငန်းများမှာ ရေကြီးမှုကြောင့် အခက်အခဲများ ဖြစ်ပေါ်နေကြောင်း ဒေသတွင်း သဘာဝဘေးအေဂျင်စီမှ အဆင့်မြင့်အရာရှိတစ်ဦးက အောက်တိုဘာ ၂၉ ရက်တွင် ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံ ဂျန်ဘီပြည်နယ် မရန်ဂင်ဒေသ ဆင်ပန်ပရစ်တ်ရှာ၌ တည်ရှိသော ရွှေသတ္တုမိုင်းတွင်းမှ ရေများကို ဖယ်ထုတ်ရန်မှာ လတ်တလောတွင်အောင်မြင်မှုမရှိဘဲ ဖြစ်နေသည်။

ယင်းသတ္တုတွင်းသည် မြစ်ချောင်းအနီးတွင်တည်ရှိကာ မြစ်ချောင်းမှ ရေများစိမ့်ဝင်မှုကြောင့် ကယ်ဆယ်ရေးလုပ်ငန်းများ နှောင့်နှေးနေရခြင်းဖြစ်ကြောင်း ဒေသတွင်း သဘာဝဘေးအေဂျင်စီမှ အဆင့်မြင့်အရာရှိတစ်ဦးဖြစ်သူ ဒယ်မန်တိုက ပြောခဲ့သည်။

သတ္တုတွင်းအနီးရှိ မြစ်မှာလည်း ရေစီးသန်သောကြောင့် ရေကြီးမှုများသည် ယင်းဒေသတွင် ဆက်လက်ဖြစ်ပေါ်နေကြောင်း ၎င်းက ဆင်ဟွာသို့ ပြောကြားခဲ့သည်။ ယင်းသို့သော အခြေအနေများကြောင့် မိုင်းတွင်းပိတ်မိအလုပ်သမား ၁၁ ဦး၏ တည်နေရာကို အတိအကျ မသိရသေးကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

တပ်မတော်သားများ၊ ရဲများနှင့် ဒေသကယ်ဆယ်ရေးလုပ်သားများလည်း ပူးပေါင်းရှာဖွေလျက်ရှိကြောင်း သိရသည်။

**(ဆင်ဟွာ)**

# ဂျပန်နိုင်ငံခရီးစဉ်အတွင်း နိုင်ငံတော်၏အတိုင်ပင်ခံ ပုဂ္ဂိုလ်အနေဖြင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးမည်

**ရန်ကုန် အောက်တိုဘာ ၂၉**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် မကြာမီကာလတွင် ဂျပန်နိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီး သွားရောက်လည်ပတ်ပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကိစ္စများဆွေးနွေးမည်ဖြစ်ကြောင်း၊ သို့သော် ရက်အတိအကျကို မသိရသေးကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် အောက်တိုဘာ ၂၉ ရက်က ဖော်ပြခဲ့သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် အမျိုးသားဒီမိုကရေစီဉက္ကဋ္ဌအဖြစ် ဂျပန်နိုင်ငံသို့ ၂၀၁၃ ခုနှစ်က သွားရောက်ခဲ့သည်။ သို့သော် ၎င်းအနေဖြင့် ဧပြီလက နိုင်ငံတော်တာဝန်ကို စတင်တာဝန်ယူထမ်းဆောင်ပြီးနောက် ယခုကဲ့သို့ ဂျပန်နိုင်ငံသို့ သွားရောက်ခြင်းသည် ပထမဆုံးအကြိမ်ဖြစ်ကြောင်း သိရသည်။

ဂျပန်နိုင်ငံသို့ရောက်ရှိစဉ် ၎င်းအနေဖြင့် ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ပြီး ဧကရာဇ်အကီဟီတို၊ မိဖုရား မီချီကိုတို့နှင့်လည်း တွေ့ဆုံမည်ဖြစ်ကြောင်း သိရသည်။

မေလက ဂျပန်နိုင်ငံခြားရေးဝန်ကြီး ဖူမီယိုကီရှီဒါသည် မြန်မာနိုင်ငံသို့ ရောက်ရှိပြီး ဒီမိုကရေစီဖော်ဆောင်မှုနှင့် စီးပွားရေးဖွံ့ဖြိုးမှုများအတွက် ဆွေးနွေးခဲ့ကြောင်း သိရသည်။

**(ဆင်ဟွာ)**

# အီရတ်ထောက်ခံ ရှီးယိုက်အဖွဲ့ဝင်များ မိုဆူးလ်အနောက်ဘက် အိုင်အက်စ်များကို ထိုးစစ်ဆင်မှုများစတင်လုပ်ဆောင်လျက်ရှိ

**ဘဂ္ဂဒက် အောက်တိုဘာ ၂၉**

အီရတ်ထောက်ခံ ရှီးယိုက်အဖွဲ့ဝင်များက ၎င်းတို့သည် အောက်တိုဘာ ၂၉ ရက်က မိုဆူးလ်အနောက်ဘက် အိုင်အက်စ်အကြမ်းဖက်သမားများကို ထိုးစစ်ဆင်မှုများ စတင်လုပ်ဆောင်နေပြီး မြို့တော်ကို အိုင်အက်စ်အကြမ်းဖက်သမားများလက်ထဲမှ ပြန်လည်ရရှိရေး ကူညီနေကြောင်း ရိုက်တာသတင်းတစ်ရပ်တွင်ဖော်ပြခဲ့သည်။

ဟာရှစ်ရှာဘီး သို့မဟုတ် ကျော်ကြားသော ရွှေ့ပြောင်းတပ်ဖွဲ့သည် တယ်လ်အဖာသို့ ချီတက်သွားပြီဖြစ်ကြောင်း၊ ယင်းဒေသသည် မိုဆူးလ်အနောက်ဘက် အိုင်အက်စ်အကြမ်းဖက်သမားများ ခြေကုပ်ယူထားသည့် နေရာဖြစ်ကြောင်း သိရသည်။

အိုင်အက်စ်အကြမ်းဖက်သမားများကြောင့် ထိခိုက်နေသော တယ်လ်အဖာမြို့ကို ပြန်လည်လွတ်မြောက်မှု ရရှိရန်လုပ်ဆောင်နေကြောင်း ဟာရှစ်ရှာဘီးဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။ ထိုသို့ စစ်ဆင်ရေးများဆင်နွှဲမှုသည် ၎င်းနှင့် နီးကပ်လျက်ရှိသော တူရကီကို သတိပေးတပ်လှန့်သကဲ့သို့ဖြစ်နေသည်။

**(ရိုက်တာ)**

# အမေရိကန်လေကြောင်းလိုင်းအုပ်စု ဂျက်လေယာဉ်တစ်စင်း ပျံတက်ပြီး မကြာမီ အင်ဂျင်မီးလောင်မှုဖြစ်ပွား




**ဝါရှင်တန် အောက်တိုဘာ ၂၉**

အောက်တိုဘာ ၂၉ ရက်က ချီကာဂို အိုဟဲလ်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ အမေရိကန်လေကြောင်းလိုင်းအုပ်စု ဂျက်လေယာဉ်တစ်စင်း ပျံတက်ပြီးမကြာမီ အင်ဂျင်မီးလောင်မှုဖြစ်ပွားခဲ့သောကြောင့် ထွက်ခွာမှုခရီးစဉ်ကို ရပ်နားကာ အရေးပေါ်ထွက်ပေါက်မှနေ၍ ခရီးသည်များကို ကယ်ထုတ်ခဲ့ရကြောင်း သက်ဆိုင်ရာ အာဏာပိုင်များက ပြောခဲ့သည်။

အဆိုပါ မတော်တဆဖြစ်ရပ်တွင် တစ်ဦးတစ်ယောက်မျှထိခိုက်ဒဏ်ရာရခြင်း မရှိကြောင်း သိရသည်။ အမေရိကန်လေကြောင်းလိုင်း ၃၈၃ မှ ဘိုးရင်းစီအို ၇၆၇ သည် ခရီးသည် ၁၆၁ ဦး လိုက်ပါလျက် လေယာဉ်အမှုထမ်းကိုးဦးနှင့်အတူ မီယာမီသို့ ဦးတည်ပျံသန်းပြီးမကြာမီ ညာဘက်တောင်ပံ အင်ဂျင်မီးလောင်မှုဖြစ်၍ အိုဟဲလ်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲတွင် ပြန်လည်ဆင်းသက်ခဲ့ရကြောင်း အာဏာပိုင်များက ပြောခဲ့သည်။

ညာဘက်အင်ဂျင်မီးလောင်ရာမှ မီးခိုးလုံးကြီးများထွက်နေပြီး ဘယ်ဘက်၌ အရေးပေါ်လုပ်ဆောင်မှုများ ဆောင်ရွက်နေသည်ကို ဒဗလျူအယ်လ်အက်စ် ရုပ်မြင်တွင် တွေ့ကြရသည်။ မီးသတ်ကားများက မီးများငြိမ်းသတ်ကာ ခရီးသည်များအား ကယ်တင်ခဲ့ကြသည်။

မီးသတ်အရာရှိ သီမိုသီဆန်ပေးက အဆိုပါ ယင်းမတော်တဆဖြစ်မှုသည် လွန်စွာဆိုးရွားကြောင်းပြောခဲ့သည်။

**(ရိုက်တာ)**

# မိုဆူးလ်ထိုးစစ်အတွင်း အိုင်အက်စ်အကြမ်းဖက်သမားများ၏ ဓာတုလက်နက်အသုံးပြုခြင်းကို တားဆီးနိုင်တော့မည်

**တင်လင်းအောင်**



အိုင်အက်စ်အကြမ်းဖက်သောင်းကျန်းသူတွေရဲ့ဓာတုလက်နက်အသုံးပြုမယ့်ဖြစ်စဉ်တွေအတွက် ဘယ်လိုကာကွယ်မှုတွေ ပြုလုပ်မလဲဆိုတာနဲ့ပတ်သက်ပြီး အီရတ်ဆေးတပ်ဖွဲ့ဝင်တွေဟာ မတော်တဆစီမံခန့်ခွဲရေး လေ့ကျင့်မှုတွေပြုလုပ်နေကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က ပြောပါတယ်။

အမေရိကန်ထောက်ခံ အီရတ်တပ်ဖွဲ့ဝင်တွေဟာ အိုင်အက်စ်ထိန်းချုပ်ရာ မိုဆူးလ်မြို့ကို သိမ်းပိုက်ရန်နီးကပ်လာနေချိန်မှာ ဆေးတပ်ဖွဲ့ ၉၀ လောက်ဟာ ဓာတုတိုက်ခိုက်မှုအတွင်း ဘယ်လိုအစီအစဉ်တွေ လုပ်ဆောင်ရမလဲဆိုပြီး လေ့ကျင့်မှုတွေ လုပ်ဆောင်နေတယ်လို့ ကုလသမဂ္ဂအဖွဲ့ကြီးက အောက်တိုဘာ ၂၇ ရက်မှာ ပြောခဲ့ပါတယ်။

အိုင်အက်စ်အကြမ်းဖက်အဖွဲ့ဟာ အီရတ်နှင့်ဆီးရီးယားပိုင်နက်နယ်မြေတွေမှာ နည်းပညာအဆင့်မြင့်တင်မှု မပြုလုပ်ရသေးတဲ့ ဓာတုလက်နက်တွေကို အသုံးပြုဖို့ လုပ်ဆောင်နေတယ်ဆိုတာနဲ့ပတ်သက်ပြီး စုံစမ်းရေးအဖွဲ့တွေက သံသယမကင်းဖြစ်ခဲ့တာ ကြာလှပါပြီ။ မိုဆူးလ်ထိုးစစ်အတွင်း အရေပြားကိုလောင်စေတတ်တဲ့ အဆိပ်ဓာတ်ငွေ့(ဓာတုလက်နက်) အသုံးပြုနိုင်တဲ့နေရာတွေကို ဦးတည်ချက်ထားပြီး အမေရိကန်ဦးဆောင်မဟာမိတ်အဖွဲ့တွေကလည်း လေကြောင်းချီတိုက်ခိုက်မှုတွေလုပ်ဆောင်နေပါတယ်။

လွန်ခဲ့တဲ့ တနင်္လာနေ့က စစ်ဆင်ရေးမစတင်မီ အကယ်၍ ဓာတုလက်နက်ဖြင့် တိုက်ခိုက်လာမယ်ဆိုရင် အဆင်သင့် ခုခံကာကွယ်နိုင်ဖို့အတွက် အီရတ်တပ်ဖွဲ့ဝင်တွေကိုလည်း မျက်နှာဖုံးတွေထုတ်ပေးခဲ့ပါတယ်။ အဲဒီမျက်နှာဖုံးတွေဟာ အသုံးဝင်လာပါပြီ။ ဘာကြောင့်လဲဆိုတော့ အိုင်အက်စ်အကြမ်းဖက်သောင်းကျန်းသူတွေဟာ မိုလ်ဆူးတောင်ဘက်မှာရှိတဲ့ ရေနံတွင်းတွေနဲ့ ဆာလ်ဖာစက်ရုံတွေကို မီးရှို့မှုတွေလုပ်ဆောင်နေလို့ဖြစ်ပါတယ်။ အဲဒီစက်ရုံတွေ မီးလောင်ကျွမ်းရာကနေပြီး အဆိပ်ငွေ့တွေထွက်လာတဲ့အတွက် အရပ်သားထောင်ပေါင်းများစွာဟာ ဆေးဝါးကုသမှုတွေ လိုအပ်နေပြီဖြစ်ပါတယ်။

စက်တင်ဘာလကလည်း အိုင်အက်စ်အကြမ်းဖက်သောင်းကျန်းသူတွေဟာ မိုဆူးလ်အနီး ကွာယာရာရှိ အမေရိကန်အခြေစိုက်စခန်းတစ်ခုကို လက်နက်နဲ့ ပစ်ခတ်ခဲ့ပါတယ်။ အဲဒီလက်နက်မှာ အသားအရေကိုလောင်ကျွမ်းစေနိုင်တဲ့ အဆိပ်ငွေ့ အမြောက်အမြားပါဝင်ကြောင်း တွေ့ရှိခဲ့ပါတယ်။ အဲဒီတိုက်ခိုက်မှုမှာ ဘယ်သူမှ ထိခိုက်ဒဏ်ရာရရှိမှု မရှိခဲ့ပါဘူး။ အဲဒီအချိန်ကတည်းက အိုင်အက်စ်အကြမ်းဖက်အဖွဲ့ရဲ့ ဓာတုလက်နက်စွမ်းအားဟာ အခြေခံအဆင့်ရှိခဲ့တယ်လို့ ဗိုလ်ချုပ် ဂျိုးဆက်ဖ်ဒန် ဖို့ဒ်က ပြောခဲ့ပါတယ်။ အိုင်အက်စ်အဖွဲ့ဟာ ၎င်းရဲ့ ဓာတုလက်နက်နည်းပညာကို ထပ်မံတိုးမြှင့်အောင်လုပ်ဖို့ လိုသေးတယ်ဆိုတာတွေ့ရပါတယ်။

**အိုင်အက်စ်အကြမ်းဖက်အဖွဲ့ဟာ အီရတ်နှင့်ဆီးရီးယားပိုင်နက်နယ်မြေတွေမှာ နည်းပညာအဆင့်မြှင့်တင်မှု မပြုလုပ်ရသေးတဲ့ ဓာတုလက်နက်တွေကို အသုံးပြုဖို့ လုပ်ဆောင်နေတယ်ဆိုတာနဲ့ပတ်သက်ပြီး စုံစမ်းရေးအဖွဲ့တွေက သံသယမကင်းဖြစ်ခဲ့တာ ကြာလှပါပြီ . . .**

ထိုးစစ်အတွင်း ထပ်မံကြားသိရတဲ့နောက်ထပ်သတင်းတစ်ခုကတော့ တိုက်ခိုက်မှုတွေကြောင့် လူ ၁၀၀၀၀ ကျော်လောက်ဟာ ၎င်းတို့ရဲ့အိုးအိမ်တွေကိုစွန့်ခွာနေပြီဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO) နှင့် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းအခြေချအဖွဲ့ (IOM) တို့ကပြောခဲ့ပါတယ်။ ထိုးစစ်ဟာမိုဆူးလ်မြို့ကို တဖြည်းဖြည်းလွှမ်းခြုံမိလာတာနဲ့တစ်ပြိုင်နက် လူပေါင်းနှစ်သိန်းကနေ ခုနစ်သိန်းကြား ပြောင်းရွှေ့မှုတွေပြုလာပြီး လူဦးရေ ၁ ဒသမ ၅ သန်းလောက် လူသားချင်းဆိုင်ရာ အကူအညီတွေ လိုအပ်လျက်ရှိပါတယ်။ တကယ့်ပကတိအခြေအနေမှာ အကူအညီအများအပြား လိုအပ်လျက်ရှိတယ်လို့ ကုလသမဂ္ဂနဲ့ အကူအညီပေးရေးအဖွဲ့တွေက ဆိုပါတယ်။

သို့သော်လည်း အောက်တိုဘာ ၂၈ ရက်အမီ အီရတ်မြောက်ပိုင်းကို ထောက်ပံ့ဖို့ ရည်ရွယ်ထားတဲ့ ကုန်ပစ္စည်းပို့ဆောင်မှုမှာပါတဲ့ ကုလသမဂ္ဂ ဒုက္ခသည်အေဂျင်စီရဲ့ ရွက်ဖျင်တဲတွေ၊ စောင်တွေနဲ့ အခြားအကူအညီပစ္စည်းတွေဟာ စစ်ပွဲအခြေအနေကြောင့် ဘယ်လိုမှ ပို့ဆောင်လို့မရသေးဘဲ ဒူဘိုင်းမှာ အောက်တိုဘာ ၂၇ ရက်က ထားခဲ့ရပါတယ်။ မိုဆူးလ်ကို သိမ်းပိုက်နိုင်ရေးအတွက်ကတော့ တိုက်ပွဲတွေ ဆက်လက်ဖြစ်ပေါ်နေဆဲပါ။

မဟာမိတ် ကာ့ဒ်ပက်ရှ်မာဂါတပ်ဖွဲ့ဝင်တွေနဲ့အီရတ်တပ်ဖွဲ့ဝင်တွေဟာ မိုဆူးလ်မြို့ရဲ့ အစိတ်အပိုင်းအချို့ကိုသိမ်းပိုက်နိုင်ခဲ့ပြီး အိုင်အက်စ်အကြမ်းဖက်သမားတွေထိန်းချုပ်ထားတဲ့ ကျေးရွာတွေကနေ ရွာသူ၊ ရွာသား ၈၀ ကျော်လောက်ကို ပြန်လည်လွတ်ပေးနိုင်ခဲ့ပါတယ်။ မြို့တော်သတ်မှတ်နယ်နိမိတ်ထက် သုံးမိုင်လောက်ဝေးတဲ့ အချို့နေရာတွေမှာဆိုရင် အမေရိကန်ထောက်ခံတပ်ဖွဲ့ဝင်တွေရဲ့ တိုက်ခိုက်သံတွေကို ကြားနေရတယ်လို့ ဒေသခံတွေက ဆိုပါတယ်။

အိုင်အက်စ်အကြမ်းဖက်အဖွဲ့တွေဟာ နောက်ဆုံးခြေကုပ်ယူရာဖြစ်တဲ့ အီရတ်အတွက် လူမဆန်တဲ့အကြမ်းဖက်တိုက်ခိုက်မှုတွေကို ပြုလုပ်ကာ အမေရိကန်ဦးဆောင် မဟာမိတ်အဖွဲ့တွေရဲ့ ထိုးစစ်အင်အားယုတ်လျော့အောင် လုပ်ဆောင်လျက်ရှိပါတယ်။ အိုင်အက်စ်အဖွဲ့တွေဟာ အကြမ်းဖက်နည်းလမ်းတွေဖြစ်တဲ့ အသေခံဗုံးခွဲတိုက်ခိုက်ခြင်း၊ ဗုံးထောင်ခြင်းစတာတွေကို ပြုလုပ်ပြီး တန်ပြန်တိုက်ခိုက်မှုတွေလုပ်ဆောင်လျက်ရှိပါတယ်။

အိုင်အက်စ်အကြမ်းဖက်သမားတွေဟာ နောက်ဆုံးခြေကုပ်ယူရာနေရာမှ ထွက်မသွားရရေး အကြမ်းဖက်မှုတွေကို နည်းမျိုးစုံဖြင့် ကြိုးစားလုပ်ဆောင်နေသော်လည်း အမေရိကန်ဦးဆောင်မဟာမိတ်အဖွဲ့များ၊ အီရတ်တပ်ဖွဲ့ဝင်များ၊ ကာ့ဒ်တပ်ဖွဲ့ဝင်များနဲ့ အခြားကမ္ဘာ့အသိုင်းအဝိုင်းကြီးက ၎င်းကို လက်ခံမည်မဟုတ်ဘဲ အမြစ်ပြတ်ဝိုင်းဝန်းချေမှုန်းမှာဖြစ်ပါတယ်။ အိုင်အက်စ်အကြမ်းဖက်အဖွဲ့ရဲ့မိုဆူးလ်ထိုးစစ်အတွင်း ဓာတုလက်နက်သုံးခြင်းကိုလည်း ထိရောက်စွာခုခံကာကွယ်ရန် အီရတ်တပ်ဖွဲ့အနေနဲ့ အစီအစဉ်များလည်း ချမှတ်ပြီးဖြစ်ရာ အိုင်အက်စ်အကြမ်းဖက်အဖွဲ့အနေဖြင့် လတ်တလောအခြေအနေမှာ လူလုံးမလှ အပူလုံးကြွရမည့်အနေအထားဖြစ်နေပါတော့တယ်။ **Ref; The Independent (27-10-2016)**


### ဖခင်အမည်မှန်

မိတ္ထီလာမြို့၊ ရန်မျိုးအောင်ရပ်ကွက်၊ အမက(၁) စတုတ္ထတန်း (A)မှ မောင်စိုင်းသီဟ၏ ဖခင်အမည်မှန်မှာ ဦးသန်းကို ၉/မထလ(နိုင်)၀၆၀၇၇၉ ဖြစ်ပါသည်။ **ဦးသန်းကို**

### အမည်ပြောင်း

ဦးအေးထွန်း ၁၄/ငပတ(နိုင်)၁၆၆၃၄၁၏သား လေးမျက်နှာမြို့နယ်၊ အမက ပန်းတင်ကုန်းကျောင်း စတုတ္ထတန်းမှ မောင်သွန်းသစ္စာအား မောင်ဘုန်းမြတ်မင်းဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ဘုန်းမြတ်မင်း**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၀ယ/၂၅၀၈၅ Ken-bo 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးကြည်ဝင်းမောင် ၉/မနမ(နိုင်)၀၁၁၆၈၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9F/7311 ISUZU NKR-81 (L/T) ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကြူကြူလှိုင် ၁၄/သပန(နိုင်)၀၈၃၄၈၈၈ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ အသစ်ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ တိုင်းရုံး (ပုသိမ်မြို့)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃ဖယ/၁၁၄၉ Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်သက်ကို ၁၄/သပန(နိုင်)၀၈၃၆၉၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။
**ကညန၊ တိုင်းရုံး (ပုသိမ်မြို့)**

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၅၊ မြေကွက်အမှတ် ၁၇၊ အကျယ်အဝန်း (အလျားပေ၄၀×အနံပေ၆၀)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၅)ရပ်ကွက်၊ ပြည်ထောင်စုလမ်း၊ အမှတ် ၁၄၄ ဟုခေါ်တွင်သည့် အိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့ကို မြို့မြေစာရင်းတွင် တရားဝင်အမည်ပေါက်ပိုင်ဆိုင်ထားသူ ဦးသောင်းညွန့် ၁၂/တမန(နိုင်)၀၆၈၆၅၄ ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်အတွက် မြေနှင့်အိမ်တန်ဖိုးငွေ၏စရန်ငွေအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့်အိမ်တို့နှင့်ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ဤသတင်းစာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုမှတ်ပုံတင်စာချုပ်မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြလှဲ့ဝင်း LL.B,D.B.L (အထက်တန်းရှေ့နေ)**
**အမှတ် ၈၃၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့**

### ဝန်ထမ်းအလိုရှိသည်

**Smart Green International Resources Co.,Ltd.**

- **Driver** **1-Post**
- အထက်တန်းအဆင့်အောင်မြင်ပြီးသူ
- လုပ်ငန်းအတွေ့အကြုံရှိသူ
- **Stock Account** **1-Post**
- ဘွဲ့ရ
- လုပ်ငန်းအတွေ့အကြုံရှိသူ
- Stock များကို ကျွမ်းကျင်စွာကိုင်နိုင်သူ
- **Accountant** **1-Post**
- Air Line documentation ကျွမ်းကျင်စွာပြုလုပ်နိုင်သူ
- Custom နှင့်ပတ်သက်၍ နားလည်သူ

အထက်ပါရာထူးများနှင့်ပတ်သက်၍ မြောက်ဥက္ကလာပမြို့နယ်အတွင်း နေထိုင်သူ ဦးစားပေးမည်။

Contact Ph-09-420252997, 09-798239527, 09-73089562

**ရုံးလိပ်စာ-တိုက်(၂)၊ အခန်း(၂၂)၊ ဝေပုလ္လအိမ်ရာ၊ ခေမာသီလမ်းမ၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ လူနေရပ်ကွက်အမှတ် စက်မှုဒေသ(၃)၊ မြေတိုင်းရပ်ကွက်အမှတ် ၆၄-စက်မှု၊ မြေကွက်အမှတ် ၇၊ အကျယ်အဝန်းဧရိယာ ၂ ဒသမ ၀၉၉၈ဧကရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ စက်မှုဇုန်(၃)ကမ်းနားလမ်း၊ အမှတ် ၇ ဟုခေါ်တွင်သည့် နှစ်ထပ် RC တိုက်တစ်လုံး၊ BN တိုက်တစ်လုံးနှင့် သံပေါင်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အားလုံးတို့ကို မြို့မြေစာရင်းတွင် တရားဝင်အမည်ပေါက်ထားသူ ဦးကျော်နိုင်ဦး ၁၂/ပဘတ(နိုင်)၀၁၇၇၁၃ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် မြေနှင့်အဆောက်အအုံတန်ဖိုးငွေ၏ စရန်ငွေအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့်အဆောက်အအုံများနှင့် ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ဤသတင်းစာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုမှတ်ပုံတင်စာချုပ်မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြလှဲ့ဝင်း LL.B, D.B.L အထက်တန်းရှေ့နေ**
**အမှတ် ၈၃၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၁-၉၆၆၉၀၀၄၊ ၀၁-၇၀၅၄၄၅၊ ၀၉-၅၁၅၁၈၃၃**

### ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် (၁၉၇၃-၇၄-၇၅) ဘူမိဗေဒဘွဲ့ရ ကျောင်းသား၊ ကျောင်းသူများ၏ ဒသမအကြိမ် အာစရိယပူဇော်ပွဲ

## ဖိတ်ကြားခြင်း

ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်မှ ဘူမိဗေဒအဓိကဖြင့် (၁၉၇၃/၇၄/၇၅) ခုနှစ်များတွင် ဘွဲ့ရရှိခဲ့ကြသော ကျောင်းသား/ကျောင်းသူများ၏ ဒသမအကြိမ် အာစရိယပူဇော်ပွဲကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာ(၄)ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရန်ကုန်တက္ကသိုလ်များမွှာရုံ၌ ကျင်းပမည်ဖြစ်ပါ၍ နှစ်အလိုက် ကျောင်းနေဖက်သူငယ်ချင်းများ တက်ရောက်ကုသိုလ်ယူကြပါရန် ဖိတ်ကြားအပ်ပါသည်။

အလှူငွေပါဝင်လှူဒါန်းလိုသူ ကျောင်းသား၊ ကျောင်းသူဟောင်းများသည် ဦးခင်မောင်မြင့် (Victor) (၇၃) ဖုန်း-၀၉-၅၀၇၆၆၄၀၊ ၀၉-၇၉၇၂၄၅၇၆၆၊ ဦးခင်မောင်ဝင်း (၇၃) ဖုန်း-၀၉-၄၅၃၉၀၀၉၂၃၊ ဦးအောင်ခင်-ဒေါ်ခင်ရွှေဇင်ဦး (၇၃) ဖုန်း-၀၉-၅၀၀၀၇၅၀၊ ဦးလှမြင့် (၇၃) ဖုန်း-၇၃၀၉၆၅၄၀၊ ဦးသိန်းဇံ ဖုန်း-၀၉-၇၃၂၃၈၀၀၈၊ ဦးရီစိန်-ဒေါ်တင်တင်အေး (၇၄) ဖုန်း-၀၉-၅၀၄၀၄၁၁၊ ၀၉-၈၆၂၈၀၈၀၊ ဦးစိုးမြင့်အောင် (၇၄) ဖုန်း-၀၉-၅၀၁၀၂၀၉၊ ဦးအောင်ပြုံး (၇၄) ဖုန်း-၀၉-၅၁၉၈၀၃၀၊ ဦးအောင်ကျော်ခိုင် (၇၄) ၀၉-၄၂၁၀၇၂၆၆၁၊ ဦးကိုကို (၇၄) ဖုန်း-၀၉-၇၉၅၆၁၆၇၁၂၊ ဦးအောင်ကျော်သန်း (၇၄) ဖုန်း-၀၉-၅၀၀၈၇၇၄၊ ဦးစိုးကြင်- ဒေါ်ခင်မမ (၇၅) ဖုန်း-၀၉-၅၀၁၁၂၃၃၊ ၀၉-၅၁၃၈၈၉၉၊ ဒေါ်ခင်ဝင်းကြည် (၇၅) ဖုန်း-၀၉-၅၀၆၀၆၂၄၊ ဒေါ်စန်းစန်းဝင်း (၇၅) ဖုန်း-၀၁-၆၈၂၂၆၈တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။
**အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ**

### သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မော်လမြိုင်ကျွန်းမြို့၊ အမှတ် (၈၀)၊ ဗိုလ်ချုပ်လမ်းနေ ကျွန်တော်၏ သားမောင်ဇော်မြတ်သူ ၁၄/မမက(နိုင်)၁၁၄၃၃၉သည် မိဘများ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပါ၍ ယနေ့မှစပြီး သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား လုံးဝ တာဝန်မယူပါ။
**ဖခင် ဦးစိုးဝင်း ၁၄/မမက(နိုင်)၀၃၈၄၄၈**

# မြစ်ရေတိုက်စားပြီး စိုက်ပျိုးမြေနှင့် သီးနှံပျက်စီးမှုများကြောင့် တောင်သူများ အခက်ကြုံနေ

**မင်းဘူး အောက်တိုဘာ ၂၉**

မင်းဘူး စကုမြို့နယ် လက်ပံတပင်ကျေးရွာ၌ ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် လုပ်စားမြေနုကျွန်း ဧကပေါင်း ၁၀၀ ခန့်နှင့် စားဝတ်နေရေးအတွက် အဓိကစိုက်ပျိုးထားသော ရာသီပေါ်သီးနှံပင်များ ပျက်စီးရှုံးဆုံးကာ ကျေးရွာနေတောင်သူများ အခက်အခဲများစွာ ကြုံတွေ့ခံစားနေရကြောင်း သိရသည်။

"အရင်က တစ်ခါမှ မကြုံဖူးဘူး။ ရေကြီးလို့ ပြန်ကျသွားရင် ကျွန်းတွေပေါ်လာတာနဲ့ စိုက်ပျိုးဖို့ လုပ်ကိုင်ကြတာပဲ။ ဒီနှစ်ကျမှ ရှေ့နောက်ညှပ်ပြီး မြစ်ရေတိုက်စားလာတာ နှစ်ကြိမ်ရှိသွားပြီ။ ခုလို မြစ်ရေတိုက်စားပြီး ကျွန်းတွေက ကမ်းပါးပြိုတဲ့အထဲပါသွားတော့ ကျေးရွာလူထုမှာ အခက်အခဲများစွာနဲ့ ကြုံရတယ်။ ရွာက အုပ်ချုပ်ရေးမှူးကလည်း သက်ဆိုင်ရာကို တင်ပြခြင်းမရှိဘူး။ ကမ်းပါးတွေက ခုထိပြိုတုန်း။ စိုက်ပျိုးသီးနှံများအပါအဝင် လုပ်စားမြေရိယာ ဧက ၁၀၀ ခန့် ပျက်စီးဆုံးရှုံးနေတာကို ကျေးရွာကတောင်သူတွေ ခံစားနေရပါတယ်"ဟု လက်ပံ တပင်ရွာမှ ဦးအုန်းမောင်က ပြောသည်။

ပြီးခဲ့သည့်ရက်များအတွင်းက မြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးများပြိုရာတွင် တောင်သူများစိုက်ပျိုးထားသော ဆွတ်ခူးခါနီး ကြက်ဟင်းခါးသီး၊ ဘူးသီး၊ ဖရုံသီးစသည့် သီးနှံများပါသွားခဲ့ကာ ပေါ်ဦးပေါ်စသီးနှံများဖြစ်ပြီး ဈေးကောင်းရနိုင်သည့် အချိန်ဖြစ်သောကြောင့် တောင်သူများမှာ များစွာနစ်နာခဲ့ကြောင်း ဒေသခံတောင်သူများက ဆိုသည်။

"ကျွန်းပေါ်မှာ နေထိုင်တဲ့အိမ်တွေလည်း ခဏခဏ ပြန်ဆောက် နေထိုင်ရတယ်။ ဒီကျွန်းတွေနဲ့ပဲ အသက်မွေး ဝမ်းကျောင်း ပြုနေရတော့ ရွာကလူတွေလည်း မစွန့်နိုင်ကြဘူးလေ။ အရင်ရွာဟောင်းက ဘုန်းကြီးကျောင်းနဲ့ ခုံခုံထည်ထည် ဒီနေရာမှာရှိခဲ့တော့ ရေဘေးကြောင့်သာ ရွာသစ်မှာနေရတာ။ တစ်ရွာလုံးက သံယောဇဉ်ရှိနေတယ်လေ။ ဒါကြောင့် ဝါဆိုဝါခေါင် ရေကြီးချိန်မှာလည်း ကျွဲနွားတွေကိုသာ ရွှေ့ပြောင်းပြီး လူတွေက ရေထဲမှာ လှေတွေနဲ့နေကြတယ်"ဟု ဦးအုန်းမောင်က ဆက်ပြောသည်။



လက်ပံတပင်ကျေးရွာနေ တောင်သူများမှာ မြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုကာ မြေနုကျွန်းများပျက်စီး၍ လုပ်ကိုင်စားသောက်ရန် မြေနေရာအခက်အခဲများ ကြုံနေရခြင်းနှင့်အတူ တစ်ဖက်ကျေးရွာဖြစ်သော ရွာသားကျေးရွာနှင့်ဖြစ်ပွားသည့် မြေနုကျွန်းအငြင်းပွားမှုတွင်လည်း စိုက်ပျိုးထားသောသီးနှံများ ဖျက်ဆီးခံရပြီး တရားစွဲဆိုခြင်းများပါ ခံထားရကြောင်း၊ သက်ဆိုင်ရာမြေစာရင်းဌာနအနေဖြင့်လည်း တိကျသည့် တိုင်းတာမှုများ ဆောင်ရွက်မပေးသေးဘဲ နှစ်ဖက်စလုံးမှ မစိုက်ပျိုးရန်သာ အချိန်ကြာမြင့်စွာ တားမြစ်ထားခြင်းကြောင့် တောင်သူများမှာ အဘက်ဘက်တွင် နစ်နာနေကြောင်းလည်း ကျေးရွာနေတောင်သူများက ပြောသည်။

လက်ပံတပင်ကျေးရွာတွင်နေထိုင်သော တောင်သူများမှာ နှစ်ပေါင်းများစွာကပင် မြေနုကျွန်းများကိုအမှီပြု၍ ရာသီပေါ်သီးနှံများ စိုက်ပျိုးခြင်းကို အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် လုပ်ကိုင်ကြကြောင်း၊ မြစ်ရေတက်ချိန် မြေနုကျွန်းများ ရေအောက်ရောက်ရှိသွားစဉ်ခဏသာ စိုက်ပျိုးခြင်းကို ရပ်နားပြီး နွေရာသီ ရေခန်းသောအချိန်တွင်လည်း စက်ရေတွင်းများဖြင့်ရေသွင်းကာ စိုက်ပျိုးကြကြောင်း၊ ကျွန်းများပေါ်မှထွက်ရှိသော ကောက်ပဲသီးနှံများကို နီးစပ်ရာမြို့ရှိ ပွဲရုံများသို့ ရောင်းချခြင်းမှာ ကျေးရွာ၏ အဓိကစီးပွားရေးလုပ်ငန်းဖြစ်ပြီး ကျေးရွာတွင် အခြားစီးပွားရေးလုပ်ငန်း လုပ်ကိုင်သူရှားပါးကြောင်း သိရသည်။

**ပိုင်ဇေ(မကွေး)**

## စလင်းမြို့နယ် ရဒေးကျေးရွာ စာသင်ကျောင်းဝင်းအတွင်း၌ ရေကြီးရေလျှံမှုဖြစ်



**စလင်း အောက်တိုဘာ ၂၉**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ရဒေးကျေးရွာ၌ အောက်တိုဘာ ၂၇ ရက်မှ စ၍မိုးများပြီး ကန်တော်ချောင်းရေများ ကျသဖြင့် ရေကြီးရေလျှံမှုဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

အဓိကအားဖြင့် ရဒေးအလကခွဲကျောင်းမှာ ရေကျလမ်းနှင့် နီးသဖြင့် ကျောင်းအတွင်း ရေများဝင်ရောက်လျက်ရှိကြောင်း၊ အဆိုပါ အလကခွဲကျောင်းမှာ ကျောင်းသားကျောင်းသူ ၂၁၃ ဦးရှိပြီး ရဒေးရွာနှင့် အနီးအနား ကျေးရွာများမှ ကျောင်းသား ကျောင်းသူများပါ တက်ရောက်နေကြသော ကျောင်းဖြစ်ကြောင်း၊ ချောင်းကျရေမှာ ကျောင်းအနီး လှည်းလမ်းကြောင်းအတိုင်း ဝင်ရောက်နေခြင်းဖြစ်သဖြင့် ကျောင်းသား ကျောင်းသူများ ရေဘေးအန္တရာယ်မကြုံရစေရန် ရပ်ရွာတာဝန်ရှိသူများနှင့် ရပ်မိရပ်ဖများက သတိပြုဆောင်ရွက်နေရကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
# မဲဆန္ဒရှင်များသို့ မေတ္တာရပ်ခံခြင်း

၁။ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် ကြားဖြတ်ရွေးကောက်ပွဲများကျင်းပပြုလုပ်မည့် မြို့နယ်များတွင် မဲဆန္ဒရှင်စာရင်းအား ပြည့်စုံမှန်ကန်စေရေးအတွက် တစ်အိမ်တက်ဆင်း (Door to Door) စနစ်ဖြင့် မဲစာရင်းကောက်ယူခြင်းကို **၁-၁၁-၂၀၁၆ရက်မှ ၃၀-၁၁-၂၀၁၆ရက်**အထိ ၂၀၁၅ခုနှစ် မဲစာရင်းအားအခြေခံ၍ ပြင်ဆင်ခြင်း/ ဖြည့်စွက်ခြင်း/ပယ်ဖျက်ခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ အဆိုပါ ကြားဖြတ်ရွေးကောက်ပွဲ မဲဆန္ဒရှင်စာရင်းအား သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများတွင် **၁-၂-၂၀၁၇ ရက်မှ ၁၄-၂-၂၀၁၇ ရက်**အထိ ကပ်ထားကြေညာပေးသွားမည် ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ မဲစာရင်းပြည့်စုံမှန်ကန်ရေးအတွက် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပမည့် လစ်လပ်မဲဆန္ဒနယ်များရှိ မဲပေးပိုင်ခွင့်ရှိသောမဲဆန္ဒရှင်များအနေဖြင့် တစ်အိမ်တက်ဆင်း (Door to Door) စနစ်ဖြင့် **မဲစာရင်းကောက်ယူရာတွင်လည်းကောင်း၊** မဲစာရင်းကြေညာသည့်အချိန်တွင် **မဲစာရင်းအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သောတောင်းဆိုမှု၊ ကန့်ကွက်မှု၊ ပြင်ဆင်မှုများပြုလုပ်ရာတွင်လည်းကောင်း** ဝိုင်းဝန်းကူညီပါဝင်ဆောင်ရွက်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# တိုက်ကြီးတိုးဂိတ်၌ ပစ္စတိုသေနတ်တစ်လက်နှင့် တွေ့ရှိသူကို အရေးယူ



တိုက်ကြီး အောက်တိုဘာ ၂၉

**ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ထွန်း၏ ကြီးကြပ်မှုဖြင့် မြို့မရဲစခန်း စခန်းမှူး ဒုရဲမှူးမြထွန်းကျော်၊ မူးယစ်တပ်ဖွဲ့စု (၄၀)မှ ရဲအုပ် အောင်ဆန်းဝင်းနှင့် ပူးပေါင်းအဖွဲ့သည် တိုက်ကြီးမြို့အဝင်တိုးဂိတ်၌ အောက်တိုဘာ ၂၈ ရက် ည ၁၁ နာရီခွဲခန့်က ယာဉ်ပိတ်ဆို့စစ်ဆေးခဲ့သည်။**

ထိုသို့စစ်ဆေးစဉ် ရန်ကုန်-ပြည်လမ်း ပြည်မှ ရန်ကုန်ဘက်သို့ ယာဉ်မောင်း နေအောင်(ခ)ဖိုးသားကြီး မောင်းနှင်လာသော 3J/ ---- လင့်ခရူဇာ ယာဉ်ကို ရပ်တန့်စစ်ဆေးရာ ယာဉ်မောင်း နေအောင်၏ ထိုင်ခုံနှစ်ခုကြား တူးဘောက်အတွင်းမှ အမေရိကန်ထုတ် United States Property No.011887 စတီးဖြင့် ပြုလုပ်ထားသော ပစ္စတိုသေနတ် တစ်လက်၊ ကျည်အိမ်တစ်ခု၊ ကျည်အိမ်အတွင်း ထည့်သော စတီးဘောစေ့ ၂၁ လုံးတို့ကို ရှာဖွေစစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းကာ နေအောင်(ခ)ဖိုးသားကြီး ဆံတော်ရပ်ကွက် ပြည်မြို့နေသူကို တိုက်ကြီးမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ထွန်းလှိုင်(မြိုင်)**

# မအီမြို့၌ ရပ်ကွက်အုပ်ချုပ်ရေးမှူးကို ဓားဖြင့်လိုက်ခုတ်

**မအီ အောက်တိုဘာ ၂၉**

မအီမြို့ အမှတ်(၂)ရပ်ကွက် အုပ်ချုပ်ရေးမှူးကို အရိုးအသွား ၂၅ လက်မခန့်ရှိဓားဖြင့် လိုက်ခုတ်မှု အောက်တိုဘာ ၂၃ ရက် မွန်းလွဲပိုင်းက လျှပ်စစ်ဓာတ်အားခွဲရုံအနီး၌ ဖြစ်ပွားခဲ့သည်။

ဇီးဇွန်တောင် ကျောက်ထုတ်လုပ်ရေးလုပ်ကွက်၌ စက်ကြီးများအသုံးပြု၍ လမ်းဖောက်လုပ်နေခြင်းကို တားမြစ်ရန် မအီမြို့အမှတ်(၂)ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးချစ်ကိုကိုအား မြို့နယ်အုပ်ချုပ်ရေးမှူးက ဖုန်းဆက်ခေါ်သဖြင့် သွားရောက်ခဲ့ရာ ယင်းနေရာသို့အရောက်တွင် မအီမြို့အမှတ်(၃)ရပ်ကွက်နေ ဦးမောင်အေးသောင်းက အခြားမည်သူတစ်ဦးတစ်ယောက်မျှ ရန်မူခြင်း မပြုဘဲ ဦးချစ်ကိုကိုအား အရိုးအသွား ၂၅ လက်မခန့်ရှိ ဓားဖြင့် လိုက်ခုတ်ခြင်းဖြစ်သည်။

ဦးချစ်ကိုကိုသည် စက်တင်ဘာ ၇ ရက်ကလည်း မိမိရပ်ကွက်ရှိ စာကြည့်တိုက်၌ ဇီးဇွန်တောင်ကျောက်ထုတ်လုပ်ခြင်းကို ကာကွယ်တောအဖြစ်သတ်မှတ်ကာ ကျောက်ထုတ်လုပ်ခြင်း မပြုရန် ရပ်မိရပ်ဖလုပ်ငန်းရှင်များနှင့် အစည်းအဝေးတစ်ရပ် ပြုလုပ်ခဲ့သည်။ ယင်းကိစ္စကို မြို့နယ်အုပ်ချုပ်ရေးမှူးရုံးကလည်း စက်တင်ဘာ ၁၂ ရက် ရက်စွဲဖြင့် ဇီးဇွန်တောင်တစ်ဝိုက် ကျောက်ထုတ်လုပ်ခြင်းကို ပိတ်ပင်တားမြစ်စာထုတ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့်စပ်လျဉ်း၍ ဦးချစ်ကိုကိုက ရန်ပြုသူ ဦးမောင်အေးသောင်းကို အရေးယူပေးရန် မအီနယ်မြေရဲစခန်းသို့ အမှုဖွင့်တိုင်ကြားထားပြီး နယ်မြေစခန်းမှ တောင်ကုတ်မြို့နယ်ရဲစခန်းသို့ ပို့ဆောင်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်မောင်ဌေး(ပြန်/ဆက်)**

# ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၂၉**

မူဆယ်မြို့နယ် နမ့်ပေါ်တံတားလုံခြုံရေး ရဲကင်းမှ တပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၂၇ ရက်က နမ့်ပေါ်တံတားရဲကင်းရှေ့ ပြည်ထောင်စုလမ်းမပေါ်တွင် မင်းမင်းထွန်း မောင်းနှင်လာသည့် ယာဉ်အမှတ် YGN/ 4F- ---- တိုယိုတာခရောင်း မော်တော်ယာဉ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၃၀၀ ကို ဖမ်းဆီးရမိခဲ့သည်။

အလားတူ အောက်တိုဘာ ၂၈ ရက်က မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များသည် နောင်ချိုမြို့အဝင် မိုင်တိုင်အမှတ်(၈၀/၄)အနီး၌ ဇေယျာမိုး မောင်းနှင်ပြီး ဇော်မင်းထက်လိုက်ပါလာသည့် ဆိုင်ကယ်ကို ရှာဖွေရာ ဘိန်းဖြူအလေးချိန် ၁၅ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၃၉၇၅ ပြားတို့ကို သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

**မူးယစ်သားကောင် မဖြစ်စေရေး ဖေးမကူညီ ဝိုင်းဝန်းပေး**




# လိုင်စင်မဲ့မော်တော်ယာဉ် သိမ်းဆည်းရမိ

**ဖြူး အောက်တိုဘာ ၂၉**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့ ဈေးရှေ့ပလက်ဖောင်းဘေး၌ ရပ်တန့်ထားသောလိုင်စင်မဲ့ မော်တော်ယာဉ် တစ်စီးကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အောက်တိုဘာ ၂၉ ရက် မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ က စည်ပင်သာယာဈေးရှေ့၌ လိုင်စင်မဲ့ယာဉ် တစ်စီးရပ်တန့်ထားကြောင်း သတင်းအရ ဖြူးမြို့မရဲစခန်းမှ တာဝန်မှူး ဒုရဲအုပ် အောင်အောင်ခိုင်က သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ ဈေးရှေ့ပလက်ဖောင်းဘေး၌ ယာဉ်အမှတ် YGN 1J / ----- ဟွန်ဒါဖစ်ယာဉ်ကို ယာဉ်မောင်း ဦးအောင်လွင် (၅၇နှစ်)၊ ရွာသစ်ကျေးရွာ ဇလုပ်ကျေးရွာအုပ်စု ဖြူးမြို့နယ်နေသူနှင့်အတူ တွေ့ရှိသဖြင့် စစ်ဆေးရာ ယာဉ်နှင့်ပတ်သက်၍ ယာဉ်လိုင်စင် မှတ်ပုံတင်ထားခြင်းမရှိကြောင်း စစ်ဆေးတွေ့ရှိသဖြင့် ဖြူးမြို့နယ်ရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ဖြူး-မြင့်ဦး**

# မုံရွာမြို့ ကံသာဦးရပ်ကွက်အတွင်းနှစ်လောင်းပြိုင်လူသတ်မှု ကျူးလွန်သူကို ဖမ်းမိရန် စုံစမ်းထောက်လှမ်းလျက်ရှိ

**မုံရွာ အောက်တိုဘာ ၂၉**

မုံရွာမြို့ကံသာဦးရပ်ကွက်၌ အောက်တိုဘာ ၂၇ ရက် နံနက် ၇ နာရီခန့်က နှစ်လောင်းပြိုင်လူသတ်မှုဖြစ်ပွားရာ မုံရွာမြို့ နယ်မြေရဲစခန်းက (ပ)၇၅၃/ ၂၀၁၆ ရာဇသတ်ကြီး ပုဒ်မ ၃၀၂ ဖြင့် အမှုရေးဖွင့်ကာ ပြစ်မှုကျူးလွန်သူကို ဖမ်းဆီးရမိရေးစုံစမ်းလျက်ရှိကြောင်း မုံရွာနယ်မြေရဲစခန်းမှ သိရသည်။

"အခင်းဖြစ်တဲ့အရပ်မှာ ကျန်ခဲ့တဲ့ စူပါကပ်ဆိုင်ကယ်တစ်စီးရှိနေတဲ့အတွက် ပြစ်မှုကျူးလွန်သူကို ဖမ်းမိဖို့ ကြိုးစားနေပါတယ်"ဟု ရဲအုပ်ရဲအောင်က ပြောသည်။ အဆိုပါနှစ်လောင်းပြိုင်လူသတ်မှုကို ကံသာဦးရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအောင်လင်းက တရားလိုပြုအမှုဖွင့်ထားပြီး အောက်တိုဘာ ၂၇ ရက် နံနက် ၇ နာရီခန့်က ဦးအောင်လင်းသည် နေအိမ်၌ရှိနေစဉ် ရာအိမ်မှူးရောက်ရှိလာပြီး ၎င်းနယ်မြေအတွင်း ကနီဘက်မှ လာရောက်အိမ်ငှားနေထိုင်သူ ဇနီးမောင်နှံနှစ်ဦး နံနက် ၅ နာရီခန့်က စကားများရန်ဖြစ်ကြကြောင်း၊ နေအိမ်နှင့် ခြံဝင်းတံခါးများ သော့ခတ်လျက် အမျိုးသားတစ်ဦး ဆိုင်ကယ်စီးထွက်သွားသည်ကိုမြင်ကြောင်း လာရောက်သတင်းပို့ရာ အခင်းဖြစ်နေအိမ်သို့ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ သွားရောက်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ အိမ်အတွင်းဝင်ရောက်ကြည့်ရှုခဲ့ရာ နေအိမ်ခန်း အရှေ့တောင်ထောင့်၌ ဒဏ်ရာများဖြင့် သေဆုံးနေသူမောင်ချို(၃၆နှစ်)ကို တွေ့ရပြီး အိမ်ခန်းအတွင်း ခုတင်ခြေရင်းထိုင်ခုံရှည်အသေးပေါ်တွင် ဒဏ်ရာများဖြင့် သေဆုံးနေသူ မထားထားနွယ်(ခ)မမော်မော်ကို တွေ့ရှိသဖြင့် ရဲစခန်းသို့ ဆက်သွယ်အကြောင်းကြားခဲ့ရာ ရဲအုပ်ရဲအောင်နှင့် အဖွဲ့ရောက်ရှိလာပြီး စစ်ဆေးချက်အရ သေဆုံးသူ နှစ်ဦးမှာ ကနီမြို့နယ် ချိုင်ရွာနေသူ မောင်ချိုနှင့် တောင်ငူမြို့ မင်းကြီးညိုရပ်ကွက်နေသူ မထားထားနွယ်(ခ)မမော်မော်ဖြစ်ကြောင်း သိရသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

# နေပြည်တော်၌ ခိုးမှု၊ လုယက်မှုများ ဖြစ်ပွားနေ၍ တရားဥပဒေစိုးမိုးရေး ဆောင်ရွက်စေချင်

**နေပြည်တော် အောက်တိုဘာ ၂၉**

မကြာသေးမီက ပညာရေးဝန်ကြီးဌာနမှ ဒုတိယဦးစီးမှူးတစ်ဦးကို နေပြည်တော် ဘူးကွဲ့အထွက် ဓာတ်ဆီဆိုင်အနီး၌ လူ သုံးယောက်က ဆိုင်ကယ်နှင့် ဖုန်းကို လုယူခဲ့ခြင်းနှင့် ဓနသိဒ္ဓိရပ်ကွက်ရှိ ဝန်ထမ်းအိမ်ရာများကို ဖောက်ထွင်းသည့် သတင်း၊ လမ်းလျှောက်နေသူ အမျိုးသမီးထံမှ လက်ကိုင်ဖုန်းကို လုယက်ထွက်ပြေးသည့် သတင်းများကို နေ့စဉ်ထုတ်သတင်းစာများတွင် ဖတ်ရှုခဲ့ရသည်။

အစိုးရဝန်ကြီးဌာနရုံးများ၌လည်း ဝန်ထမ်းဆိုင်ကယ်များ ခိုးယူခံနေရသည်ကို မကြာခဏကြားသိနေရပြီး အောက်တိုဘာ ၂၆ ရက် ညပိုင်းက ရုံးအမှတ်(၇) မော်တော်ယာဉ်ရပ်နားကွင်းတွင် ဆိုင်ကယ်တစ်စီးပျောက်ဆုံးသွားခဲ့ကြောင်း သိရသည်။

အောက်တိုဘာ ၂၇ ရက် ည ၁၁ နာရီ ၁၀ မိနစ်ခန့်က ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ အငယ်တန်းစာရေး ဦးသိန်းဌေးအောင်သည် ရုံး၌ အချိန်ပိုဆင်းပြီးနေအိမ်သို့ ဥပ္ပါတသန္တိဘုရားလမ်းအတိုင်း ဆိုင်ကယ်စီး၍ ပြန်လာကြောင်း၊ ကိုးသပြေကုန်းကျေးရွာအနီး အရောက် လူလေးဦးက ဆိုင်ကယ်နှစ်စီးဖြင့် လိုက်ပါလာပြီး ၎င်း၏ ဆိုင်ကယ်ကို ခြေဖြင့်ကန်လှဲကာ ဆိုင်ကယ်လဲကျစဉ် တုတ်ဓားများဖြင့် ဝိုင်းဝန်းရန်ပြု ရိုက်နှက်၍ လက်ကိုင်ဖုန်းကို လုယူသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်ကြောင့် ဦးသိန်းဌေးအောင်တွင် ဦးခေါင်းဝဲဘက် ချိုစောင်းကွဲဒဏ်ရာ၊ မျက်နှာနှင့် ဝဲဘက်လက်ကောက်ဝတ်တို့၌ ပွန်းပဲ့၊ ညိုမည်းဒဏ်ရာများ ရရှိခဲ့ပြီး နေပြည်တော် ခုတင်(၁၀၀၀) ဆေးရုံ ဦးနှောက်နှင့် အာရုံကြောဌာန၌ ဆေးကုသမှု ခံယူနေရကြောင်း ၎င်း၏ သူငယ်ချင်းဖြစ်သူ ဦးအောင်လင်းဦးက ပြောကြားသည်။

နေပြည်တော်တွင် ယခုအခါ လမ်းဘေး၌ အုပ်စုဖွဲ့အရက်သေစာသောက်စားခြင်း၊ လမ်းသွားလမ်းလာများကို မိုက်ကြေးခွဲခြင်း၊ ရန်ရှာခြင်း ပြုလုပ်မှုများကို ညတိုင်း တွေ့နေရသည်။

ယခုအခါ နေပြည်တော်အတွင်း ကျူးကျော်တဲများ များပြားလာသည်နှင့်အမျှ ဝန်ထမ်းအိမ်ရာများ၌ ဆိုင်ကယ်များခိုးယူခံရခြင်း၊ ဝန်ထမ်းများ ရုံးသွားနေချိန်တွင် အခန်းများ ဖောက်ထွင်းခံရခြင်းများ မကြာခဏဖြစ်ပေါ်နေသည့်အတွက် ရဲတပ်ဖွဲ့က ရပ်ကင်း၊ လှည့်ကင်း၊ ပတ်ကင်းများဖြင့် တရားဥပဒေစိုးမိုးရေး ဆောင်ရွက်ပေးစေချင်ကြောင်း ဝန်ထမ်းများက ပြောကြားသည်။

**နေသန်း(နေပြည်တော်)**


**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 3J/4239 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

**အများသိစေရန် ကြေညာချက်**

၁။ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၀)ရပ်ကွက်၊ ထွန်းသီရိ(၃)လမ်း၊ အမှတ်(၅၅၇)တွင် ၂ခန်းတွဲ (၆)ထပ်တိုက် အဆောက်အဦ ဆောက်လုပ်ခွင့်အတွက် မြေရှင် ဦးအက်(စ်)ဒီပရာဆပ်(ကစ)ဦးဇော်အောင်၊ လိုင်စင်ရကန်ထရိုက်တာ ဒေါ်ထူးထူးအောင် (LC-835)၊ လိုင်စင်ရအင်ဂျင်နီယာ ဦးနိုင်မိုး (LS-1750)တို့မှ တင်ပြလျှောက်ထားလာပါသဖြင့် ဤဌာန၏ (၁၈-၁၀-၂၀၁၅)ရက်စွဲပါစာအမှတ်၊ ၃၁၈၃/၃၁၈၂/စည်ပင်-ယာ(အုံ)ဖြင့် ဆောက်လုပ်ခွင့်ပြုခဲ့ပြီး ဖြစ်ပါသည်။

၂။ ယခုအခါ အဆိုပါ၂ခန်းတွဲ(၆)ထပ်တိုက် အဆောက်အဦ ဆောက်လုပ်ခွင့်အား ယခင်တင်ပြထားသော လိုင်စင်ရကန်ထရိုက်တာ ဒေါ်ထူးထူးအောင် (LC-835)အစား ဦးသန်းဇော်ဝင်း(LC-1137)သို့ ပြောင်းလဲဆောင်ရွက်ခွင့်ပြုပါရန် မြေရှင်နှင့် လိုင်စင်ရကန်ထရိုက်တာတို့မှ လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)

**အများသိစေရန်ကြေညာခြင်း**

မိုးညှင်းမြို့၊ နာခါရပ်ကွက်၊ အမှတ်(၅/၁၉၆)၊ မြေကွက်အမှတ်(၆၉၃)အား ကျွန်မ၏မိခင် ဒေါ်ဆိုင်ဒီ ၁/မညန(နိုင်)၀၅၅၅၅၀ မှ ပိုင်ဆိုင်ပြီး မိခင်ဖြစ်သူကွယ်လွန်သွားပြီးနောက် ကျန်ရစ်သူသားသမီးခုနစ်ဦးမှ အမွေဆက်ခံပိုင်ခွင့်ရှိပြီး ယနေ့အချိန်ထိ မည်သူတစ်ဦးတစ်ယောက်ကိုမျှ အမွေခွဲဝေခဲ့ခြင်းမရှိသေးပါကြောင်းနှင့် ၎င်းမြေကွက်အား တစ်စုံတစ်ယောက်ကိုမျှ မိမိသဘောဆန္ဒအလျောက် လွှဲပြောင်းခြင်း၊ ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ ပေးကမ်းခြင်း အခြားတစ်စုံတစ်ရာဖြင့် လွှဲပြောင်းခြင်းများ လုံးဝ(လုံးဝ) မပြုလုပ်ရန်နှင့် ပြုလုပ်ပါက တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မအေးအေးခိုင် ၁/မညန(နိုင်)၀၇၇၄၈၂

**သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်၊ မီးတိုင်တောကျေးရွာအုပ်စု တုတ်ပိုးကျေးရွာနေ (ဖ)ဦးမေဝါလာ ၇/ကတခ(ပြု)၀၁၀၃၈၉၊ (မိ)ဒေါ်သေသရီး ၇/ကတခ(ပြု)၀၁၁၀၄၃ တို့၏သား မောင်အစိုကူမာရ်သည် မိဘ၏ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ အမျိုးမျိုးအကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုလုပ်နေပါ၍ ယနေ့မှစပြီး သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။

၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝများကို တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ပါ။

ဦးမေဝါလာ-ဒေါ်သေသရီး

တုတ်ပိုးကျေးရွာ

**သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း**

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ ငါန်းဇွန်မြို့နယ်၊ မြို့သာအုပ်စု၊ မြို့သာနောက်ရွာနေ ဦးချစ်မြင့် ၉/ငဇန(နိုင်)၀၂၂၇၀၂၊ ဒေါ်ကြည်ဝင်း ၉/ငဇန(နိုင်)၀၅၇၇၂၃ တို့၏သား မောင်မျိုးဝင်း(ခ)မောင်ရှမ်းကွမ်း ၉/ငဇန(နိုင်)၀၇၅၈၈၉သည် မိဘ၏သွန်သင်ဆုံးမစကားကို နာခံခြင်းမရှိဘဲ မိဘများအား အကြိမ်ကြိမ်အခါခါစိတ်ဆင်းရဲအောင်ပြုလုပ်ပါသဖြင့် ၎င်းအား ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအားလုံးကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အသိပေးအပ်ပါသည်။

မိဘများ-

ဦးချစ်မြင့်-ဒေါ်ကြည်ဝင်း

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

သန်လျင်မြို့နယ်၊ အောင်ချမ်းသာအိမ်ရာစီမံကိန်း၊ အပိုင်း(၁)၊ Phase (5)၊ (၂)ထပ်လုံးချင်း၊ တိုက်အမှတ် (၁၀၄-B) ကို အမည်ပေါက် ဒုတိယဗိုလ်ချုပ်ကြီးသောင်းအေး ၁၃/လခန(နိုင်) ၀၀၂၄၆မှ ဦးရဲမြန်မာအောင် ၁၂/ဒဂန(နိုင်) ၀၃၀၉၄၅အား မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းအတွက် စာချုပ်စာတမ်းများဖြင့် လက်ခံရရှိသူ ဦးရဲမြန်မာအောင်မှ ပိုင်ဆိုင်မှုအတွက် ၎င်း၏အမည်ဖြင့် မြေငှားစာချုပ်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာခြင်းအပေါ် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန (အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ)သို့ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ

မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

**သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း**

ရမည်းသင်းမြို့၊ အောင်မင်္ဂလာရပ်ကွက်နေ ဦးစောနိုင်ဝင်း- ဒေါ်ဌေးဌေးဝင်းတို့၏ သား မောင်ရဲဇော်ထက်သည် မိဘများကို စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ခြင်းနှင့် ဆိုဆုံးမစကားများကို နားမထောင်ခြင်းတို့ကြောင့် သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ကြောင်း ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဖခင်ဦးစောနိုင်ဝင်း၊ မိခင် ဒေါ်ဌေးဌေးဝင်း

**ကြော်ငြာစာ**

**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်**

**၂၀၁၆ခုနှစ် တရားမအထွေထွေမှုအမှတ်-၁၀၁**

**(မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ပုဒ်မ-၂၈၁အရ လွှတ်ငြိမ်းခွင့်ပြုရန် လျှောက်ထားသည့်အမှု)**

TNS Myanmar Co.,Ltd — လျှောက်ထားသူ

(ယင်းကုမ္ပဏီ၏ကိုယ်စားလှယ်-ဒေါ်အိအိသန်းနိုင်)

အမှတ် ၃၁ (ဘီ)၊ တောင်မြင်းပြိုင်ကွင်းလမ်း၊

တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ တောင်မြင်းပြိုင်ကွင်းလမ်း၊ အမှတ် ၃၁(ဘီ)နေ TNS Myanmar Co.,Ltd.က ကုမ္ပဏီများအက်ဥပဒေအရ ပထမအကြိမ် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကို သတ်မှတ်ရက်ထက်ကျော်လွန်ကျင်းပခဲ့သဖြင့် မြန်မာနိုင်ငံကုမ္ပဏီများအက် ဥပဒေပုဒ်မ-၇၆ကို လိုက်နာရန်ပျက်ကွက်ခဲ့ခြင်းအတွက် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ-၂၈၁အရ လွှတ်ငြိမ်းခွင့်ပြုပါရန် လျှောက်ထားချက်ရှိသဖြင့် အဆိုပါလျှောက်ထားချက်အပေါ် အကျိုးစီးပွားသက်ဝင်သည် အဆိုရှိသူခပ်သိမ်းတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်လျှောက်ထားဆိုင်ဆိုရန် သင့်လျော်မည်ဟုအထင်ရှိလျှင်)ဆိုခဲ့သော ၂၀၁၆ခုနှစ် နိုဝင်ဘာ ၁၀ရက်(၁၃၇၈ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၁ရက်) နံနက် ၁၀ နာရီတွင် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့ကနေရာတကျအမိန့်ပေးထားသူ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်းလာရောက်ဆိုင်ဆိုရန်နှင့် မှုခင်းမှတ်တမ်းများကို ကြည့်ရှုရန် ယခုမိန့်ကြားဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့လာရောက်ခြင်းတစ်ခုခုမရှိပျက်ကွက်ခဲ့လျှင် ဤရုံးတော်က ဆိုခဲ့သော TNS Myanmar Co.,Ltd. ၏လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမည်ဖြစ်ကြောင်း ကြော်ငြာစာထုတ်ဆင့်လိုက်သည်။

၂၀၁၆ခုနှစ် အောက်တိုဘာ ၂၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ထွန်းထွန်းဦး)

တွဲဖက်ခရိုင်တရားသူကြီး(၄)

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

# လေးနိုင်ငံချစ်ကြည်ရေး ဖိတ်ခေါ်စားပွဲတင်တင်းနစ်ပြိုင်ပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၉**

မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်က ကြီးမှူးကျင်းပသော လေးနိုင်ငံ ကလပ်ပေါင်းစုံ ချစ်ကြည်ရေးဖိတ်ခေါ်စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ ဦးဝိစာရလမ်း အမျိုးသားရေကူးကန်ဝင်းရှိ မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကျော်ကျော်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ YINHE ကုမ္ပဏီဥက္ကဋ္ဌ Mr. Chan၊ ထိုင်း၊ မလေးရှားအသင်း မန်နေဂျာတို့က ဘောလုံးရိုက် ဖွင့်လှစ်ပေးကြသည်။

"လေးနိုင်ငံချစ်ကြည်ရေးပြိုင်ပွဲမှာ တရုတ်၊ မလေးရှား၊ ထိုင်း၊ မြန်မာအသင်းတို့ဖြစ်ပါတယ်။ လာမည့် မလေးရှားဆီးဂိမ်းမှာ မြန်မာကစားသမားတွေ အတွေ့အကြုံရရှိအောင် သူတို့နဲ့ ကစားတဲ့အခါ နည်းစနစ်ကစားပုံတွေကို အတွေ့အကြုံတွေယူပြီး ဒီပြိုင်ပွဲကို ကျင်းပတာဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်ကျော်က ပြောကြားသည်။

ယင်းပြိုင်ပွဲတွင် မြန်မာမှ သုံးသင်းဝင်ရောက်ယှဉ်ပြိုင်ပြီး တရုတ်၊ ထိုင်း၊ မလေးရှားအသင်းတို့က တစ်သင်းစီပါဝင်ယှဉ်ပြိုင်ကာ ပြိုင်ပွဲကို အောက်တိုဘာ ၃၀ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေကေလင်း**




**လေးနိုင်ငံကလပ်ပေါင်းစုံ ချစ်ကြည်ရေးဖိတ်ခေါ်စားပွဲတင်တင်းနစ်ပြိုင်ပွဲ ကျင်းပစဉ်**
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

# ပဋ္ဌမအကြိမ် လူထုစုပေါင်းစက်ဘီးစီးနင်းပွဲ မန္တလေးမြို့၌ ကျင်းပ

**မန္တလေး အောက်တိုဘာ ၂၉**

မျိုးဆက်သစ် စက်ဘီးအားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနတို့က ကြီးမှူး၍ လစဉ် နောက်ဆုံးပတ်တွင် ကျင်းပလျက်ရှိသော ပဋ္ဌမအကြိမ် လူထုစုပေါင်း စက်ဘီးစီးနင်းပွဲကို ယနေ့ နံနက် ၅ နာရီခွဲက မန္တလေးမြို့ ကျုံးတောင်ဘက် ၂၆ လမ်း၊ ၇၁ လမ်းနှင့် ၇၂ လမ်းကြားရှိ မြို့တော်စည်ပင်သာယာရေး ကော်မတီရုံးရှေ့ စုရပ်နေရာ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်သည် စက်ဘီးစီးအားကစားသမားများ၊ စက်ဘီးအားကစားဝါသနာရှင် ပြည်သူများနှင့်အတူ စုပေါင်းစီးနင်း၍ ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။ **(ယာပုံ)**


တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဆောင်သော စက်ဘီးအားကစားဝါသနာရှင် ၅၀ ကျော်တို့သည် စုရပ်မှစတင်၍ ၂၆ လမ်း အတိုင်း ၆၂ လမ်းအထိ၊ ၆၂ လမ်းအတိုင်း သိပ္ပံလမ်းအထိ၊ သိပ္ပံလမ်းမှ ၇၈ လမ်းအထိ၊ ထိုမှ ၂၆ လမ်း ကျုံးတောင်ဘက်လမ်းအတိုင်း တာလွှတ်စုရပ်နေရာအထိ စုပေါင်းစက်ဘီးစီးနင်းကာ ပျော်ရွှင်စွာ ဆင်နွှဲရောက်ရှိခဲ့ကြသည်။

အဆိုပါ လူထုစုပေါင်း စက်ဘီးစီးနင်းပွဲကို လစဉ် နောက်ဆုံးပတ် စနေ သို့မဟုတ် တနင်္ဂနွေနေ့တွင် ကျင်းပလျက်ရှိရာ မည်သူမဆို အသက်ကန့်သတ်ချက်မရှိ မည်သည့်စက်ဘီးအမျိုးအစားနှင့်မဆို ပါဝင်စီးနင်း ဆင်နွှဲနိုင်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**




# အာဆင်နယ်တို့ အဝေးကွင်း၌ ဆန်းဒါးလန်းကိုအနိုင်ရ၊ မန်စီးတီးနိုင်သော်လည်း မန်ယူသရေကျ



ပရီမီယာလိဂ်ပွဲစဉ်(၁၀)အဖြစ် အောက်တိုဘာ ၂၉ ရက်က ဆန်းဒါးလန်းနှင့် အာဆင်နယ်တို့ ကစားခဲ့ရာ အာဆင်နယ်က အဝေးကွင်း၌ လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ယင်းပွဲတွင် ပွဲချိန် ၁၉ မိနစ်တွင် ဆန်ချက်ဇ်၏ အဖွင့်ဂိုးဖြင့် အာဆင်နယ်တို့ ဦးဆောင်ခဲ့ပြီး ဒုတိယပိုင်း ၆၅ မိနစ်တွင် ဆန်းဒါးလန်း ပယ်နယ်တီကန်ခွင့်ရကာ တိုက်စစ်မှူး ဒီဖိုးက ချေပဂိုးသွင်းယူပေးခဲ့သည်။ အာဆင်နယ်အတွက် အနိုင်ဂိုးများကို ပွဲချိန် ၇၁ မိနစ်နှင့် ၇၆ မိနစ်တွင် ဂျီရော့ဒ်၊ ၇၈ မိနစ်တွင် ဆန်ချက်ဇ်တို့က သွင်းယူခဲ့သည်။ **(ဝဲပုံ)** ယင်းပွဲတွင် အာဆင်နယ်တို့ ဘောလုံးပိုင်ဆိုင်မှု အသာစီးရပြီး ဂိုးသွင်းခွင့် ၁၈ ကြိမ်အနက် ရှစ်ကြိမ် ဂိုးပေါက်တည့်ခဲ့သည်။ အာဆင်နယ်အသင်းသည် ရမှတ် ၂၃ မှတ် ရရှိထားသည်။

မန်စီးတီးတို့က အဝေးကွင်း၌ ဝက်စ်ဘရွန်းကို လေးဂိုး - ဂိုးမရှိဖြင့် အနိုင်ရသော်လည်း မန်ယူက အိမ်ကွင်း၌ တစ်ယောက်လျော့ ကစားကာ ဘန်လေကို ဂိုးမရှိသရေဖြစ်ခဲ့သည်။ စပါးနှင့် လက်စတာတို့က တစ်ဂိုးစီ သရေဖြစ်ခဲ့သည်။ မစ်ဒယ်ဘရော့က ဘုန်းမောက်ကို နှစ်ဂိုး - ဂိုးမရှိ၊ ဝက်ဖို့ဒ်က ဟားလ်စီးတီးကို တစ်ဂိုး - ဂိုးမရှိတို့ဖြင့် အနိုင်ရသည်။

**ဂျာမန်ဘွန်ဒက်စ်လီဂါ ပွဲစဉ်(၉)**

| | | |
|---|---|---|
| မိန့်ဇ် | ၂ - ၀ | အင်ဂိုစတက် |
| ဝုဖ်ဘတ် | ၁ - ၂ | လေဗာကူဆင် |
| အော့စ်ဘတ် | ၁ - ၃ | ဘိုင်ယန်မြူးနစ် |
| ဝါဒါဘရီမင် | ၁ - ၃ | ဖရိုင်းဘတ် |
| ဒမ်စတက် | ၀ - ၂ | လိုက်ပ်ဇစ် |

**စပိန်လာလီဂါ ပွဲစဉ်(၁၀)**

| | | |
|---|---|---|
| စပို့တင်းဂီဂျွန် | ၁ - ၁ | ဆီဗီလာ |
| အလာဗက်စ် | ၁ - ၄ | ရီးရဲမက်ဒရစ် |

**သီဟ** ■


# စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာဧည့်ခံပွဲအခမ်းအနားကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ
ဦးမိုးဆန်းအောင် (Managing Director KBZ Group of Companies)- ဒေါ်ခင်မျိုးဆွေ
တို့၏ တစ်ဦးတည်းသော သား

**မောင်စွမ်းသူမိုး**

**တွဲဖက်လေယာဉ်မှူး (Senior First Officer), AIR KBZ Limited.**
**Director, Yangon Triple Co.,Ltd.**
**Final Part I (University of Medicine 1), Diploma in Aviation (Malaysia)**

နှင့်

ရန်ကုန်မြို့နေ
ဦးယုကျင်- ဒေါ်ခင်သိန်းငွေးတို့၏ တစ်ဦးတည်းသော သမီး
မောင်ဆန်းလင်းထွန်း၏ အစ်မ

**မမိုးယုစံ**

**(ရုပ်ရှင်သရုပ်ဆောင်)**
**B.A (Myanmar)**

တို့၏ ၂၉-၁၀-၂၀၁၆ရက်တွင် ရန်ကုန်မြို့ MELIA HOTEL YANGON (Grand Ballroom)၌ ကျင်းပပြုလုပ်သော စုလျားရစ်ပတ်ထိမ်းမြား မင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးပါသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှအားလည်းကောင်း၊ မင်္ဂလာလက်ထပ်ထိမ်းမြားပေးခြင်း၊ မင်္ဂလာစံပယ်ပန်းကုံးချီးမြှင့်ပေးခြင်း၊ မင်္ဂလာလက်စွပ်ချီးမြှင့်ပေးခြင်းတို့ကို ဆောင်ရွက်ပေးပါသော ကမ္ဘောဇအုပ်စုကုမ္ပဏီ၏ ဥက္ကဋ္ဌကြီး ဝဏ္ဏကျော်ထင်စည်သူ ဦးအောင်ကိုဝင်းနှင့်ဇနီး ဒုတိယဥက္ကဋ္ဌကြီး သီဟသုဓမ္မသင်္ဂီ၊ သီရိသုဓမ္မသင်္ဂီ၊ အဂ္ဂမဟာသီရိသုဓမ္မသင်္ဂီ ဒေါ်နန်းသန်းထွေး လူမှုထူးချွန် ပထမဆင့်တို့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ တက်ရောက်ချီးမြှင့်ပေးပါသော တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ လွှတ်တော်အမတ်များ၊ စစ်ဘက်နယ်ဘက်မှ အကြီးအကဲများနှင့် ဇနီးများ၊ လုပ်ငန်းရှင်ကြီးများ၊ မင်္ဂလာလက်ဖွဲ့ပေးပို့ကြသူများ၊ တက်ရောက်ချီးမြှင့်ပေးသော အလင်္ကာကျော်စွာပန်းချီဦးစိုးမိုးနှင့် အကယ်ဒမီ ဒေါ်တင်တင်ညို၊ ဦးမျိုးမင်း (ရင်တွင်းဖြစ်)နှင့် ဇနီး၊ အလင်္ကာဝတ်ရည် ဦးမောင်မောင်အေးနှင့် ဇနီး၊ ပွဲစဆုံးမေတ္တာဖြင့်ကူညီပေးသော မိတ်ကပ်ခင်စန်းဝင်း၊ မင်္ဂလာဝတ်စုံစီစဉ်ပေးသော ပြည့်စိုးအောင်၊ မေတ္တာဖြင့် Pre Wedding Photo၊ ဝတ်စုံ၊ ဓာတ်ပုံ၊ ဗီဒီယိုရိုက်ကူးပေးသော MY Dream Wedding Studio၊ ဦးပီတာ၊ Forever Wedding Studio, AROMA၊ မေတ္တာဖြင့် Pre Wedding ဝတ်စုံချုပ်ပေးသော မမေမြတ်ဝါဆို၊ မေတ္တာဖြင့်လက်ဝတ်ရတနာဆင်မြန်းပေးပါသော She Shine Jewellery၊ သိုက်စိန်ဆိုင်၊ မေတ္တာဖြင့် သတို့သား၊ သတို့သမီးဝတ်စုံဆင်မြန်းပေးသော သင်္ဂီကျော်ပိုးထည်တိုက်၊ မေတ္တာဖြင့် ပွဲအားလုံးဖိနပ်ဆင်မြန်းပေးသော ရွှေနဂါးဖိနပ်ဆိုင်၊ ပန်းအလှဆင်ပေးသော မာမီကျော် (မလေးရှား)၊ သဇင်ပန်း၊ မေတ္တာဖြင့် ကူညီပေးသော ဟိန်းထက်ဝေယံ (သဇင်ခြံ)၊ မေတ္တာဖြင့်အခါတော်ပေး ပေးပါသော အကယ်ဒမီများရှင် ဦးရန်အောင်၊ အစစအရာရာကူညီပေးသော ဦးချိုကြီး (Superstar Model)၊ ပါဝင်ကူညီပေးပါသော အနုပညာရှင်များ၊ ဤမင်္ဂလာဧည့်ခံပွဲအခမ်းအနားအား အစစအရာရာအဆင်ပြေချောမွေ့အောင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးခဲ့ကြသူများ၊ နှစ်ဖက်သောဆွေမျိုး၊ မိတ်ဆွေမိတ်သင်္ဂဟများ၊ သူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သည့် ပုဂ္ဂိုလ်များအားလုံးတို့အား လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါသည်။

**နှစ်ဖက်သော မိဘများနှင့်**
**မောင်စွမ်းသူမိုး - မမိုးယုစံ**

ခ ရီး သွား ဆောင်း ပါး

# အပန်းဖြေစရာကောင်းသည့် ကျိုင်းတောင်းရေတံခွန်ဆီသို့

သတင်းဆောင်းပါး - မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ - မောင်ချစ်ကြည်

မိုးအကုန်ဆောင်းကူးစမို့လို့လားမသိ၊ ရာသီဥတုက နံနက်ပိုင်းအအေးဓာတ်ပိုလာသည်။ မိုးနှောင်းလက်ကျန် မိုးကတစ်ဖြိုက်နှစ်ဖြိုက် ရွာထားသဖြင့် ပတ်ဝန်းကျင်တစ်ခွင် စိမ်းစိုလန်းဆန်းကာ သာသာယာယာရှိနေသည်။ ရှမ်းတောင်တန်းများကို ဖြတ်သန်းကွေ့ဝိုက် ဖောက်လုပ်ထားသော ကားလမ်းအတိုင်း မောင်းနှင်လာသည့်ကားက နမ့်စန်မြို့ကို ကျော်ဖြတ်ပြီး မကြာမီ မိုးနဲမြို့သို့ ရောက်လာသည်။ တည်ငြိမ်အေးချမ်းနေသော မိုးနဲမြို့က ရှမ်းတောင်တန်းများနှင့်အတူ ကြိုဆိုနေသည်ဟု ခံစားရသည်။

မိုးနဲမြို့သည် ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် တည်ရှိသော မြို့ဖြစ်သည်။ ပင်လယ်ရေမျက်နှာပြင်အထက် ၃၁၇၉ ပေမြင့်သောနေရာတွင်တည်ရှိရာ မိုးနဲမြို့က အေးစိမ့်စိမ့်နှင့် နှင်းတွေဝေနေတတ်သော မြို့လည်းဖြစ်သည်။ ကျွန်တော်တို့ မိုးနဲမြို့အတွင်း ရောက်ချိန်၌ နှင်းမှုန်တို့က ကျဆင်းဝေ့ဆိုင်းနေဆဲ၊ ရှမ်းတောင်တန်းများအပေါ် မြူနှင်းကမ္ဗလာတို့ လွှမ်းခြုံထားဆဲပင်။

မြို့နယ်ရုံးများတည်ရှိရာ မြို့ဖြစ်၍လားမသိ၊ မိုးနဲမြို့က မြို့ကြီးတစ်မြို့အသွင်ဆောင်နေပြီဖြစ်သည်။ နှစ်ထပ်၊ သုံးထပ်မြင့်သော နေအိမ်တိုက်တာများ တွေ့ရသလို တစ်ထပ်နေအိမ်များကိုလည်း စနစ်တကျတည်ဆောက်နေထိုင်ကြသည်ကို မြင်တွေ့ရသည်။ မော်တော်ယာဉ်များ သွားလာမှုရှိသော်လည်း နည်းပါးပြီး ဆိုင်ကယ်စီးနင်းသွားလာမှုက ပိုမိုများပြားသည်ကို သတိပြုမိသည်။

မိုးနဲမြို့အဝင် လမ်းတစ်ဖက်တစ်ချက်တွင် ညောင်ပင်ကြီးနှစ်ပင်တည်ရှိသဖြင့် ရှေးအခါက သစ်တံခါးမြို့ဟုလည်း ခေါ်ဆိုခဲ့ကြသည်။ မိုးနဲမြို့ကို သီပေါစော်ဘွား၏သား စဝ်ဟိုဖက တည်ထားခဲ့ခြင်းဖြစ်ပြီး မိုးနဲဆိုသည်မှာ မိုင်းနိုင်းဟူသော ရှမ်းဘာသာအမည်မှ ဆင်းသက်လာ ခြင်းဖြစ်ရာ နှင်းမြို့တော်ဟု အဓိပ္ပာယ်ရကြောင်း သိရသည်။ ထို့ကြောင့်ဖြစ်မည်။ မိုးနဲမြို့က အမြဲတမ်း နှင်းတွေဝေနေတတ်သည်ကို တွေ့ရသည်။ ဆောင်းနံနက်ခင်းများတွင် အနီးဝန်းကျင်မှ လူများကိုပင် မမြင်တွေ့ရလောက်အောင် နှင်းများ ကျဆင်းတတ်သည်ဟု ဆိုသည်။

မိုးနဲမြို့လယ်ကို လွိုင်လင်-နမ့်စန်-မိုးနဲ-လင်းခေးကားလမ်းက မြောက်မှတောင်သို့ ဖြတ်သန်းဖောက်လုပ်ထားသည်ကို တွေ့ရသည်။ တောင်ကြီးမြို့မှ အရှေ့ဘက်သို့ လွိုင်လင်-နမ့်စန်မြို့အထိ ကားလမ်းက အရှေ့ဘက်သို့ ဦးတည်ဖောက်လုပ်ထားသော်လည်း နမ့်စန်မှ မိုးနဲမြို့သို့ လာသောကားလမ်းက မြောက်မှတောင်သို့ ဖောက်ထားသော လမ်းဖြစ်သည်။ ယင်းလမ်းမှာ ယခုအခါ မိုးနဲမြို့ကို မြောက်မှတောင်သို့ ဖြတ်သန်း ဖောက်လုပ်ထားသော ကားလမ်းသဖွယ်ဖြစ်နေသည်ကို တွေ့ရသည်။

မိုးနဲမြို့အရှေ့ဘက်တွင် လင်းခေးမြို့ရှိနေပြီး လင်းခေးမြို့ အနောက်ဘက်တွင် မောက်မယ်မြို့တည်ရှိနေသည်။ မိုးနဲမြို့က စိုက်ပျိုးရေးအဓိကထားသော မြို့ဖြစ်ပြီး အရောင်းအဝယ်လည်း ပြုလုပ်ကြသည်။ မိုးနဲမြို့ အရှေ့ဘက်တောင်ကြောများနှင့် ကုန်းမြင့်များ၊ မြေနိမ့်လွင်ပြင်များတွင် ဆန်စပါး၊ ကြံနှင့် ဟင်းသီးဟင်းရွက်များ၊ သစ်သီးဝလံများ စိုက်ပျိုးကြသည်။ မိုးနဲမြို့အနောက်ဘက် ကုန်းမြင့်နှင့် မြေပြန့်များတွင် စိုက်ပျိုးခင်းများရှိသော်လည်း မြို့အရှေ့ဘက်က စိုက်ဧရိယာပိုများကြောင်း သိရသည်။

မိုးနဲမြို့တွင်းကားဖြင့် လိုက်လံကြည့်ရှုလေ့လာရာမှ မြို့လယ်ရှိ စစ်ကဲကြီး ဦးရွှေအောင်ဘုရားသို့ သွားရောက်ဖူးမြော်ခဲ့သည်။ စစ်ကဲကြီး ဦးရွှေအောင်မှာ ကုန်းဘောင်ခေတ်က မိုးနဲမြို့ကို စစ်ကဲများခန့်အပ်အုပ်ချုပ်စေခဲ့ရာတွင် မိုးနဲမြို့အား အုပ်ချုပ်ခဲ့သည့် စစ်ကဲတစ်ဦးဖြစ်သည်။ စစ်ကဲကြီးဦးရွှေအောင်သည် မိုးနဲမြို့ကို စနစ်တကျစီမံအုပ်ချုပ်ခဲ့ပြီး ဘာသာ သာသနာကိုလည်း ချီးမြှောက်ထောက်ပံ့ခဲ့သူတစ်ဦးဖြစ်ရာ စေတီပုထိုးများကို တည်ထားကိုးကွယ်ခဲ့သူလည်း ဖြစ်သည်။

စစ်ကဲကြီးဦးရွှေအောင်ဘုရားမှာ ပုဂံရွှေစည်းခုံဘုရားနှင့် ပုံသဏ္ဌာန်တူပြီး ၁၈၃၉ ခုနှစ်တွင် တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ နောက်ပိုင်း ၁၉၀၆ ခုနှစ်တွင် စေတီတော်ကို ပြုပြင်မွမ်းမံမှုများ ပြုလုပ်ခဲ့ကြောင်း၊ ဆက်လက်ပြီး ထိန်းသိမ်းစောင့်ရှောက်မှုများ ပြုလုပ်ခဲ့ကြောင်း ဂေါပကတစ်ဦးက ပြောပြသည်။ ကြည်ညိုသပ္ပာယ်စရာကောင်းသော စေတီဖြစ်ပြီး မိုးနဲမြို့သို့ လာရောက်ကြသည့် ခရီးသွားဧည့်သည်များမှာ စစ်ကဲကြီးဦးရွှေအောင်ဘုရားသို့ ရောက်ဖြစ်အောင် လာ၍ဖူးမြော်ကြသည်ဟု ဆို၏။ ကျွန်တော်တို့ဘုရားသို့ ရောက်ချိန်တွင် ဘုရားဖူး အချို့လာရောက်ဖူးမြော်နေကြသည်ကို တွေ့ရသည်။

ကျွန်တော်တို့ စစ်ကဲကြီး ဦးရွှေအောင် ဘုရားမှ ပြန်ထွက်လာခဲ့ပြီးနောက် မိုးနဲဟော်ဘက်သို့ သွားရောက်ခဲ့ကြသည်။ မိုးနဲမြို့ကို ယခင်က စော်ဘွားများအုပ်ချုပ်ခဲ့ကြသည်။ မိုးနဲဟော်မှာ မိုးနဲ စော်ဘွားနေထိုင်ခဲ့ရာ အိမ်ဖြစ်သည်။ ရှမ်းပြည်နယ်တွင် စော်ဘွားများအုပ်ချုပ်ခဲ့စဉ်က စော်ဘွားများသည် နေအိမ်ကို ခမ်းနားထည်ဝါစွာတည်ဆောက်ပြီး နေထိုင်အုပ်ချုပ်ခဲ့ကြသည်။ မိုးနဲဟော်ကို ရောက်ခဲ့ရာ ပြန်လည်ပြုပြင်တည်ဆောက်ထားသဖြင့် ရှေးခေတ်မိုးနဲဟော်၏ အငွေ့အသက်ကို အပြည့်အဝမခံစားရဟု စိတ်ထဲမှတ်ယူနေမိသည်။

မိုးနဲဟော်ကို မည်သည့်အချိန်က တည်ဆောက်ခဲ့သည်ကို မှတ်တမ်းမှတ်ရာများ ထိန်းသိမ်းမှုအားနည်းခြင်းကြောင့် မသိရှိခဲ့ချေ။ ယခင်မိုးနဲဟော်မှာ ၁၉၄၅ ခုနှစ်က ဂျပန်တို့ ယိုးဒယားသို့ဆုတ်ခွာ ခဲ့ကြချိန်က မီးရှို့ဖျက်ဆီးသွားခဲ့သဖြင့် ပျက်စီးဆုံးရှုံးသွားခဲ့သည်။ လက်ရှိမိုးနဲ့ဟော်မှာ မိုးနဲစော်ဘွား စောကျော်ဟိုးက ၁၉၅၀ ပြည့်နှစ်တွင် ပြန်လည်တည်ဆောက်ခဲ့သော ဟော်ဖြစ်သည်။ ယခု မိုးနဲဟော်ကိုလည်း စော်ဘွား စောပြည့်၏ သားတစ်ဦးက အစိုးရဌာနသို့ လွှဲပြောင်းပေးခဲ့သည်ဟုဆို၏။

မိုးနဲဟော်အဆောက်အအုံကို ကျွန်တော်တို့ ကြည့်ရှု လေ့လာပြီးနောက် ပြန်ထွက်လာခဲ့ကြသည်။ မိုးနဲမြို့က တိုင်းရင်း သားပေါင်းစုံနေထိုင်သော မြို့တစ်မြို့အဖြစ် သတိပြုမိသည်။ မြန်မာ၊ ရှမ်း၊ ပအိုဝ်း၊ လီဆူး၊ လားဟူ၊ ပလောင်စသည့် တိုင်းရင်း

**မိုးနဲမြို့ကို သီပေါစော်ဘွား၏သား စဝ်ဟိုဖက တည်ထားခဲ့ခြင်းဖြစ်ပြီး မိုးနဲဆိုသည်မှာ မိုင်းနိုင်းဟူသော ရှမ်းဘာသာအမည်မှ ဆင်းသက်လာခြင်းဖြစ်ရာ နှင်းမြို့တော်ဟု အဓိပ္ပာယ်ရကြောင်း . . .**

သားများမှာ မိုးနဲမြို့နှင့် မြို့နယ်အတွင်း ကျေးရွာများ၌ နေထိုင်ကြသည်။

မိုးနဲမြို့အရှေ့ဘက်တောင်ကြောများ၊ တောင်ခြေရင်းများနှင့် မြေပြန့်များတွင် ရွာပေါင်း ၃၂ ရွာခန့်ရှိပြီး မြေနိမ့်ပိုင်းများတွင် ရွာတည်ထောင်နေကြသူများက ၂၅ ရွာခန့်ရှိသည်။ ယခုအခါ အချို့တိုင်း ရင်းသားကျေးရွာများက မိုးနဲမြို့အနီးဝန်းကျင်သို့ ရွှေ့ပြောင်းရွာတည်ကာ နေထိုင်လာကြသဖြင့် မိုးနဲမြို့သို့ လာရောက်လေ့လာကြ



သည့် ခရီးသွားဧည့်သည်များမှာ အနီးရှိ တိုင်းရင်းသားကျေးရွာများသို့ သွားရောက်လေ့လာနိုင်ကြသည်။

ကျေးလက်စိုက်ခင်းများ၊ စပါးစိုက်ခင်းများ၊ တိုင်းရင်းသားတို့၏ တစ်ပိုင်တစ်နိုင်စိုက်ပျိုးမွေးမြူရေးလုပ်ကိုင်နေမှုများအား အနီးကပ် သွားရောက်လေ့လာနိုင်ကြပြီဖြစ်သည်။ မိုးနဲမြို့အနီးဝန်းကျင်တွင် တိုင်းရင်းသားများက ဆန်စပါးစိုက်ပျိုးရာတွင် မိုးစပါးအတွက် မေလ၌ မြေယာပြုပြင်ပြီး ဇွန်လတွင် စိုက်ပျိုးကာ အောက်တိုဘာလ၌ ရိတ်သိမ်းကြလေ့ရှိသည်။ ယခုအခါ နွေစပါးကိုလည်း စိုက်ပျိုးလာကြရာ နွေစပါးကို မတ်လတွင် မြေယာပြုပြင်ပြီး ဧပြီလတွင် စိုက်ပျိုးကာ ဇူလိုင်လ၌ ရိတ်သိမ်းကြခြင်းဖြစ်သည်။ ရာသီဥတုမဖောက်ပြန်ပါက အထွက်နှုန်းကောင်းကြောင်း၊ အချိန်အခါမဟုတ် ရွာသောမိုးကြောင့် သီးနှံစိုက်ခင်းများ ပျက်စီးရကြောင်း သိရသည်။

ကျွန်တော်တို့ ကျိုင်းတောင်း ရေတံခွန်ဘက်သို့ ထွက်လာခဲ့ကြသည်။ မိုးနဲမြို့မှ ကျိုင်းတောင်းရေတံခွန်သို့ သွားရာလမ်းတစ်လျှောက် ရှမ်း၊ ပအိုဝ်း၊ ပလောင် တိုင်းရင်းသားများ သွားလာနေကြသည်ကို တွေ့ရသည်။ တချို့က အထမ်း၊ အပိုးများနှင့် တချို့က အလွယ်၊ အရွက်များဖြင့် ပစ္စည်းများကို တစ်နိုင်သယ်ပိုးသွားလာနေကြသည်မှာ အသွားမပျက်၊ စကားပြောမပျက်ကြ။

ကားလမ်းမှ ခပ်လှမ်းလှမ်းတွင် တွေ့မြင်ရသော ကျေးရွာအချို့ကို လှမ်းကြည့်ရင်း မိုးနဲမြို့အကြောင်းအတွေးက ရောက်သွားသည်။ မိုးနဲမြို့မှာ ယခင်က ရွာကြီးတစ်ရွာအဖြစ်တည်ရှိခဲ့ပြီး မြို့ကြီးတစ်မြို့အဖြစ် ရောက်ရှိခဲ့ပြီဖြစ်သည်။ မိုးနဲမြို့နှင့် အနီးဝန်းကျင်တွင် စေတီပုထိုးများတည် ခဲ့ရာပုဂံကဲ့သို့ပင် စေတီပုထိုးများပေါ်များခဲ့ကြောင်း သိရသည်။ ထို့ကြောင့်ဖြစ်မည်။ မိုးနဲ့မြို့နှင့်အနီးဝန်းကျင်တွင် ဘုရားပုထိုးဟောင်းများကို နေရာအများအပြား၌ မြင်တွေ့ရခြင်းဖြစ်သည်။ မိုးနဲမြို့က ရှေးဟောင်းသုတေသနစိတ်ဝင်စားသူများအတွက် စိတ်ဝင်စားစရာကောင်းသည့် ခရီးစဉ်တစ်ခုအဖြစ်ရောက်အောင် သွားသင့်သည့်မြို့တစ်မြို့လည်း ဖြစ်သည်။


အတွေးလွန်နေသဖြင့် ကျိုင်းတောင်းရေတံခွန်သို့ရောက်ရှိလာသည်ကိုသတိမထားမိလိုက်ချေ။ ရေတံခွန်မှရေစီးကျသံများကို ကြားရသည်မှာ သဘာဝ၏ ဂီတသံစဉ်တစ်ခုပင်။ တိတ်ဆိတ်အေးချမ်းသော ရှမ်းတောင်တန်းများအလယ်တွင် ကျိုင်းတောင်းရေတံခွန်က အပန်းဖြေစရာ အိုအေစစ်တစ်ခုဖြစ်သည်။ တောင်ပေါ်မှ ဖြာထွက်စီးဆင်းလာသော ရေတံခွန်က လှပပြီး အမြင်မှာပင် စိတ်ချမ်းမြေ့စရာအဖြစ် ခံစားရသည်။ ကျွန်တော်တို့ ကျိုင်းတောင်းရေတံခွန်သို့ရောက်ရှိချိန်တွင် ဧည့်သည်အချို့ရောက်ရှိနေပြီ။


ကျိုင်းတောင်းရေတံခွန်က အမြင့်ပေ ၃၆၀ခန့်ရှိပြီးမိုးရာသီ၌ ရေတံခွန်ကိုးခုအထိဖြာထွက်စီးကျသဖြင့် လှပသည်။ နွေရာသီတွင်မူ ရေနည်းသဖြင့် ရေတံခွန်ခုနစ်ခု သာ စီးကျသော်လည်းရေတံခွန်၏ လှပမှုကို မထိခိုက်၊ မပျက်ယွင်းပါချေ။ မြန်မာနိုင်ငံတွင် ရှိသောရေတံခွန်များအနက် ကျိုင်းတောင်းရေတံခွန်မှာ အလှပဆုံးရေတံခွန် တစ်ခုတွင်ပါဝင်သည်။ မိုးနဲ့မြို့သို့ရောက်ရှိလာသော ခရီးသွားဧည့်သည်များက ကျိုင်းတောင်း ရေတံခွန်သို့ မရောက်ရောက်အောင်လာကြပြီး အပန်းဖြေကာ လေ့လာမှုများပြုလုပ်ကြသည်ဟု သိရသည်။

ကျိုင်းတောင်းရေတံခွန်မှ ရေစီးကျရာ နေရာတွင် ခရီးသွားဧည့်သည်အချို့ ရေချိုးကာ အပန်းဖြေနေကြသည်ကို တွေ့ရသည်။ အချို့က ရေတံခွန်ကို ဓာတ်ပုံရိုက်နေကြသလို အချို့ကလည်း ရေတံခွန်ကိုနောက်ခံကာ အမှတ်တရဓာတ်ပုံရိုက်နေကြသည်မှာ စိတ်လက်ရွှင်လန်းစရာအဖြစ် သဘာဝပတ်ဝန်းကျင် ရေမြေတောတောင်အလှကို ရယူခံစားနေကြသည်ဟု အတွေးဝင်နေမိသည်။

ကျွန်တော်တို့လည်း ကျိုင်းတောင်းရေတံခွန်အား ဓာတ်ပုံမှတ်တမ်းများရယူကာ အတန်ကြာအနားယူအပန်းဖြေကာလေ့လာမှုများ ပြုလုပ်ပြီး ပြန်ထွက်လာခဲ့ကြသည်။ မိုးနဲမြို့သို့ အပြန်ခရီးက ညနေ ၄ နာရီခန့်သာရှိသေးသော်လည်း တောရိပ်၊ တောင်ရိပ်များကြောင့် အေးစိမ့်စိမ့်ဖြစ်လာသည်။ မိုးနဲမြို့ သည်ရေမြေသဘာဝပတ်ဝန်းကျင်များနှင့် လေ့လာစရာများ တည်ရှိနေသဖြင့် ခရီးသွားခရီးစဉ်သစ်တစ်ခုအဖြစ် ပုံဖော်ဖန်တီးနိုင်လျှင်ကောင်းမည်ဟု အတွေးဝင်နေမိသည်မှာ အမှန်ပင်။ ။







မြန်မာ့ရိုးရာအားကစား

# စောင့်ကြည့်ရမယ့် ရိုးရာခြင်းလုံးလောကရဲ့ အဖွဲ့ချုပ်ပြောင်းလဲမှုဂယက် ဘယ်လိုအဆုံးသတ်မှာလဲ ......

**ယနေ့ခေတ် ပြောင်းလဲမှုဆိုသည့်စကားရပ်မှာ ပြည်သူများကြား စိမ့်ဝင်ရင်းနှီးနေပြီဖြစ်သည်။ ပြောင်းလဲမှုကို လူတိုင်းလိုချင်ကြသည်။ မက်မောကြသည်။ မျှော်လင့်စောင့်စားချင်ကြသည်။ သို့သော် ပြောင်းလဲမှုတိုင်းကို စည်းလုံးညီညွတ်မှု၊ ဖွံ့ဖြိုးတိုးတက်ကောင်းမွန်မှု ပြောရလျှင် အကောင်းဘက်၊ ဖွံ့ဖြိုးတိုးတက်မှု ဘက်သို့သာ ဦးတည်ပြောင်းလဲချင်ကြသည်။ ဝါးလုံးအစည်းဖြေမည်၊ အသင်းအဖွဲ့ အစိတ်စိတ် အမြွှာမြွှာပြိုကွဲမည်ကိုတော့ ဘယ်အစည်းအရုံး၊ ဘယ်အသင်းအဖွဲ့ချုပ်မှ လိုလားသမှုပြုမည်မဟုတ်။ ထိုနိယာမသဘောက ယနေ့ကမ္ဘာ့နိုင်ငံများဆီသို့ အောင်မြင်စွာ သယ်ဆောင်ထိုးဖောက်နေသည့် မြန်မာ့ရိုးရာ အားကစားတစ်မျိုးဖြစ်သော ရိုးရာခြင်းလုံးလောက သို့ စတင်ရိုက်ခတ်စပြုလေပြီ။ ကမ္ဘာ့နိုင်ငံများကြား အချိန်ယူထိုးဖောက်အောင်မြင်နေသော ရိုးရာခြင်းလုံးလောကတွင် နေရာရိုက်ခတ်မှုဂယက်၊ အဖွဲ့ချုပ်သစ်ပြောင်းလဲဖွဲ့စည်းမှု ဂယက် ရိုးရာခြင်းလုံးချစ်ပြည်သူများကြား ပျံ့နှံ့လျက်ရှိသည်။ အရှိန်မြင့်လာသည့် ယင်းပြောင်းလဲမှု ဂယက်ကို ယနေ့ရိုးရာခြင်းလုံးအားကစားဝါသနာရှင်ပြည်သူများ အထူးစိတ်ဝင်တစားရှိနေသည်မှာ အမှန်ပင်။ ပြည်သူများစိတ်ဝင်စားနေသော ရိုးရာခြင်းလုံးအဖွဲ့ချုပ် ပြောင်းလဲမှုဂယက် ဘယ်လိုအဆုံးသတ်မလဲ စောင့်ကြည့်ရတော့မည်ဖြစ်သည်။**

သတင်းဆောင်းပါး- မောင်စိန်လွင်(မြန်မာ့အလင်း)၊
ဓာတ်ပုံ- မင်းထက်



မြန်မာ့ရိုးရာခြင်းလုံး အလှခေတ်ကစားနေစဉ်

ယနေ့ မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ်ကို အသစ်ပြန်လည်ဖွဲ့စည်းရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနသို့ အသစ်ပြန်လည်ဖွဲ့စည်းလိုသည့် အဖွဲ့ချုပ် အသစ်ကများ မကြာမီက အဆိုပြုတင်ပြလာခြင်းများရှိခဲ့ကြောင်း ကြားသိရသည်။ ယင်း အဆိုပြု တင်ပြလာခြင်းအပေါ်လက်ရှိ ရိုးရာခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ၏ သဘောထားကို တောင်းခံရန် အားကစားနှင့် ကာယပညာဦးစီးဌာနက မှတ်ချက်ပြုလမ်းညွှန်ထားမှုများရှိနေပြီး ယင်းအဆိုပြုချက်နှင့်ပတ်သက်၍ ရိုးရာခြင်းလုံးလောက၌ နှစ်ဖက်သဘောထားအမြင် ဂယက်ရိုက်

**"ခုဆိုရင် ကျွန်တော်တို့ ရိုးရာခြင်းလုံးအဖွဲ့ချုပ်ကြီးဟာ လက်ရှိ ဥက္ကဋ္ဌရဲ့ မြန်မာ့ရိုးရာခြင်းလုံးအပေါ် ချစ်မြတ်နိုးတဲ့ စိတ်ကြောင့် အောင်မြင်မှုလမ်းကြောင်း ပေါ်ရောက်နေပါပြီ။ ဆီးဂိမ်းအပါအဝင် နိုင်ငံတကာပြိုင်ပွဲတွေမှာလည်း နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်ဆုတွေကို အမြဲရယူပေးနေတာပါ"**

ခတ်မှုများ ပြင်းထန်စွာရှိနေသည်။

အဖွဲ့ချုပ်သစ်ဂယက်ရိုက်ခတ်မှုနှင့်ပတ်သက်၍ လက်ရှိမြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစိုးနိုင်က "ဒီသတင်းကို အစောပိုင်း ကြားသိကတည်းက ကျွန်တော်သက်ဆိုင်ရာ အားကစားနှင့် ကာယပညာဦးစီးဌာနက တာဝန်ရှိသူတွေကို တင်ပြခဲ့တာတွေရှိပါတယ်။ ခုချိန်မှာ မြန်မာ့ရိုးရာခြင်းလုံးအားကစားက အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွေမှာ ပါဝင်ယှဉ်ပြိုင်ခွင့်တွေရခဲ့ပါပြီ။ ဒ့ါအပြင် အာရှပြိုင်ပွဲတွေ၊ ခုဆိုရင် ကမ္ဘာ့အိုလံပစ် ပြိုင်ပွဲတွေမှာပါ တရားဝင်ပြိုင်ပွဲတစ်ရပ်အဖြစ် ပါရှိဖို့ကြိုးစားနေတာမို့ ကျွန်တော့်အနေနဲ့ အဖွဲ့ချုပ်အသစ်လက်ထဲကို လွှဲပြောင်းပေးလိုက်ရမလား။ ဒီလိုသတင်းတွေတော့ ကြားသိနေပါတယ်။ တိတိကျကျလည်း



ရိုးရာခြင်းလုံးအားကစား ပြည်တွင်း ပြိုင်ပွဲများ ကျင်းပနေစဉ်

ဆီးဂိမ်းအကြိုအစည်းအဝေးမှာ ပြောခဲ့ပါတယ်။ ကျွန်တော့်အနေနဲ့ လွှဲပြောင်းပေးဆိုရင်လည်း လွှဲပြောင်းပေးလိုက်မှာပါ။ ဒါပေမယ့် လက်ရှိအောင်မြင်နေတဲ့ လမ်းကြောင်းကကျရှုံးသွားခဲ့ရင် ဘယ်သူတာဝန်ယူမလဲ။ ဘယ်သူ့မှာ တာဝန်ရှိသလဲ။ တကယ်လို့ မထိန်းကျောင်းနိုင်ခဲ့ရင် ဘယ်သူဖြေရှင်းပေးမလဲ။ ဒါတွေလိုအပ်ပါတယ်။ အပြောင်းအလဲကို လူတိုင်းလိုချင်ကြပါတယ်။ ပြောင်းလဲတယ်ဆိုတာက ဖွံ့ဖြိုးတိုးတက်ချင်တဲ့ ပြောင်းလဲမှုကိုပဲ လိုချင်ကြတာပါ။ ကျရှုံးသွားမယ့် ပြောင်းလဲမှုကို ဘယ်သူမှ မလိုချင်ကြပါဘူး။ ပြောချင်တာက ပြောင်းလဲတယ်၊ ပြောင်းလဲတယ်ဆိုတာက တာဝန်ယူမှု၊ တာဝန်ခံမှုအပိုင်းတွေ အများကြီးလိုအပ်ပါတယ်"ဟု ပြောကြားသည်။

မြန်မာနိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစိုးနိုင်သည် လက်ရှိဥက္ကဋ္ဌနေရာကို ပြီးခဲ့သည့် ၂၀၀၉ ခုနှစ်မှ စတင်ကာ တာဝန်ယူထမ်းဆောင်ခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သော(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် နှစ်ပေါင်းများစွာ ကြိုးစားခဲ့သော ရိုးရာခြင်းလုံးပြိုင်ပွဲပါရှိရေး ငွေကြေးအကုန်အကျခံ သုံးစွဲခဲ့တာကြောင့် စတင်ပါဝင်ခွင့်ရခဲ့ပြီး လာမည့်၂၀၁၇ ခုနှစ် မလေးရှားနိုင်ငံတွင် ကျင်းပ မည့်(၂၉)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင်လည်း တတိယအကြိမ်ထည့်သွင်း ယှဉ်ပြိုင်ခွင့်ရခဲ့ပြီဖြစ်သည်။ ယင်းပြိုင်ပွဲတွင် အမျိုးသားများသာမက အမျိုးသမီးရိုးရာခြင်းလုံးအားကစားပြိုင်ပွဲများပါ ထည့်သွင်းကျင်းပနိုင်ရေး ကြိုးစားခဲ့သော်လည်း မလေးရှားအိုလံပစ်ကော်မတီကပယ်ချခဲ့၍ မအောင်မြင်ခဲ့ပေ။ ပြီးခဲ့သည့် ၂၀၁၅ ခုနှစ်က စင်ကာပူနိုင်ငံတွင် ကျင်းပခဲ့သော (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှ ဆီးဂိမ်းပြိုင်ပွဲတွင်လည်း ဒုတိယ အကြိမ်မြောက် ထည့်သွင်းပါဝင် ယှဉ်ပြိုင်ခွင့်ရခဲ့ပြီး နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်ဆုများ ဆွတ်ခူးပေးနိုင်ခဲ့သည်။

"အခု အားကစားနဲ့ကာယပညာဦးစီးဌာနကို အဆိုပြုတင်ပြလာတဲ့ အဖွဲ့ချုပ်အသစ်ရဲ့ အမှုဆောင်တွေဟာ အရင်က အမှုဆောင်ဟောင်းတွေဖြစ်ပြီး မလုပ်နိုင်တော့လို့ အနားယူနုတ်ထွက်သွားတဲ့သူတွေပါ။ သူတို့တွေတကယ်ပဲ နိုင်ငံအတွက်၊ တိုင်းပြည်အတွက် စေတနာအပြည့်နဲ့ လုပ်ချင်နေတယ်ဆိုရင် အခုလိုငွေကြေးများစွာ ရင်းနှီးခဲ့ပြီး အောင်မြင်နေတဲ့ ရိုးရာခြင်းလုံးအဖွဲ့ချုပ်နေရာကို အဆိုမတင်သွင်းဘဲ လွတ်နေတဲ့ အားကစား အဖွဲ့ချုပ်နေရာတွေ အများကြီးရှိပါတယ်။ အဲဒီ နေရာတွေကို ဆန္ဒပြုတောင်းခံလို့ရပါတယ်။ ခုဆိုရင် ကျွန်တော်တို့ ရိုးရာခြင်းလုံးအဖွဲ့ချုပ်ကြီးဟာ လက်ရှိဥက္ကဋ္ဌရဲ့ မြန်မာ့ရိုးရာခြင်းလုံးအပေါ် ချစ်မြတ်နိုးတဲ့စိတ်ကြောင့် အောင်မြင်မှုလမ်းကြောင်း ပေါ်ရောက်နေပါပြီ။ လက်ရှိအနေအထားက ဘက်ပေါင်းစုံ အကောင်းဘက်ကို ဦးတည်နေတာပါ။ အဖွဲ့ချုပ်အတွင်းပြိုကွဲနေတာတွေ၊ သဘောထားမတိုက်ဆိုင်တာတွေလည်း မရှိပါဘူး။ ဆီးဂိမ်းအပါအဝင် နိုင်ငံတကာပြိုင်ပွဲတွေမှာလည်း နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်ဆုတွေကို အမြဲရယူပေးနေတာပါ။ လက်ရှိ တိုင်းပြည်အတွက် အနာဂတ် မျိုးဆက်သစ်ခြင်းလုံးအားကစားသမားတွေကိုလည်း မြောက်မြားစွာ မွေးထုတ်ပေးလျက်ရှိသလို ပံ့ပိုးပေးမှုအပိုင်းအနေနဲ့လည်း နိုင်ငံတော်က လှည့်ကြည့်စရာမလိုတဲ့ အဖွဲ့ချုပ်တစ်ခုပါ။ ဒါကို ဖျက်သိမ်းပြီး အသစ်ထပ်မံပြောင်းလဲဖွဲ့စည်းမယ်ဆိုရင် တကယ်ပဲဖြစ်သင့်၊ မဖြစ်သင့်သက်ဆိုင်ရာ လူကြီးတွေ ချိန်ထိုးသင့်ပါတယ်" ဟု ရိုးရာခြင်းလုံးအဖွဲ့ချုပ်မှ ပြည်တွင်း၊ ပြည်ပ နည်းစနစ်ပိုင်းဆိုင်ရာ ခုံဒိုင်ချုပ် ဦးသိန်းဟန်က သူ့အမြင်ကို ပြောပြသည်။

ယခုအခါ မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ်သည် အထက်မြန်မာပြည် မန္တလေးမြို့ အမရပူရတွင် မြန်မာနိုင်ငံ၏ ပထမဦးဆုံး ရိုးရာခြင်းလုံးနှင့် ပိုက်ကျော်ခြင်းသင်တန်းကျောင်းကြီးကို ငွေကျပ် သိန်းပေါင်း ငါးထောင်ကျော်အကုန်အကျခံကာ တည်ဆောက်လျက်ရှိသည်။ လက်ရှိတွင် သင်တန်းနည်းပြနှင့် ဆရာ ဆရာမနားနေဆောင်များ တည်ဆောက်ပြီးစီးနေပြီဖြစ်ကာ ရိုးရာခြင်းလုံး သင်တန်းကျောင်းနှင့် ပိုက်ကျော်ခြင်း သင်တန်းကျောင်းတို့ကို လာမည့်နှစ်အစောပိုင်းတွင် အပြီး သတ်ဖွင့်လှစ်နိုင်ရန် တည်ဆောက်လျက်ရှိသည်

အဆိုပါသင်တန်းကျောင်းမှ နိုင်ငံတစ်ဝန်း ရိုးရာ ခြင်းလုံးနှင့် ပိုက်ကျော်ခြင်းမျိုးဆက်သစ်များ ပေါ်ထွန်းရေးအတွက် ကနဦးနှစ်တွင် သင်တန်း သား အမျိုးသမီး အမျိုးသား ၅၀ ကို စတင်လက်ခံ မည်ဖြစ်ကာ နောက်နှစ်များတွင်လည်း နှစ်စဉ် မျိုးဆက်သစ်ဦးရေကို နှစ်ဆအထိတိုးပြီး သင်တန်းများခေါ်ယူသင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။ မျိုးဆက်သစ် မွေးမြူရာတွင်လည်း ရိုးရာခြင်းလုံးအတွက် ပြည်တွင်းမှ ခြင်းလုံးပညာရှင်များနှင့် လက်ရွေးစင်ဟောင်းများကို နည်းပြများအဖြစ် ခန့်အပ်သွားမည်ဖြစ်သည့်အပြင် ပိုက်ကျော်ခြင်းတိုးတက်ရေးအတွက်လည်း အရှေ့တောင်အာရှတွင် ထိပ်တန်းအဆင့်ရ ထိုင်းနိုင်ငံနည်းပြများကို ခေါ်ယူလေ့ကျင့် သင်ကြားပေးသွားရန် စီစဉ်လျက်ရှိသည်။

မြန်မာ့ရိုးရာခြင်းလုံးအားကစားနည်းသည် ရှေးယခင်ကတည်းကပင် မြန်မာနိုင်ငံတစ်ဝန်းပေါ်ပေါက်ခဲ့သည့် ရိုးရာအားကစားနည်းတစ်မျိုး ဖြစ်သည်။ အာရှတိုက်စူမားတြားကျွန်းကြီးမှ တစ်ဆင့် အခြားကျွန်းငယ်များသို့ ပျံ့နှံ့ကာ "ခြင်း လုံးအစ ပျူခေတ်က ခြင်းလုံးပေါ်စ မြန်မာက"ဟုပင် ရှေးခြင်းလုံးပညာရှင်များ၏ အဆိုအမိန့်များတွင် ဖော်ပြထားသည်ကို တွေ့ရသည်။ ရိုးရာခြင်း လုံးခတ် အားကစားနည်း မူလအစကို နောက်ခံ သမိုင်းသက်သေ အထောက်အထားသာဓကများ ဖြင့် တိကျခိုင်လုံစွာတင်ပြထားသည်ကိုထောက်ရှု လေ့လာသုံးသပ်ခြင်းအားဖြင့် မြန်မာ့ရိုးရာ ခြင်းလုံးနှင့် ခြင်းလုံးခတ်အားကစားနည်းသည် ရှေးနှစ်ပေါင်းများစွာက မြန်မာနိုင်ငံနှင့် မြန်မာနိုင်ငံသားတို့တွင် ကနဦးပေါ်ထွန်းခဲ့ကြောင်း ခြင်း လုံးအကြောင်းအရာ မှတ်တမ်းမှတ်ရာများတွင် အထင်အရှားဖော်ပြထားသည်။ ရိုးရာခြင်းလုံးကို ရှေးယခင် ရိုးရာပွဲများတွင်

**"လက်ရှိမှာ တိုင်းပြည်အတွက် အနာဂတ် မျိုးဆက်သစ် ခြင်းလုံးအားကစားသမားတွေကိုလည်း မြောက်မြားစွာ မွေးထုတ်ပေးလျက်ရှိသလို ပံ့ပိုးပေးမှုအပိုင်းအနေနဲ့လည်း နိုင်ငံတော်က လှည့်ကြည့်စရာမလိုတဲ့ အဖွဲ့ချုပ်တစ်ခုပါ။ ဒါကို ဖျက်သိမ်းပြီး အသစ်ထပ်မံပြောင်းလဲဖွဲ့စည်းမယ်ဆိုရင်တကယ်ပဲဖြစ်သင့်၊ မဖြစ်သင့် သက်ဆိုင်ရာ လူကြီးတွေ ချိန်ထိုးသင့်ပါတယ်"**

အားကစားအသွင် တစ်ရပ်အနေဖြင့် ထည့်သွင်းကျင်းပခဲ့သည်မှာ ဘိုးတော်မင်းလက်ထက်ကပင် အမိန့်တော်ချမှတ် ကျင်းပခဲ့ကြောင်း သိရသည်။ ယင်းနောက် နိုင်ငံတစ်ဝန်း ခေတ်အဆက်ဆက် ရှေးမူမပျက် အစဉ်အလာထိန်းသိမ်းခဲ့သည်မှာ ယနေ့တိုင်ပင်ဖြစ်သည်။ မြန်မာနိုင်ငံ အိုလံပစ်အားကစားပွဲတော်ကြီး ကျင်းပခဲ့သည့် ၁၉၄၈ ခုနှစ်ကလည်း ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲကို ထည့်သွင်းကျင်းပခဲ့သည်။ ထိုစဉ်က ခြင်းခတ်ပေါက် သတ်မှတ်ချက် ဥပဒေများ မပေါ်ပေါက်သေးပေ။ ခြင်းခတ်ပေါက် သတ်မှတ်ချက် အခြေခံဥပဒေကို ၁၉၅၃ ခုနှစ်က ကျန်းမာရေးဦးစီးဌာန မြန်မာနိုင်ငံ ကိုယ်လက်ကြံ့ခိုင်ရေးကောင်စီက မြန်မာနိုင်ငံလုံးဆိုင်ရာ ခြင်းလုံးအားကစား ညီလာခံကြီးကို ကျင်းပကာ နိုင်ငံတစ်ဝန်းရိုးရာခြင်းလုံး ပညာရှင်များစုစည်းပြီး ညှိနှိုင်းရေးဆွဲပြဋ္ဌာန်းခဲ့သော်လည်း လက်ရှိဖြစ်ပေါ်နေသော အဖွဲ့ချုပ်ပြောင်းလဲမှုဂယက် ဘယ်လိုအဆုံးသတ်မည်ကို ရိုးရာခြင်းလုံးချစ်ပြည်သူများ စောင့်ကြည့်ရတော့မည် ဖြစ်ပါကြောင်း။

# မြန်မာဗျည်း(၂)



## မောင်ခင်မင်(ဓနုဖြူ)

"ဝဂ်ဗျည်းလို့ခေါ်တဲ့ ဗျည်း ၂၅ လုံးနဲ့ ပတ်သက်ပြီး မှတ်စရာတွေရှိသေးတယ်"

"ဟုတ်ကဲ့ပါ"

"ဝဂ်တစ်ခုစီက အက္ခရာတွေကို အစဉ်အတိုင်း နာမည်တပ်ခေါ်လေ့ရှိတယ်။ ကဝဂ်မှာဆိုရင် 'က'ကို ပထမအက္ခရာ၊ 'ခ' ကို ဒုတိယအက္ခရာ၊ 'ဂ'ကို တတိယအက္ခရာ၊ 'ဃ'ကို စတုတ္ထအက္ခရာ၊ 'င'ကို ပဉ္စမအက္ခရာလို့ ခေါ်တယ်။ ကျန်တဲ့ဝဂ်တွေမှာလည်း အဲဒီလိုပဲ ပထမအက္ခရာက ပဉ္စမအက္ခရာအထိ အစဉ်အတိုင်း ခေါ်တာပေါ့"

"ဟုတ်ကဲ့ပါ၊ မှတ်ထားပါ့မယ်"

"ပါဠိအခေါ်အတိုင်းဆိုရင်တော့ ပထမအက္ခရာကို အသံပေါင်းပြီး 'ပထမက္ခရာ' လို့ ခေါ်တာပေါ့။ အဲဒီလိုပဲ ဒုတိယက္ခရာ၊ တတိယက္ခရာ၊ စတုတ္ထက္ခရာ၊ ပဉ္စမက္ခရာလို့ ခေါ်တာပေါ့။ 'ပထမ' က 'မ'နဲ့ အက္ခရာက 'အ'နဲ့ ပေါင်းလိုက်တော့ 'အ'သံကျေသွားတာပေါ့။ ကျန်တာတွေလည်း ဒီသဘောပါပဲ။ ရှေးမြန်မာကျမ်းတွေမှာ အဲဒီအသုံးတွေတွေ့ရင် နားလည်အောင် ဒီအခေါ်တွေ သိထားဖို့လိုတာပေါ့။ ဒီနေရာမှာတော့ မြန်မာအခေါ်အတိုင်းပဲ ပထမအက္ခရာ၊ ဒုတိယအက္ခရာဆိုတာမျိုး ခေါ်လို့ရပါတယ်"

"ဟုတ်ကဲ့ပါ ဆရာ"

"ဝဂ်ထဲမှာပါတဲ့ အဝဂ်အက္ခရာတွေကိုတော့ အဲဒီလို နာမည်တပ်ပြီး ခေါ်လေ့မရှိဘူးကွဲ့"

"သြော်... ဟုတ်ကဲ့ပါ"

"ကဲ... ဒီလိုဆိုရင် အဲဒီအခေါ်တွေ လေ့ကျင့်ခန်းလုပ်ကြည့်ရအောင်၊ ဆရာက နာမည်တပ်ပြီးမေးမယ်။ ဘယ်အက္ခရာလဲဆိုတာ ဖြေပေါ့"

"ဟုတ်ကဲ့ပါ"

"ကဝဂ် စတုတ္ထအက္ခရာကဘာလဲ"

"အင်း... 'ဃ'ပါ ဆရာ"

"ဟုတ်ပြီ။ တဝဂ် ဒုတိယအက္ခရာ"

" 'ထ'ပါ ဆရာ"

"ပဝဂ် ပဉ္စမ အက္ခရာ"

" 'မ'ပါ"

"အပြန်အလှန်မေးရဦးမယ်။ 'ဆ'က ဘာဝဂ်၊ ဘာအက္ခရာလဲ"

"စဝဂ် ဒုတိယအက္ခရာပါဆရာ"

"ဟုတ်ပါပြီ။ ဍ ကရော"

"ဍ က... အင်း... ဋဝဂ် တတိယအက္ခရာပါ"

"ကဲ... ဒါဆို သဘောပေါက်လောက်ပါပြီ။ အဲဒီဝဂ်ဗျည်းတွေကို အသံအပြင်းအပျော့၊ အတင်းအလျော့အရ အမျိုးအစားခွဲသေးတယ်"

"ဘယ်လိုခွဲတာပါလဲဆရာ"

"အဲဒီဝဂ်ဗျည်းတွေထဲက ပထမအက္ခရာနဲ့ ဒုတိယအက္ခရာတွေ၊ က ခ၊ စ ဆ၊ ဋ ဌ၊ တ ထ၊ ပ ဖ ပေါ့။ အဲဒီအက္ခရာတွေကို အဃောသလို့ ခေါ်တယ်။ အသံပျော့ပျော့ဆိုရတဲ့ အက္ခရာ တွေပေါ့"

"သြော်၊ ဟုတ်ကဲ့ပါ"

"တတိယ၊ စတုတ္ထ၊ ပဉ္စမအက္ခရာတွေ 'ဂ ဃ င၊ ဇ ဈ ည၊ ဍ ဎ ဏ၊ ဒ ဓ န၊ ဗ ဘ မ' ပေါ့။ အဲဒီအက္ခရာတွေကိုတော့ ဃောသလို့ ခေါ်တယ်။ အသံပြင်းပြင်းဆိုရတဲ့အက္ခရာတွေပေါ့"

"ဟုတ်ကဲ့ပါ။ ဒီလိုဆိုရင် ဝဂ်တွေရဲ့ရှေ့အက္ခရာနှစ်လုံးစီက အဃောသ၊ နောက်အက္ခရာသုံးလုံးစီက ဃောသလို့မှတ်နိုင်တာပေါ့ နော် ဆရာ"

"ဟုတ်ပါတယ်၊ နောက်တစ်ဆင့် ခွဲတာရှိသေးတယ်။ အဃောသအက္ခရာတွေထဲက ပထမအက္ခရာတွေ က၊ စ၊ ဋ၊ တ၊ ပ အဲဒီငါးလုံးကို သိထိလလို့ ခေါ်တယ်။ လေအားလျော့လျော့ ရွတ်ဆိုရတဲ့ အက္ခရာတွေပေါ့။ ဒုတိယအက္ခရာတွေ ခ၊ ဆ၊ ဌ၊ ထ၊ ဖ အဲဒီငါးလုံးကိုတော့ ဓနိတလို့ ခေါ်တယ်။ လေအားတင်းတင်းရွတ်ဆိုရတဲ့ အက္ခရာ တွေပဲ"

"ဟုတ်ကဲ့ပါ"

"အဲဒီလိုပဲ၊ ဃောသအက္ခရာတွေထဲက တတိယအက္ခရာတွေဖြစ်တဲ့ ဂ၊ ဇ၊ ဍ၊ ဒ၊ ဗ ငါးလုံးက သိထိလ လေအားလျော့လျော့ ရွတ်ဆိုရတဲ့ အက္ခရာတွေ၊ စတုတ္ထအက္ခရာတွေဖြစ်တဲ့ ဃ၊ ဈ၊ ဎ၊ ဓ၊ ဘ ငါးလုံးက ဓနိတ လေအားတင်းတင်း ရွတ်ဆိုရတဲ့ အက္ခရာတွေလို့ မှတ်နိုင်တယ်"

"ဟုတ်ကဲ့၊ ပဉ္စမအက္ခရာတွေကိုရော ဘယ်လိုခေါ်ပါသလဲဆရာ၊ အခု ဆရာပြောတဲ့အထဲမှာ မပါသေးလို့ပါ"

"သြော် ပြောပါမယ်။ အဲဒီပဉ္စမအက္ခရာ ငါးလုံး င၊ည၊ဏ၊ န၊ မ ပေါ့။ အဲဒီငါးလုံးကိုတော့ ဝဂ်အဆုံးအက္ခရာတွေလို့လည်း ခေါ်တယ်။ ပါဠိလို ဝဂ္ဂန္တလို့ခေါ်တယ်။ နာသိက အက္ခရာ၊ နှာခေါင်းက ထွက်တဲ့ အက္ခရာလို့လည်း ခေါ်တယ်။

"ဟုတ်ကဲ့"

"အဲဒီတော့ အဲဒီဝဂ်အက္ခရာတွေကို အခု ပြောတဲ့အတိုင်း ဃောသလား အဃောသလား၊ သိထိလလား၊ ဓနိတလားလို့ ခွဲနိုင်တာပေါ့။ မြန်မာလိုပြောရင် အသံပျော့လား အသံပြင်းလား၊

**ဒီလိုဆိုရင် ဝဂ်တွေရဲ့ရှေ့အက္ခရာနှစ်လုံးစီက အဃောသ၊ နောက် အက္ခရာသုံးလုံးစီက ဃောသလို့ မှတ်နိုင်တာပေါ့နော်ဆရာ**

အသံလျော့လား၊ အသံတင်းလားခွဲနိုင်တာပေါ့။ ကဲ... အခု မင်းမှတ်ထားတာတွေကိုလေ့လာပြီး ဆရာပြောတဲ့အက္ခရာကို သရုပ်ဖော်ကြည့်စမ်းပါ"

"ဟုတ်ကဲ့"

"ဆ အက္ခရာကိုဘယ်လို သရုပ်ဖော်မလဲ"

"ဆက၊ စဝဂ်ဒုတိယ အက္ခရာပါ။ အသံပျော့ပျော့နဲ့ဆိုရတဲ့ အဃောသလည်းဖြစ်ပါတယ်။ လေအားတင်းတဲ့ ဓနိတလည်းဖြစ်ပါတယ်"

"ဟုတ်ပါပြီ။ ကဲ ဗ အက္ခရာကိုကော"

"ဗက၊ ပဝဂ်တတိယအက္ခရာပါ။ ဃောသဆိုတဲ့ အသံပြင်းအက္ခရာ၊ သိထိလဆိုတဲ့ လေအားလျော့တဲ့ အက္ခရာဖြစ်ပါတယ်"

"အခုလိုခွဲခြားပုံတွေကို မြန်မာဘာသာစကားဆိုင်ရာ ရှေးကျမ်းတွေမှာ တွေ့နိုင်ပါတယ်။ အက္ခရာနာမည်တွေကို ဃောသ၊ အဃောသလို့ ခွဲတာ၊ သိထိလ၊ ဓနိတလို့ခွဲတာမြန်မာ့အစဉ်အလာတစ်ခုပါပဲ"

"ဟုတ်ကဲ့ပါ ဆရာ"

"ကဲ...ဒါဆိုရင် နောက်တစ်ဆင့်တက်ရအောင် စကားကို အသံမှန်မှန်ပီပီသသဖြေတာကို 'ဌာန်ကရိုဏ်းကျတယ်' လို့ခေါ်တာ ကြားဖူးမှာပေါ့"

"ကြားဖူးပါတယ် ဆရာ"

"အဲဒီဌာန်နဲ့ ကရိုဏ်းက အက္ခရာတွေဖြစ်တဲ့ နေရာတို့၊ ရွတ်ဆိုပုံတို့ကို ခေါ်တာ။ ပသတ်ဆိုတာလည်းပါတယ်။ခေါင်းရှုပ်သွားပြီလား"

"မရှုပ်ပါဘူး ဆရာ။ သိချင်ပါတယ်"

"ပထမဆုံး ဌာန်အကြောင်းပြောရအောင်။ ဌာန်ဆိုတာ ဌာနဆိုတဲ့ ပါဠိစကားကိုယူထားတာ။ ဌာနဆိုတာနေရာပေါ့။ အဲဒီအက္ခရာ အသံတွေ ပါးစပ်ထဲမှာ ဖြစ်ပေါ်တဲ့နေရာကို ဌာန်လို့ ခေါ်တာပါ"

"သြော် ဟုတ်ကဲ့ပါ"

"စောစောက ပြောတဲ့ ဝဂ်အက္ခရာတွေကို ရွတ်ဆိုရင် အသံတွေ ဘယ်နေရာ၊ဘယ်ဌာန် က ဖြစ်လာတယ်ဆိုတာ ခွဲပြထားတယ်"ပြောပြပါ ဆရာ"

"ကဝဂ်အက္ခရာတွေ၊ က ခ ဂ ဃ င ပေါ့။ အဲဒီငါးလုံးက ဘယ်နေရာက ဖြစ်လာသလဲဆိုတော့ လည်ချောင်းကဖြစ်လာတာတဲ့။ အဲဒီအသံတွေကို ဆိုကြည့်ရင် လည်ချောင်းထဲက ထွက်လာတာ မှန်းသိနိုင်ပါတယ်။ ပါဠိနာမည်ကတော့ ကဏ္ဍဌာန်လို့ခေါ်တယ်"

"ကဏ္ဍဌာန်ဆိုတာ လည်ချောင်းဌာန်လို့ ဆိုနိုင်တာပေါ့နော်"

"ဟုတ်တယ်။ နောက် စဝဂ်အက္ခရာတွေ စ ဆ ဇ ဈ ည ကတော့၊ အာစောက်ကဖြစ်လာတာတဲ့။ လည်ချောင်းရဲ့ ရှေ့နားကနေရာပေါ့။ ပါဠိလို တာလုဌာန်လို့ခေါ်တယ်၊ အာစောက်ဌာန်ပေါ့"

"ဟုတ်ကဲ့ပါ"

"ကြိုပြောထားရဦးမယ်။ စ၊ ဆ၊ဇ၊ ဈ၊ ည ကို အသံထွက်ဆိုကြည့်စမ်း ဘယ်နားက ထွက်သလဲ"

"စ၊ဆ၊ဇ၊ဈ၊ ညဟာ ...သွားနောက်နားက ထွက်သလိုပဲ ဆရာ၊ အာစောက်က ထွက်တာ မဟုတ်ဘူးထင်တယ်"

"အေး...အေး၊ အဲဒီအချက်က သိပ်အရေးကြီးတယ်။ အခုလောလောဆယ်တော့ စ၊ ဆ၊ ဇ၊ ဈ၊ ညကို အာစောက်ဌာန်လို့ပြောတာ နေရာ လွဲနေတယ်လို့ပဲ မှတ်ထား။ နောက်တော့ ရှင်း သွားလိမ့်မယ်"

"ဟုတ်ကဲ့ ဆရာ"

"နောက် ဋ၊ ဌ၊ ဍ၊ ဎ၊ ဏ အဲဒီငါးလုံးက လျှာထိပ်က ထွက်တာတဲ့။ ပါဠိလို မုဒ္ဓဌာန်လို့ခေါ်တယ်။ လျှာထိပ်ဌာန်ပေါ့။ တချို့ကျမ်းတွေမှာ အာထိပ်လို့လည်းပြတယ်"

"တ၊ ထ၊ ဒ၊ ဓ၊ န အဲဒီငါးလုံးက သွားက ထွက်တာတဲ့။ ဒန္တဌာန်၊ သွားဌာန်ပေါ့"

"ဆရာ၊ ဒီလိုဆိုရင် ဋ၊ ဌ၊ ဍ၊ ဎ၊ ဏနဲ့ တ၊ ထ၊ ဒ၊ ဓ၊ နက ဌာန်ချင်းမတူဘူးပေါ့နော် ဆရာ"

"အဲဒါလည်းအရေးကြီးတယ်၊ ဒါပေမယ့် မြန်မာစကားမှာ အဲဒီနှစ်မျိုးက အသံထွက်တဲ့ နေရာအတူတူပဲလေ။ ဋနဲ့တနဲ့ အသံထွက်တာအတူတူ ပဲမဟုတ်လား"

"ဟုတ်တယ်နော်ဆရာ၊ ဒါဆိုရင် ဘာဖြစ်လို့နှစ်မျိုးကွဲနေတာပါလဲ"

"ဒါလည်းနောက်တော့ရှင်းသွားမယ်။ အခုတော့ အဲဒီဌာန်နှစ်မျိုးက မြန်မာစကားမှာ မကွဲဘူး။ ပါဠိစကားမှာတော့ ကွဲတယ်လို့မှတ်ထားဦး"

"ဟုတ်ကဲ့ပါ"

"နောက်ဆုံး ပ၊ ဖ၊ ဗ၊ ဘ၊ မ ငါးလုံးက နှုတ်ခမ်းမှာဖြစ်လာတာတဲ့။ ဒါတော့ ဆိုကြည့်ရင်သိနိုင်ပါတယ်။ ပါဠိလို ဩဋ္ဌဌာန်လို့ခေါ်တယ်။ နှုတ်ခမ်းဌာန်ပေါ့၊ ကဲ...နားကြဦးစို့ ။

# ကလေးတစ်ယောက်ဟာ ဘယ်အရွယ်မှာ စမတ်ဖုန်းကိုင်သင့်လဲ

## တင်လင်းအောင်

အရင်တုန်းက မိဘတွေဟာ သူတို့ရဲ့ကလေးတွေကို ဘယ်အသက်အရွယ်မှာ ကားမောင်းခွင့် အပြည့်အဝပေးရမလဲဆိုတာကို စဉ်းစားဆုံးဖြတ်ကြရတယ်။ ဒီနေ့ခေတ်မှာတော့ ဘယ်အသက်အရွယ်တွေမှာ ကလေးတွေကို စမတ်ဖုန်းပေးကိုင်သင့်သလဲဆိုတဲ့ မေးခွန်းတွေကို မိဘတွေရင်ဆိုင်နေရပါပြီ။ စမတ်ဖုန်းတွေနဲ့ အင်တာနက်ကို လွတ်လပ်စွာသုံးစွဲခွင့်ရခြင်းဟာ များပြားလှတဲ့ အကျိုးကျေးဇူးတွေရမယ့်အပြင် ယင်းနဲ့အတူ အန္တရာယ်တွေလည်း ဝင်ရောက်လာနိုင်ပါတယ်။ သို့သော် စမတ်ဖုန်းနဲ့ ကားမောင်းခြင်းကမတူပါဘူး။ အချို့ပြည်နယ်တွေမှာ အသက် ၁၆ နှစ်ပြည့်ရင် တရားဝင်ကားမောင်းနိုင်ခွင့်ဥပဒေရှိနေသော်လည်း မိဘတွေအနေနဲ့ ဘယ်အချိန်မှာ ကလေးတွေကို စမတ်ဖုန်းပေးကိုင်ရမလဲဆိုတာနဲ့ပတ်သက်ပြီး လမ်းညွှန်ပေးထားတဲ့ ဥပဒေတွေမရှိသေးပါဘူး။ အသက်ငယ်ရွယ်စဉ်အချိန်မှာ ကလေးတွေအနေနဲ့ စမတ်ဖုန်းကိုင်ရမယ်ဆိုတာတွေနဲ့ပတ်သက်ပြီး ငြင်းခုံမှုတွေ မြင့်တက်လာပါတယ်။


၂၀၁၂ ခုနှစ်မှာ ၁၂ နှစ်အောက် ကလေးတွေကို Influence Central ရဲ့ သုတေသနပြုချက်အရ ပျမ်းမျှအားဖြင့် ကလေးတွေဟာ အသက် ၁၀ နှစ် ဝန်းကျင်ဆိုရင် စမတ်ဖုန်းကို ကိုင်တွယ်နေပြီဆိုတာ သိရပါတယ်။ အချို့ကလေးတွေဆိုရင် ဒီထက်ပိုပြီး ငယ်ရွယ်တဲ့အချိန် (ဒုတိယတန်း အသက်ခုနစ်နှစ်လောက်)မှာ စမတ်ဖုန်းပိုင်ဆိုင်မှုတွေရရှိပြီး စမတ်ဖုန်းတွေကို ကိုယ်ပိုင်ကိုင်ဆောင်နေပါပြီလို့ အင်တာနက်လုံခြုံရေးဆိုင်ရာ ကျွမ်းကျင်သူများက ဆိုထားပါတယ်။

ကျွန်တော့်ကလေးတွေကတော့ အထက်တန်းကျောင်းစတက်တဲ့အချိန်မှသာ စမတ်ဖုန်းသုံးဖို့အတွက် ခွင့်ပြုခဲ့ပါတယ်။ ဒါတောင်မှ သူတို့တွေဟာ ထိန်းချုပ်နိုင်မှုစွမ်းအားတွေ၊ မျက်နှာချင်းဆိုင်ဆွေးနွေးခြင်းရဲ့ အရေးပါမှုတွေကို လေ့လာသင်ယူပြီးမှသာ ခွင့်ပြုခဲ့တာပါလို့ Common Sense မီဒီယာရဲ့ အမှုဆောင်အရာရှိချုပ် ဂျိမ်းပီစတီယာကဆိုပါတယ်။ ဒါပေမယ့် အချို့မိဘတွေက သူတို့ကလေးတွေဟာ ငယ်ရွယ်စဉ်အချိန်မှာတည်းက ဖုန်းသုံးဖို့ အဆင်သင့်ဖြစ်နေပါတယ်လို့ ပြောပါတယ်။ ကလေးနှစ်ယောက်ဟာ မတူပါဘူး။ ပြီးတော့လည်း သူတို့မှာ တူညီတဲ့ဖုန်းနံပါတ်တွေမရှိပါဘူး။ ကလေးတစ်ယောက်ရဲ့အသက်ထက် အဲဒီကလေးဟာ စမတ်ဖုန်းနဲ့ပတ်သက်ပြီး သူဘယ်လောက် တာဝန်ယူနိုင်သလဲ ဒါမှမဟုတ် သူ့ရဲ့ရင့်ကျက်မှုက ဘယ်လောက်အတိုင်းအတာထိ ရှိသလဲဆိုတာက ပိုပြီးအရေးကြီးပါတယ်လို့ ပီစတီယာက ဆက်လက်ပြောကြားပါတယ်။

ဒါဆိုရင် ကလေးတစ်ယောက်စမတ်ဖုန်းကိုင်ဖို့ သင့်တော်တဲ့အချိန်ကို စဉ်းစားပြီးပြီလား။ ကလေးတစ်ယောက်ဟာ ဘယ်အသက်အရွယ်မှာ စမတ်ဖုန်းကိုင်သင့်သလဲဆိုတဲ့ လမ်းညွှန်ချက်တွေ ထွက်လာဖို့အတွက် ကျွန်တော်က အင်တာနက်လုံခြုံရေး ကျွမ်းကျင်သူတွေ၊ စမတ်ဖုန်းအသုံးပြုတဲ့ ကလေးတွေကို လေ့လာမှုတွေပြုလုပ်နေပါတယ်လို့ ၄င်းကဆက်လက်ပြောကြားပါတယ်။ ဒါ့အပြင် ကလေးတွေကို အန္တရာယ်ကင်းအောင် စမတ်ဖုန်းအသုံးပြုမှုနဲ့ပတ်သက်ပြီး စည်းမျဉ်းတွေကို မိဘတွေကို မေးမြန်းခဲ့ပါတယ်လို့ ၄င်းကပြောပါတယ်။

တချို့ကျွမ်းကျင်သူတွေကတော့ အသက် ၁၂ နှစ် လောက်မှာ တရားဝင်စမတ်ဖုန်းကိုင်ခွင့်ရှိသင့်တယ်လို့ပြောကာ တချို့ကျတော့လည်း အသက် ၁၄ နှစ်လောက်မှ စကိုင်တာအကောင်းဆုံးလို့ဆိုပါတယ်။ ဒါပေမယ့် ဘယ်လိုပဲဖြစ်ဖြစ် ကလေးတွေကို ငယ်ငယ်ရွယ်ရွယ်နဲ့စမတ်ဖုန်းပေး မကိုင်ခိုင်းလေလေ ပိုကောင်းလေလေဆိုပြီး အချို့ကျွမ်းကျင်သူတွေက ပြောကြပါတယ်။ မှန်ပါတယ်။ ဘာကြောင့်လဲဆိုတော့ စမတ်ဖုန်းဟာ သုံးတတ်ရင်ဆေး၊ မသုံးတတ်ရင် ဘေးဖြစ်စေပါတယ်။ ရင့်ကျက်မှုမရှိသေးတဲ့အရွယ်မှာ စမတ်ဖုန်းတွေက ကောင်းကျိုးထက် ဆိုးကျိုးကို ပိုဖြစ်စေပါတယ်။ အားလုံး တစ်ညီတစ်ညွတ်တည်း သဘောတူတာကတော့ စမတ်ဖုန်းများများသုံးတဲ့ကလေးတွေဟာ နောက်ပိုင်းကျတော့ စမတ်ဖုန်းကို စွဲလမ်းသွားပြီး ကျောင်းစာတွေနဲ့ကင်းဝေးလာပါတယ်။ ပြီးတော့လည်း အွန်လိုင်းအနိုင်ကျင့်စော်ကားမှုတွေ၊ ကလေးတွေကို ခေါင်းပုံဖြတ်အမြတ်ကြီးစားတဲ့သူတွေ၊ စမတ်ဖုန်းတွေကမှတစ်ဆင့် ညစ်ညမ်းပုံတွေပေးပို့ပြီး ဆွဲဆောင်စည်းရုံးသူတွေရဲ့ လက်တွင်းသက်ဆင်းမှုတွေကို မကြာခဏဖော်ထုတ်တွေ့ရှိခဲ့ပါတယ်လို့ ကျွမ်းကျင်သူအားလုံးက ထောက်ပြခဲ့ပါတယ်။

စမတ်ဖုန်းတွေဟာ ကောင်းကျိုးတွေဖြစ်စေတယ်ဆိုတာ သံသယမရှိလက်ခံရမှာပါ။ စမတ်ဖုန်းတွေအသုံးပြုပြီး ကလေးတွေဟာ တန်ဖိုးရှိတဲ့ Apps တွေ၊ ပညာရေးနဲ့ပတ်သက်တဲ့ Tools တွေ၊ သူငယ်ချင်းတွေနဲ့ ဆက်သွယ်လို့ရတဲ့ Chat Apps တွေ၊ ဝက်ဘ်ဆိုက်မှ သတင်းအချက်အလက်တွေကို ရရှိမှာဖြစ်ပါတယ်။ တစ်ဖက်ကကြည့်ရင်လည်း ဂိမ်းစွဲတာတွေ၊ ညစ်ညမ်းဆိုက်တွေ၊ အွန်လိုင်းအနိုင်ကျင့်မှုတွေ ရှိနေပါတယ်။ ဘယ်အရာမဆို အကောင်းနဲ့အဆိုး ဒွန်တွဲနေတတ်တာသဘာဝပါ။ ဒါပေမယ့် မိဘတွေရဲ့ထိန်းချုပ်မှုအောက်မှာ မှန်ကန်စွာအသုံးချတတ်မယ်ဆိုရင် စမတ်ဖုန်းတွေဟာ ရတနာရွှေအိုးတွေပါပဲ။ နိဂုံးချုပ်ပြောရမယ်ဆိုရင်တော့ ကလေးတွေအနေနဲ့ ကိုယ့်ကိုယ်ကိုယ် စည်းမျဉ်း၊ စည်းကမ်းတွေ၊ ဆောင်ရန်၊ ရှောင်ရန်တွေ တတ်သိနားလည်သွားတဲ့အရွယ်ရောက်မှ စမတ်ဖုန်းကိုင်တာ အကောင်းဆုံးပါ။



# အမေ့ကိုပြန်ငယ်စေချင်တယ်

**မိုးကျော်စွာ**

မင်းခယောက်ျားမို့ မလွယ်တဲ့ကြားထဲကပဲ ကလေးတွေရဲ့ ကျောင်းပိတ်ရက် တစ်ခုနဲ့ချိန်ပြီး အလုပ်ကနေခွင့်ရက်တို တစ်ခုယူလိုက်ပါတယ်။ အဲဒီနောက်တော့ မြေလတ်ဒေသမှာ ရှိတဲ့ မိဘများရှိရာမြို့ကလေးကို ပြန်လာခဲ့ပါတယ်။ မိဘနှစ်ပါးကို ကျန်းကျန်းမာမာနဲ့တွေ့မြင်ရလို့ဝမ်းသာရသလို၊ တစ်ခေါက်ထက်တစ်ခေါက်ပိုပြီး အိုမင်းရင့်ရော်လာတဲ့ အဖေ၊ အမေတို့ကို သတိထားမိပြန်တော့ အမျိုးအမည် မဖော်ပြနိုင်တဲ့ဝေဒနာ တစ်ရပ်ဟာ ဘယ်ဘက်ရင်အုံကို လာရောက်ထိခတ်ပြန်ပါတယ်။

မိခင်၊ ဖခင်ကြီးတွေကို ကန်တော့ပြီး၊ ဘယ်ကိုမှမသွားဘဲ အိမ်မှာနားနားနေနေ နေဖြစ်ပါတယ်။ တစ်မနက်မှာတော့ ရှေးလူကြီးတွေရဲ့ထုံးစံအတိုင်း အိမ်မှုကိစ္စတွေကို ကိုယ်တိုင်ကိုယ်ကျ လုပ်ဆောင်လေ့ရှိတဲ့အမေက ခြံထဲမှာတံမြက်လှဲနေပါတယ်။ အမေ့ကိုကူညီဖို့ အနားကိုသွားတဲ့အခါ ခြံထောင့်က ကုက္ကိုပင်ကြီးပေါ်ကကျနေတဲ့ အမှိုက်တစ်ခုကိုတွေ့မိပါတယ်။ အဲဒါကြီးကို ကောက်ယူပြီးကြည့်လိုက်တော့ ကျီးကန်းအသိုက် တစ်ခုဖြစ်မယ်လို့ယူဆရပါတယ်။ ဒါပေမယ့် အဲဒီကျီးကန်းအသိုက်ကြီးဟာ ကျွန်တော်တို့ငယ်ငယ်က တွေ့ခဲ့ဖူးတဲ့ ကျီးကန်းအသိုက်နဲ့မတူပါဘူး။ ဟိုတုန်းကကျီးကန်းအသိုက်တွေဟာ၊ မာကျောတဲ့သစ်ကိုင်းသစ်ခက်တွေနဲ့ ရက်လုပ်ထားတဲ့ တောင့်တောင့်တင်းတင်း၊ ခိုင်ခိုင်ခံ့ခံ့တွေဖြစ်ပါတယ်။ ဒါပေမယ့် အခုတွေ့ရတဲ့ကျီးကန်းအသိုက်ကြီးကတော့ အရင်နဲ့မတူဘဲ သိသိသာသာကွဲပြားခြားနားနေပါတယ်။ အထဲမှာဖွဲ့စည်းတည်ဆောက်ထားတဲ့ပစ္စည်းတွေကိုကြည့်လိုက်တော့ သစ်ကိုင်း သစ်ခက်အပြင် အအေးစုပ်တဲ့ပိုက်တွေလည်းပါတယ်။ ဝိုင်ယာကြိုးအပြတ်တွေလည်းပါတယ်။ ရော်ဘာအပိုင်းအစ တချို့နဲ့ နိုင်လွန်ဖိနပ်သဲကြိုးအပြတ်လိုဟာတွေလည်း ပါနေတယ်။ လက်နဲ့ကိုင်တွယ်စမ်းသပ်ကြည့်လိုက်တဲ့အခါကျတော့ အရင်ကလို တောင့်တောင့်တင်းတင်း မဟုတ်ဘဲ ပျော့ပြဲပြဲ ချော်ချွတ်ချွတ်ကြီးဖြစ်နေတာကိုတွေ့ရတယ်။ သစ်ပင်ပေါ်မှာလည်း မြဲမြဲမြံမြံနေနိုင်မယ့် အနေအထားမတွေ့ရဘူး။ အရောင်ကလည်း ဟိုတုန်းကလို မည်းမည်းနက်နက် မဟုတ် တော့ဘဲ အရောင်မျိုးစုံထွက်နေတော့တယ်။

အဲဒါနဲ့ ငှက်သိုက်ကြီးကို အမေ့ဆီကိုယူသွားပြီး 'အမေ... ဒါကျီးကန်းအသိုက်မဟုတ်လား' လို့မေးတော့၊ အမေကသိပ်အံ့သြဟန်မပြဘဲ 'ဟုတ်တယ်လေသားရဲ့' လို့ပြန်ပြောပါတယ်။ ကျွန်တော် 'သြော်' လို့သာတစ်လုံးတည်းရေရွတ်နိုင်ပါတော့တယ်။ ကျီးကန်းတွေတောင် ဂလိုဘယ်လိုက်ဇေးရှင်း သဘောတရားကို မလွန်ဆန်နိုင်ပါရောလား။ အဲဒါကြောင့် အမေ့ကို ဆက်ပြောမိတယ်။ 'အမေရယ် သဘာဝမဟုတ်တဲ့၊ ပုံမှန်မဟုတ်တဲ့ ကျီးကန်းအသိုက်ကြောင့် ကျီးပေါက်လေးတွေ၊ ကျီးကန်းဥတွေ သေကျေ၊ ပျက်စီးကုန်ပြီထင်တယ်နော်'။ အမေပြန်ပြောတာက 'ဟုတ်တယ်သား၊ ဒါတင်ဘယ်ကမလဲ၊ ထမင်းကျန်၊ ဟင်းကျန်တွေကို ငှက်တွေစားဖို့ ချကျွေးရင် ကျီးကန်းတွေလည်း လာစားတယ်လေ၊ အခုကျီးကန်းတွေက ဟိုတုန်းကကောင်တွေလိုမလှတော့ဘူး'၊ 'ကျီးကန်းကဘယ်မှာ လှလို့လဲအမေရဲ့' လို့ပြန်မေးတော့ 'ကျီးကန်းမည်းမည်းကြီးတွေဟာ တခြားငှက်တွေလိုမလှဘူးလို့ ဆိုပေမယ့်၊ သူ့အမွေးအတောင် နက်နက်ပြောင်ပြောင်၊ စိုစိုပြည်ပြည်တွေဟာ သူ့အတွက်အလှပဲလေ၊ အခုကျီးကန်းတွေကတော့ စုတ်ဖွားဖွား၊ မွဲခြောက်ခြောက်နဲ့ ဖြစ်ကုန်ပါပြီသားရယ်' လို့ အမေကပြန်ပြောပါတယ်။ 'ဟင် ဟုတ်လား' လို့ ကျွန်တော်ကစကားထောက်ပေးတော့ 'နောက်ပြီး သူတို့ကိုကြည့်ရတာ လူမမာကိုကြည့်ရတာနဲ့တူနေသလိုပဲ' လို့လည်း ထပ်ပြောလိုက်ပါသေးတယ်။ အဲဒီအခါ ကျွန်တော်က တွေးတွေးဆဆနဲ့ 'စိတ်မကောင်းစရာပဲအမေရယ်' လို့ ပြောလိုက်ပါတယ်။ အမေက 'သားက ဒါတွေကိုစိတ်ဝင်စားတယ်လား' လို့ပြောလို့ 'အဲဒီကိစ္စက သားတို့အလုပ်နဲ့သက်ဆိုင်တယ်အမေ' လို့ ပြန်ပြောဖြစ်ပါတယ်။ 'ဒါဆိုရင်တော့ သားကိုအဖြစ်အပျက်တစ်ခုထပ်ပြောမှဖြစ်မယ်' လို့ အငြိမ်းစားကျောင်းဆရာမကြီးဖြစ်တဲ့ အမေက ပြောပါတယ်။ ကျွန်တော်လည်းအလွန်စိတ်ဝင်စားသွားတဲ့အတွက် အားတက်သရော နားထောင်မိပါတယ်။

'ဒီလိုသားရဲ့... တစ်ရက်မှာ အမေရဲ့ အိမ်အပေါ်ထပ်က ဘုရားစင်မှာ ပန်း၊ ရေချမ်းဆက်ကပ်နေတုန်းကပေါ့'၊ 'အိမ်ကတံစက်မြိတ်မှာအုန်းသီးအခွံနဲ့စာကလေးအိမ်လုပ်ပြီးချိတ်ပေးထားတာ သားမြင်တယ်မဟုတ်လား'၊ 'ဟုတ်ကဲ့မြင်တယ် လေ' 'အဲဒီအုန်းသီးခွံ စာကလေးအိမ် အပေါက်ထဲကနေ တွဲလောင်းကြီးကျပြီး အော်နေတဲ့ စာကလေးတစ်ကောင်ကို အမေကဘုရားစင်ဘေးပြတင်းပေါက်ကနေ မြင်နေ၊ ကြားနေရလို့သွားကြည့်တော့ စာကလေးရဲ့ခြေထောက်တစ်ဖက်မှာ ကြွပ်ကြွပ်ကြိုးစတစ်ခုက ရစ်ပတ်နေပြီး အဲဒီကြိုးစရဲ့တစ်ဖက်က အုန်းသီးခွံထဲက တစ်ခုခုနဲ့ငြိနေတော့ စာကလေးကအပေါ်မရောက်၊ အောက်မရောက်နဲ့ တွဲလောင်းကြီးအော်နေရတာပေါ့'၊ 'အမေက ပြတင်းပေါက်ကနေလှမ်းဖြုတ်ပေးပြီး လွှတ်ပေးလိုက်ပေမယ့် လမ်းလည်းမလျှောက်နိုင်၊ ပျံလည်းမပျံနိုင်ဘဲ တုံးလုံးလေးလဲနေရှာတယ်၊ အတောင်တွေလည်း တစ်ခတ်ခတ်နဲ့ပေါ့'၊ 'ဘယ်လိုဖြစ်လို့လဲ အမေ'၊ 'သေသေချာချာစဉ်စားကြည့်လိုက်တော့မှ အမေသဘောပေါက်သွားတယ်၊ အဲဒီစာကလေးဟာ ဥကပေါက်ပြီး အကောင်ငယ်ဘဝကတည်းက သူ့အမေအသိုက်ထဲကို ချီလာတဲ့ ကြွပ်ကြွပ်ကြိုးနဲ့ သူ့ခြေထောက်နဲ့ငြိနေပါလိမ့်မယ်။ ကြွပ်ကြွပ်ကြိုးကရစ်ပတ်၊ ဆွဲချည်ထားတော့ သူ့ခြေထောက်လေးတစ်ဖက်ကလည်း တခြားတစ်ဖက်လို သန်သန်စွမ်းစွမ်းမဟုတ်တော့ဘဲ ခြေသိမ်ကလေးဖြစ်နေခဲ့တယ်။ ပိုဆိုးတာက ဘယ်မှသွားလို့မရတော့ အပျံလည်းမသင်ခဲ့ရဘူးပေါ့။ သူ့အမေရှာဖွေကျွေးမွေးတဲ့ အစားအစာလေးတွေကိုပဲ စားရင်းသောက်ရင်း စာကလေးကြီးပြင်းလာခဲ့ရတယ်ပေါ့။ အကောင်ကသာ စာကလေးကြီးဖြစ်နေတယ်။ သူ့ရဲ့ဘဝအတွေ့အကြုံနဲ့ သူ့ရဲ့စွမ်းဆောင်နိုင်မှုကတော့ အကောင်ပေါက်ဘဝကနေ မတက်နိုင်တော့ဘူးပေါ့။ အခုလို အခြေအနေပေးလို့ လွတ်လွတ်လပ်လပ်ဖြစ်သွားပြန်တော့ လောကကြီးထဲရောက်ရင် မပျံတတ်၊ အစာမရှာတတ်နဲ့ သေသွားမှာပါပဲသားရယ်' လို့ ရှည်လျားစွာရှင်းပြပါတယ်။ 'နောက် ဘယ်လိုဖြစ်သွားလဲအမေ' လို့ ကျွန်တော်ကမေးတော့ 'ဒီအတိုင်းလွှတ်လိုက်ရင်လည်း သေဖို့ပဲရှိတယ်လေ၊ သူ့အမေရှာကျွေးတာလေးစားနေရတာကပဲ သူ့ဘဝလုံခြုံမှုရှိလိမ့်မယ်လို့ထင်လို့ ကြွပ်ကြွပ်ကြိုးတွေရှင်းထုတ်ပြီး အသိုက်ထဲပဲပြန်ထည့်ပေးလိုက်ရတာပေါ့။ နောက်တော့လည်း အသံမကြားရတော့ပါဘူးကွာ။ ပျက်စီးသွားပြီနဲ့တူပါတယ်' လို့ပြောပါတယ်။

အဲဒီနောက်ပိုင်း ကျွန်တော့်အတွေးထဲမှာ ဒီအကြောင်းလေးပဲရှိနေခဲ့ပါတယ်။ ကာဗွန်ဒိုင်အောက်ဆိုက်အကြောင်း၊ ကလိုရိုဖလူရိုကာဗွန်အကြောင်း၊ မှန်လုံအိမ် အာနိသင်အကြောင်း၊ Global warming အကြောင်း၊ Hazardous waste အကြောင်း၊ Green Energy အကြောင်း၊ EIA၊ SIA အကြောင်း စတဲ့ ကြီးကြီးကျယ်ကျယ်တွေ မတွေးချင်သေးပါဘူး။ ကမ္ဘာပေါ်က လူသားသန်းပေါင်းများစွာတို့ရဲ့ တိုးတက်ဖြစ်ပေါ်နေတဲ့ လူနေမှုပုံစံ၊ စရိုက်တွေကြောင့်၊ တစ်နည်းအားဖြင့် လူတစ်ဦးမဆင်မခြင်စွန့်ပစ်မိလိုက်တဲ့ အမှိုက်ကလေး တစ်စကြောင့် လူတွေကို အကျိုးပြုနေတဲ့ လူ့မိတ်ဆွေ ကျေးငှက်တိရစ္ဆာန်ကလေးတွေ ဘယ်လောက်များ သေကျေပျက်စီးနေရမလဲဆိုတာကို ပဲတွေးနေမိပါတယ်။

တစ်ဆက်တည်းမှာပဲ အမေသာပင်စင်စားအဘွားအို တစ်ယောက်မဟုတ်ဘဲ လက်ရှိတာဝန်ထမ်းဆောင်နေသေးတဲ့၊ ငယ်ရွယ်နုပျိုတဲ့ကျောင်းဆရာမတစ်ယောက်ဖြစ်နေဦးမယ် ဆိုရင် ဘယ်လောက်ကောင်းလိုက်မလဲလို့လည်း တွေးနေမိပါတယ်။ အဲဒီလိုသာဖြစ်ရင် ဒီအကြောင်းလေးကို သူ့တပည့်ကျောင်းသား ကျောင်းသူကလေးငယ်ပေါင်းများစွာအတွက် နားထောင်ချင်စရာ မှတ်သားလိုက်နာချင်စရာကောင်းအောင် ပြောပြနေလိမ့်ဦးမယ်ဆိုတာအသေအချာပါပဲ...။ ။

**ကမ္ဘာပေါ်က လူသားသန်းပေါင်းများစွာတို့ရဲ့ တိုးတက်ဖြစ်ပေါ်နေတဲ့ လူနေမှုပုံစံ၊ စရိုက်တွေကြောင့်၊ တစ်နည်းအားဖြင့် လူတစ်ဦး မဆင်မခြင် စွန့်ပစ်မိလိုက်တဲ့ အမှိုက်ကလေးတစ်စကြောင့် လူတွေကိုအကျိုးပြုနေတဲ့ လူ့မိတ်ဆွေ ကျေးငှက်တိရစ္ဆာန်ကလေးတွေ ဘယ်လောက်များ သေကျေပျက်စီးနေရမလဲဆိုတာကိုပဲ တွေးနေမိ**

# မြင်းခြံခရိုင်နှင့် မြင်းခြံမြို့နယ်အတွင်းရှိ ဆည်၊ ကန်များ ကြံ့ခိုင်မှုကောင်းမွန်၍ စိုးရိမ်ရန်မရှိကြောင်းသိရ

**မြင်းခြံ အောက်တိုဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် မြင်းခြံမြို့နယ်ရှိ ပြောင်းပြာဆည်၊ စွန်းလွန်းဆည်၊ တောင်ပင်လယ်ဆည်၊ မြောက်ပင်လယ်ဆည်၊ ညောင်ပင်သာဆည်၊ ပျိုးကန်ကန်များတွင် မုန်းတိုင်းအရှိန်ကြောင့် မိုးရွာသွန်းမှု များပြားခဲ့ရာ ရေများဝင်ရောက်ပြီး ညောင်ပင်သာဆည်နှင့် ပျိုးကန်ကန်တွင် ရေအမှတ်အပြည့်ကို အနည်းငယ် ကျော်လွန်နေသည်ကို အောက်တိုဘာ ၂၇ ရက် နံနက် ၁၀ နာရီတွင် သိရသည်။



မြင်းခြံမြို့နယ်ရှိ စွန်းလွန်းဆည်မှာလည်း ကန်ရေပြည့်အမှတ်သို့ ရောက်ရှိနေပြီး ရေပြည့်မှတ်ကျော်လွန်သေးခြင်း မရှိသေးကြောင်းနှင့် ရေပိုလွှဲမှလည်း ရေကျော်ကျနေခြင်းလည်း မရှိသေးကြောင်း သိရသည်။ စွန်းလွန်းချောင်းရိုးအနိမ့်ပိုင်းတွင် နေထိုင်လုပ်ကိုင်နေကြသော ပြည်သူများအားလည်း မိုးဆက်လက်ရွာသွန်းပါက ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ကုန်းမြင့်နေရာများသို့ ပြောင်းရွှေ့နေထိုင်ရေးကိုသက်ဆိုင်ရာမှ စီစဉ်ထားကြောင်း သိရသည်။

ထိုသို့ဖြစ်ပေါ်နေသော ဆည်၊ ကန်များ အခြေအနေကိုသိရှိနိုင်ရန် မြင်းခြံခရိုင်ဆည်မြောင်းနှင့် ရေအသုံးချရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်လွင်အား မေးမြန်းကြည့်ရာ မြင်းခြံခရိုင်အတွင်း ဆည်မြောင်းဌာနမှထိန်းသိမ်းထားသော ဆည်၊ ကန်စုစုပေါင်း ၁၇ ခု ရှိပါကြောင်း၊ ယခုလို မုန်တိုင်းအရှိန်ကြောင့် မိုးရွာသွန်းမှုများပြားပြီး ဆည်၊ ကန်များအတွင်းဝင်ရောက်သည့်ရေများပြားလာခြင်းကြောင့် မြင်းခြံမြို့နယ်တွင် ညောင်ပင်သာဆည်၊ ပျိုးကန်ကန်၊ တောင်သာမြို့နယ်အတွင်းရှိ ဆင်တဲဝဆည်၊ တောင်သာဆည်၊ ကျောက်တစ်လုံးဆည် နွားထိုးကြီးမြို့နယ်အတွင်းရှိ ကန်နားကန်တို့တွင် ရေပြည့်အမှတ်ကျော်လွန်ပြီး ငါန်းဇွန်မြို့နယ်အတွင်းရှိ ဆည်၊ ကန်များမှာရေပြည့်အမှတ်သို့ရောက်ရှိခြင်းမရှိကြောင်း၊ ရေပြည့်နေသော ဆည်၊ ကန်များမှ ရေများကိုလည်း ရေပိုလွှဲမှ ရေကျော်ကျလျက်ရှိပြီး မူလချောင်းရိုးများအတိုင်း စီးဆင်းနေကြောင်း၊ ရေပြည့်မှတ် ကျော်လွန်နေသော ဆည်၊ ကန်ခြောက်ခုမှာလည်း တမံ၊ ကန်ပေါင်များကြံ့ခိုင်ကောင်းမွန်မှုရှိပြီး နေ့၊ ည စောင့်ကြည့်လျက်ရှိကြောင်းနှင့် အခြားဆည်၊ ကန်များလည်း ကြံ့ခိုင်မှုကောင်းမွန်ကြောင်းကို လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်လွင် ပြောကြားခဲ့သည်။

ရေပြည့်မှတ် ကျော်လွန်နေသော ဆည်၊ ကန်ခြောက်ခုတွင် ရေပိုလွှဲမှရေများ ကျော်ကျကာ ချောင်းရိုးများအတွင်း စီးဆင်းနေသော်လည်း အနိမ့်ပိုင်းချောင်းရိုးတစ်လျှောက်နေထိုင်ကြသောပြည်သူများ၏ အိုးအိမ်နှင့် သီးနှံစိုက်ခင်းများ ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်ခဲ့ခြင်း မရှိကြောင်း သိရသည်။ **ဇော်မင်းနိုင် (မြင်းခြံ)**

# မြန်မာ-ထိုင်း ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီး ကျင်းပမည်

**ဘားအံ အောက်တိုဘာ ၂၉**

ကရင်တိုင်းရင်းသားတို့၏ နေ့ထူးနေ့မြတ် တစ်နေ့ဖြစ်သော ကရင်ပြည်နယ်နေ့အထိမ်းအမှတ်ပွဲတော်ကို နှစ်စဉ်မပြတ် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ရာ ယခုအခါ (၆၁) နှစ်မြောက်သို့ ရောက်ရှိခဲ့ပြီဖြစ်သည်။ နိုဝင်ဘာ ၇ ရက်တွင် ကျရောက်မည့် (၆၁) နှစ်မြောက် ကရင်ပြည်နယ်နေ့အထိမ်းအမှတ်အဖြစ် ကရင်အားကစား မြန်မာအားထားရစေရန်နှင့် မျိုးဆက်သစ် ရိုးရာလက်ဝှေ့အားကစားသမားကောင်းများ ပေါ်ပေါက်လာစေရန်အတွက် မြန်မာ-ထိုင်း ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီးကို ပွဲကြီးပွဲကောင်း အတွဲကြီး အတွဲကောင်းများဖြင့် နိုဝင်ဘာ ၇ ရက်မှ ၁၁ ရက်အထိ ငါးရက်တိုင်တိုင် နေ့စဉ် မွန်းတည့် ၁၂ နာရီအချိန်မှစ၍ စိန်ခေါ်ပွဲ၊ အောင်လံလုပွဲနှင့် နှစ်ချီ၊ သုံးချီ အထူးစိန်ခေါ်ပွဲများဖြင့် ပရိသတ်စိတ်ကြိုက် စီစဉ်တင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ-ထိုင်း ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီးများအဖြစ် နိုဝင်ဘာ ၇ ရက်တွင် မိုးဟိန်း (မြန်မာ) နှင့် ဒန်းမဏီ (ထိုင်း)၊ စူပါ(မြန်မာ)နှင့် စန်းကော်(ထိုင်း)၊ နက္ခတ်အောင် (တောင်ကလေး)နှင့်ရွှေချစ်သွေး(တိုက်ဂါး)၊ လှိုင်းထက်အောင် (ထောင်းထော့) နှင့်မြှားကလေး(ရန်စစ်ငြိမ်း)၊ ကော့ကယ်(ဇာနည်မောင်)နှင့် အောင်ဇော်ဟိန်း (ထောင်းထော့)တို့ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်ပြီး နိုဝင်ဘာ ၈ ရက်တွင် သပြေညို (မြန်မာ)နှင့် မားမိုင်(ထိုင်း)၊ ရဲသွေးနီ(မြန်မာ)နှင့် ဒဲစာဒါး (ထိုင်း)၊ ဒါဝိတ်(တောင်ကလေး)နှင့်စစ်အောင်(ရန်စစ်ငြိမ်း)၊ ရန်နိုင်ထွန်း(တိုက်ဂါး)နှင့်ရားအူးဖလုံ(ရွှေမိုးထိငြိမ်းချမ်းရေး)၊ ထူးနေသူ(တောင်ကလေး)နှင့် စိုးဝင်းသန်း(ရန်စစ်ငြိမ်)တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်ကာ နိုဝင်ဘာ ၉ ရက်တွင် စောဘဦး(မြန်မာ)နှင့် ဂျန်ဘို(ထိုင်း)၊ မိုက်ရိုင်း(မြန်မာ)နှင့် ကောက်ဖိုးဒါန်(ထိုင်း)၊ ဖူးသစ်ကျော်နိုင်(စက်ရုံ)နှင့် ဝမ်းစတား (တိုက်ဂါး)၊ စိန်မျိုးအောင်(တောင်ကလေး)နှင့်မင်းနိုင်ထွန်း(ယူနိုက်တက်)၊ နေရိုင်း (ရန်စစ်ငြိမ်း)နှင့် သက်ပိုင်အောင် (တောင်ကလေး)တို့ ယှဉ်ပြိုင်ထိုးကြမည်ဖြစ်သည်။

အလားတူ နိုဝင်ဘာ ၁၀ ရက်တွင် သွေးသစ်ဝင်းလှိုင်(ရွှေမိုးထိ)နှင့်ဟိုစန်လတ် (ထိုင်း)၊ ရန်နိုင်အောင် (ရွှေမိုးထိငြိမ်းချမ်းရေး)နှင့်ဒဲ့နောင့်ခန်း(ထိုင်း)၊ ဖိုးလပြည့် (မြန်မာ)နှင့် ညျူးဝမ်းကျန်(ထိုင်း)၊ စစ်သွေး(စက်ရုံ)နှင့်ရာဇာ (ရွှေမိုးထိငြိမ်းချမ်းရေး)၊ လင်းထက်အောင်(တောင်ကလေး)နှင့် ကျော်စွာဝင်း(ယူနိုက်တက်)၊ ထက်လင်းဦး (တိုက်ဂါး)နှင့် အံ့ဘွား(ယူနိုက်တက်)၊ နိုဝင်ဘာ ၁၁ ရက်တွင် ဖျံသွေး(မြန်မာ)နှင့် တာဝမ်ချိုင်း(ထိုင်း)၊စောမင်းအောင်(မြန်မာ)နှင့် ဘားမီချိုင်း(ထိုင်း)၊ သွေးသစ်အောင် (မြန်မာ)နှင့် ချိုင်းစကမ်း(ထိုင်း)၊ ထက်အောင်ဦး(တောင်ကလေး)နှင့် ကျားပေါက် (ရန်စစ်ငြိမ်း)၊ သူထက်အောင်(ဇာနည်မောင်)နှင့် ရွှေရာဇာ(စက်ရုံ)၊ အာကာသမောင် (တိုက်ဂါး)နှင့် စကြာဝဠာမောင် (တောင်ကလေး)တို့ယှဉ်ပြိုင်ထိုးသတ်ကြမည့်ဖြစ်ကာ သုံးသိန်းအောင်လံ၊ ငါးသိန်းအောင်လံ၊ ခုနစ်သိန်းအောင်လံ ပွဲများနှင့် နှစ်ချီ၊ သုံးချီ အထူးစိန်ခေါ်ပွဲများဖြင့် ဘားအံမြို့ သီရိကွင်း ကရင်ကျောင်းသားများရိပ်သာရှေ့လက်ဝှေ့ရုံကြီးတွင် ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# မြန်မာနိုင်ငံ၏တစ်ခုတည်းသော စီးပွားဖြစ်ထုတ်လုပ်နေသည့် ကြာချည်လုပ်ငန်း



စလင်းမြို့အနောက်ဘက်တွင် သမိုင်းဝင် ဝက်သည်းကန်ကြီးရှိသည်။ ဝက်သည်းကန်ကြီးမှာ စလင်း-စေတုတ္တရာ သွားကားလမ်းဘေးတွင် တည်ရှိသည်။ ဝက်သည်းကန်ကြီးကို ပုဂံခေတ် နရပတိစည်သူမင်းကြီးက သက္ကရာဇ် ၅၅၆ ခုနှစ်တွင် တည်ထားခဲ့သော သမိုင်းဝင်ကန်တော်ကြီးရှိသည်။ ဝက်သည်းကန်ကြီးမှာ အနောက်ကန်တောင်ကျေးရွာအုပ်စု၊ အောက်လှိုင်းကျေးရွာအုပ်စု၊ တမာပင်ချောင်ကျေးရွာအုပ်စု၊ ဆင်ကျုံးကျေးရွာအုပ်စုများအတွင်းပါဝင်၍ အကျယ်အဝန်းမှာ ၁ ဒသမ ၇ စတုရန်းမိုင် ကျယ်ဝန်းပြီး ဧကအားဖြင့် ၁၀၈၈ ဧက ကျယ်ဝန်းသည်။ ကန်လယ်တွင် သီရိဓမ္မာသောကမင်းကြီး တည်ထားခဲ့သော ရွှေမုဋ္ဌောစေတီတော် တည်ရှိသည်။ ကန်ပတ်လည်တွင် ပဒုမ္မာကြာများ ပေါက်ရောက်လျက်ရှိသည်။ ပဒုမ္မာကြာပန်းများမှာ တပေါင်း၊ တန်ခူး၊ ကဆုန်၊ နယုန်၊ ဝါဆို၊ ဝါခေါင်၊ တော်သလင်းလများတွင် အများဆုံးပေါက်ရောက်ကြသည်။ ယခင်က ပဒုမ္မာကြာများကို ခူးဆွတ်၍ ကြာပန်းကို ဘုရားကပ်လှူပူဇော်ခြင်း၊ ကြာဖက်ကို အသီးအရွက်ထုပ်ပိုးရာမှာသာ အသုံးပြုခဲ့ကြသည်။

၂၀၁၀ ခုနှစ်လောက်တွင် အင်းလေးဒေသမှ လူများ ဘုရားဖူးလာရင်း ပဒုမ္မာကြာရိုးမှ ကြာချည်ထုတ်လုပ်သည့် နည်းပညာများကို ဒေသခံစလင်းသူ စလင်းသားများအား သင်ကြားပေးခဲ့သည်။ ထိုအချိန်မှစ၍ ကြာချည်ထုတ်လုပ်သည့်နည်းပညာဖြင့် စီးပွားဖြစ် ကြာချည်များထုတ်လုပ်လာကြသည်။ ကြာချည်လုပ်ငန်းတွင် ကြာရိုးခူးဆွတ်သည့် လုပ်သားနှင့် ကြာချည်ထုတ်လုပ်သည့် လုပ်သားဟူ၍ နှစ်မျိုးရှိပါသည်။ ကြာရိုးခူးလုပ်သားများမှာ ကြာရိုး ၄၀၀ စည်း တစ်ထုပ်လျှင် နှစ်ထောင်ကျပ်ရရှိပြီး ကြာချည်ထုတ်လုပ်သားမှာ ကြာရိုး ၄၀၀ ပါ တစ်ထုပ်လျှင် တစ်ကျပ်သားရရှိပြီး လုပ်အားခမှာ ကြာရိုးတစ်ထုပ် ၁၀၀၀ ကျပ်ရရှိသည်။

ကြာချည်လုပ်ငန်းမှာ ပဒုမ္မာကြာရိုးများကို ခူးဖြတ်၍ ကြာရိုးအူတိုင်အမျှင်များကို ထုတ်ယူ၍ စီးပွားဖြစ် ကြာချည်လုပ်ငန်းကို ထုတ်လုပ်နေကြသည်။ ကြာချည်ထုတ်လုပ်ငန်းကို ကန်ပတ်လည်ရှိ အနောက်ကန်ပေါင်၊ ဆင်ကျုံးဝန်းပြည့်၊ တမာချောင်း၊ ကျေးရွာအုပ်စုရှိ ကျေးရွာသူ ကျေးရွာသားများက ကြာချည်ထုတ်လုပ်လုပ်ငန်းကို စီးပွားဖြစ်ထုတ်လုပ်နေကြသည်။ ကြာချည်ထုတ်လုပ်ငန်းကို စီးပွားဖြစ် အကြီးအကျယ်လုပ်ကိုင်သည့် လုပ်ငန်းရှင် ၁၀ ဦးခန့်ရှိသည်။ ကြာရိုး တစ်ချောင်းလျှင် အရှည် ၁၀ ပေကျော်ရှိသည်။ ထိုကြာရိုးများကို သုံးပိုင်းပိုင်းကာ ကြာရိုးအချောင်း ၄၀၀ ချောင်းကို တစ်ထုပ်စည်းကြသည်။ ကြာရိုးအချောင်း ၄၀၀ မှ ကြာချည်တစ်ကျပ်သားခန့်ရသည်။ ကြာချည်တစ်ကျပ်သားကို ၃၈၀၀ ကျပ်ဖြင့် ရောင်းရသည်။ ကြာချည်တစ်ပိဿာလျှင် ၃၈၀၀၀၀ ကျပ်ရောင်းရသည်။

ကြာချည်ထုတ်လုပ်ငန်းကို အမျိုးသမီး လေးငါးဦးက ထုတ်လုပ်ကြသည်။ လုပ်အားခမှာ ကြာရိုး ၄၀၀ ပါ တစ်ထုပ်ပြီးလျှင် ၁၀၀၀ ကျပ်ရသည်။ အမျိုးသမီးတစ်ဦးလျှင် လုပ်အားခ ၃၀၀၀ မှ ၁၀၀၀၀ အထိ နေအိမ်အရိပ်ထဲတွင် ပင်ပင်ပန်းပန်း မလုပ်ရဘဲ ကြာချည်ထုတ်လုပ်ငန်းကို နေ့စဉ် အလုပ်သမား အမျိုးသမီး ၂၀၀ ကျော်တို့ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနေကြသည်။ ဝက်သည်းကန်မှ ထုတ်လုပ်သော ကြာချည်ကုန်ကြမ်းများမှာ တစ်နှစ်လျှင် ပိဿာ ၁၀၀ ခန့်ထွက်ရှိပြီး တစ်နှစ်သိန်းပေါင်း ၃၈၀ ခန့် ထုတ်လုပ်ရောင်းချနေကြရသည်။ စလင်းမြို့မှ ထုတ်လုပ်သော ကြာချည်မှာ ကုန်ကြမ်းသာဖြစ်ပြီး ပုဂံနှင့် အင်းလေးဒေသသို့ တင်ပို့ရောင်းချနေရသည်။ စလင်းမှ ထွက်သော ကြာချည် ကုန်ကြမ်းများကို အင်းလေးဒေသမှ ကုန်ချောအဖြစ် ကြာ သင်္ကန်းရက်လုပ်၍ စီးပွားဖြစ် ထုတ်လုပ်ရောင်းချကြသည်။ ကြာချည်လုပ်ငန်းမှာ ပဒုမ္မာကြာတစ်မျိုးမှသာ ထုတ်လုပ်ရရှိသည်။ စလင်းမှ ထွက်ရှိသော ပဒုမ္မာကြာများမှာ ဆောင်းတွင်း တွင် ပိုးကျခြင်း၊ နှင်းခါးရိုက်ခြင်း၊ ရာသီဥတုဒဏ်ကြောင့်အထွက်နည်းလေ့ရှိသည်။

**သဘာဝအလိုအလျောက် ပေါက်ရောက်နေသည့် ပဒုမ္မာကြာအစား မိမိတို့ကျေးရွာများတွင် အချိန်မရွေး၊ ရာသီမရွေး ခူးဆွတ်နိုင်ရန် ရေကန်များတူးဖော်၍ ပဒုမ္မာကြာများကို စိုက်ပျိုးနေကြသည်။ ကိုယ်ပိုင်ကန်များဖြင့် ပဒုမ္မာကြာများမွေး၍ တစ်နှစ်ပတ်လုံး ကြာချည်လုပ်ငန်းများကိုထုတ်လုပ်၍ စီးပွားရေးဈေးကွက်တွင် တွင်ကျယ်စွာ အရောင်းအဝယ်ဖြစ်နေကြသည်**

ယခုအခါ သဘာဝ ဝက်သည်းကန်အတွင်းမှ ပေါက်ရောက်နေသည့် ပဒုမ္မာကြာများကို ကန်ပတ်လည်ရှိကျေးရွာများမှ စီးပွားရေးလုပ်ငန်းရှင်များက သဘာဝအလိုအလျောက် ပေါက်ရောက်နေသည့် ပဒုမ္မာကြာအစား မိမိတို့ကျေးရွာများတွင် အချိန်မရွေး၊ ရာသီမရွေး ခူးဆွတ်နိုင်ရန် ရေကန်များ တူးဖော်၍ ပဒုမ္မာကြာများကို စိုက်ပျိုးနေကြသည်။ ကိုယ်ပိုင်ကန်များဖြင့် ပဒုမ္မာကြာများမွေး၍ တစ်နှစ်ပတ်လုံး ကြာချည်လုပ်ငန်းများကို ထုတ်လုပ်၍ စီးပွားရေး ဈေးကွက်တွင် တွင်ကျယ်စွာ အရောင်းအဝယ်ဖြစ်နေကြသည်။

ကြာချည်ထုတ်လုပ်ငန်းကို အင်းလေးနှင့် စလင်းမြို့နယ်များကသာ ထုတ်လုပ်ကြသည်။ အင်းလေးဒေတွင် ကြာချည်ထုတ် လုပ်ငန်းများပြားသဖြင့် သဘာဝပဒုမ္မာပင်များ ဈေးကွက်တွင် မလုံမလောက်ဖြစ်နေသည်။ ထို့ကြောင့် စလင်းမြို့နယ် ဝက်သည်းကန်မှ ထုတ်လုပ်သော ကြာချည်လုပ်ငန်းသည် အဓိကစီးပွားရေး ဈေးကွက်အဖြစ် လူသိများ ထင်ရှားလာကြသည်။ စလင်းမြို့မှ ထွက်ရှိသော ကြာချည်ကုန်ကြမ်းများကို ကုန်ချောကြာသင်္ကန်းရက်လုပ်နိုင်သည်အထိ ဆောင်ရွက်ပေးရန် မြို့နယ်အာဏာပိုင် အဖွဲ့အစည်းက ဆောင်ရွက်နေကြောင်း သတင်းရရှိသည်။ ကုန်ချောအဖြစ် ကြာသင်္ကန်းရက်လုပ်နိုင်ပါက စီးပွားဖြစ်ဝင်ငွေတိုးလာကာ အလုပ်အကိုင်အခွင့်အလမ်းများ လည်းပိုမိုရရှိလာမည်ဖြစ်၍ ကြာချည်ထုတ်လုပ်သူများက ဝမ်းသာပျော်ရွှင်နေကြသည်။

**ဦးတင်လှိုင်(မိတ္ထီလာ)**

## ချင်းရွှေဟော်မြို့ဆေးရုံသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဆေးပစ္စည်းများ လာရောက်လှူဒါန်း

**လားရှိုး အောက်တိုဘာ ၂၉**

လောက်ကိုင်ခရိုင် ချင်းရွှေဟော်မြို့ဆေးရုံသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံဘက်မှ ဆေးပစ္စည်းများလှူဒါန်းခြင်းကို အောက်တိုဘာ ၂၇ ရက် မွန်းလွဲ ၂ နာရီက ချင်းရွှေဟော်မြို့ရှိ နမ့်ဖာဟော်တံတားတွင်ကျင်းပသည်။



ဆေးပစ္စည်းများအား တရုတ်ပြည်သူ့သမ္မတနိုင်ငံချင်းရွှေဟော်-မိန်းတိန်နယ်ခြားဆက်ဆံရေးအရာရှိ မစ္စတာ လီကျိုးမြင်နှင့် တာဝန်ရှိသူများကလာရောက်လှူဒါန်းရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မျိုးနိုင်နှင့် ပြည်သူ့ဆေးရုံမှ အထက်တန်းသူနာပြုဒေါ်နန်းဆိုင် ဟွမ်တို့က လက်ခံယူခဲ့သည်။

လာရောက်လှူဒါန်းခဲ့သည့် ဆေးပစ္စည်းများမှာ ခြင်ဆေးဖျန်းပုံး (ရိုးရိုး)ငါးပုံး၊ ခြင်ဆေးဖျန်းပုံး(လျှပ်စစ်)သုံးပုံး၊ ခြင်ဆေးဖျန်းအမှုန့်အထုပ် ၁၀၀ပါခြောက်ပုံး၊ RDT ငှက်ဖျားသွေးစစ်ကိရိယာအခု ၁၀၀၊ Slide အခု ၅၀၀၊ ငှက်ဖျားပျောက်ဆေးဘူး ၁၀၀တို့ကို လှူဒါန်းခဲ့ပြီး စုစုပေါင်း တန်ဖိုးတရုတ်ယွမ်ငွေ ၁၂၀၀၀ ခန့်၊ မြန်မာငွေကျပ် ၂၁ သိန်းကျော် တန်ဖိုးရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ဇီကာဗိုင်းရပ်စ်ရောဂါကာကွယ်ရေးသတိပေးနှိုးဆော်ချက်

ဇီကာဗိုင်းရပ်စ်ရောဂါပိုးဆိုသည်မှာ ရောဂါပိုးသယ်ဆောင်ထားသည့် အေးဒီးစ်ခြင်ကျားကိုက်ခံရခြင်းမှ ကူးစက်ပျံ့နှံ့ဖြစ်ပွားတတ်သော ရောဂါတစ်မျိုးဖြစ်ပါသည်။

ဇီကာဗိုင်းရပ်စ်သယ်ဆောင်ထားသော အေးဒီးစ်ခြင်ကျားသည် ရေကြည်ရေသန့်တွင် ပေါက်ပွားသည်။ ရေလှောင်ထားသောအိုး၊ ခွက်၊ တိုင်ကီ၊ ပန်းအိုး၊ ရေတင်ကျန်လျက်ရှိသော စွန့်ပစ်ပစ္စည်းများဖြစ်သည့် ကားတာယာ၊ ပလတ်စတစ်ခွက် စသည်တို့တွင် တွေ့ရသည်။ နေ့ဘက်အချိန်တွင် လူကိုကိုက်ခြင်းမှ တစ်ဆင့် ရောဂါကူးစက်ခြင်း၊ ဇီကာဗိုင်းရပ်စ်ရောဂါပိုးရှိသူနှင့် လိင်ဆက်ဆံခြင်းမှ တစ်ဆင့် ကူးစက်ဖြစ်ပွားစေပါသည်။

ဇီကာဗိုင်းရပ်စ်ရောဂါသည် ခြင်ကိုက်ခံရပြီး နှစ်ရက်မှ ခုနစ်ရက်အတွင်း ရောဂါလက္ခဏာများ စတင်ဖြစ်ပွားလာနိုင်ပြီး ရောဂါကူးစက်ခံရသူငါးဦးတွင် တစ်ဦး၌ ရောဂါလက္ခဏာများ ပြသနိုင်ကြောင်း သိရှိရပါသည်။ အဓိက လက္ခဏာများမှာ ဖျားခြင်း၊ အရေပြားပေါ်တွင် အနီအစက်များထွက်ခြင်း၊ မျက်စိနာခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်သားနှင့် အဆစ်များနာကျင်ခြင်းတို့ ဖြစ်တတ်ပါသည်။ ဇီကာဗိုင်းရပ်စ်ရောဂါပိုး ကူးစက်ဖြစ်ပွားခြင်း၊ နောက်ဆက်တွဲအဖြစ် ကိုယ်ဝန်ဆောင်မိခင်များတွင် ဇီကာဗိုင်းရပ်စ်ရောဂါကူးစက်ခံရပါက ဦးနှောက်သေးငယ်သော ကလေးငယ်များ မွေးဖွားလာနိုင်ပါသည်။

ဇီကာဗိုင်းရပ်စ်ရောဂါအတွက် ကာကွယ်ဆေးမရှိသေးပါ။ ရောဂါလက္ခဏာ သက်သာရန်အတွက်သာ ကုသပေးနိုင်ပါသည်။ ရောဂါကူးစက်ဖြစ်ပွားမှု မရှိစေရေးအတွက် အကောင်းဆုံးကာကွယ်နည်းမှာ ခြင်ကိုက်မခံရအောင် နေထိုင်ခြင်း၊ ခြင်ကျား၊ ပိုးလောက်လမ်းနှိမ်နင်းရေးလုပ်ငန်းကို ကျန်းမာရေးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါသည်။ ထို့အပြင် ကိုယ်ဝန်ဆောင်မိခင်များ၊ ကိုယ်ဝန်ယူရန် ပြင်ဆင်ထားသူများအနေဖြင့်လည်း ရောဂါကူးစက်ခြင်းမှ ကာကွယ်ရန် ဇီကာဗိုင်းရပ်စ်ရောဂါ လက်ရှိဖြစ်ပွားလျက်ရှိသော အခြားနိုင်ငံများသို့ ခရီးသွားလာခြင်းကို ရှောင်ကြဉ်သင့်ပါသည်။ ရောဂါ ဖြစ်ပွားသည့်နိုင်ငံများသို့ သွားရောက်သူများနှင့် အလုပ်လုပ်ကိုင်နေသူ အမျိုးသားများအနေဖြင့် ရောဂါမကူးစက်စေရန် သတိပြုနေထိုင်ခြင်း ၊မိမိနိုင်ငံသို့ပြန်လာစဉ် သံသယရောဂါလက္ခဏာများ တွေ့ရှိပါက နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## ကုန်စည်တန်ဖိုးမြှင့် ထုတ်ကုန်များစိုက်ပျိုးထုတ်လုပ်ရောင်းချနိုင်ရေး ပဲပုပ်စိုက် တောင်သူများအား ရပ်စောက်မြို့၌ ပညာပေးဆွေးနွေး

**ရပ်စောက် အောက်တိုဘာ ၂၉**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မြို့ ဖောင်းတောကျေးရွာအုပ်စု၊ ဖောင်းတောကျေးရွာဘုန်းတော်ကြီးကျောင်းတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏စီစဉ်ပေးမှုဖြင့် အမေရိကန် နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ USAID (မြန်မာ)နှင့်အမေရိကန်ပြည်သူများ၏ ကူညီထောက်ပံ့မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် Winrock International အဖွဲ့မှ ပဲပုပ်စိုက်တောင်သူများ ကုန်စည်တန်ဖိုးမြှင့် ထုတ်ကုန်များစိုက်ပျိုးထုတ်လုပ်ရောင်းချနိုင်ရေး ပညာပေးဆွေးနွေးပွဲကို အောက်တိုဘာ ၂၇ ရက် မွန်းလွဲပိုင်းက ကျင်းပခဲ့သည်။

မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးထွန်းမင်းသိန်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ရပ်ပိုင်းဆိုင်ရာပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ပေးသကဲ့သို့ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း မျက်ခြည်မပြတ်စေဘဲ တောင်သူများ၏လက်တွေ့ဘဝနှင့် ထင်ဟပ်ကိုက်ညီစေမည့် အသိပညာ၊ နည်းပညာများကို မျှဝေပေးနိုင်ခြင်းဖြင့် မိမိတို့ဌာနမှ ဆောင်ရွက်သည့် မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့်ဆက်စပ်လုပ်ကိုင်နိုင်၍ တန်ဖိုးမြင့်ကုန်စည်များထုတ်လုပ်ရောင်းချနိုင်ကာ ဝင်ငွေများတိုးတက်ရရှိလာနိုင်မည်ဖြစ်ကြောင်းပြောကြားသည်။

ဆက်လက်ပြီး USAID (မြန်မာ)မှအဖွဲ့ခေါင်းဆောင် မစ္စအင်နာ(ပြင်သစ်)က မိမိတို့အနေဖြင့် ပဲပုပ် စိုက် တောင်သူများ၏ လက်ရှိစနစ်ထက်ဝင်ငွေတိုးစေမည့်ပဲပုပ်စိုက်ပျိုးတုတ်လုပ်ရိတ်သိမ်းရောင်းချမှုစနစ်သစ်တစ်ခု ဖော်ဆောင်ရန် ရည်ရွယ်ချက်များဖြင့်လာရောက်ဆွေးနွေးခြင်းဖြစ်ပါကြောင်း မိတ်ဆက်ပြောကြားပြီး ပဲပုပ် စိုက်ပျိုးရေးနည်းပညာများအကူညီပေးရေးတာဝန်ခံ ဦးသက်ထွန်းအောင်က Winrock International ၏ နည်းပညာပံ့ပိုးမှုဖြင့် မိုင်းပွန်၊ ရပ်စောက်၊ ကျောက်တလုံးကြီး၊ အင်တော၊ ပင်တယနှင့်မိုးနဲမြို့များတွင်ဖွဲ့စည်းခဲ့သည့် ပဲပုပ် မျိုးစေ့ထုတ်လုပ်သူ အဖွဲ့များသည် မျိုးရိုးဗီဇကောင်းမွန်၍ မျိုးရောမပါသော မျိုးသန့်မျိုးစေ့များကို မြန်မာနိုင်ငံမျိုး စေ့ဥပဒေနှင့်အညီထုတ်လုပ်ရောင်းချလျက်ရှိပြီး တောင်သူများ၏စိုက်ကွင်းများအတွင်း လိုအပ်သောနည်းပညာများကိုလည်း ကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့်ရှမ်းပြည်နယ်တောင်ပိုင်းရှိ ပဲပုပ်သီးနှံထွက်ရှိချိန်သည် ပြည်တွင်းဈေးကွက်လိုအပ်ချက်နှင့်တစ်ပြေးညီ ကိုက်ညီမှုရှိသဖြင့် လက်ရှိထက်ကုန်စည်တန်ဖိုးမြှင့်ထုတ်လုပ်ရောင်းချ ခြင်းဖြင့် ဝင်ငွေများတိုးပွားရရှိလာနိုင်မည်ဖြစ်ခြင်းကြောင့် ပဲပုပ်တောင်သူများအားဆန်းသစ်ပြီး လက်လှမ်းမီနိုင်သည့် ဈေးနှုန်းများရရှိနိုင်သော နည်းပညာသစ်များဖြစ်သည့် ပဲပုပ်မျိုးသစ်များ၊ မျိုးစေ့ချကိရိယာ အသုံးပြုခြင်းနည်းပညာ၊ ဇီဝမြေသြဇာနှင့်အခြောက်ခံခြင်းနည်းပညာအကြောင်းများကို ရှင်းလင်းပြောကြားသည်။

အဆိုပါဆွေးနွေးပွဲသို့ ဖောင်းတောကျေးရွာနှင့်ပတ်ဝန်းကျင်ကျေးရွာများမှ ပဲပုပ်စိုက်ပျိုးတောင်သူ ၁၀၈ ဦးတက်ရောက်ခဲ့ပြီးသိရှိလိုသည်များအား မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# မိတ္ထီလာမြို့ရေလျှံမှုကို ဆည်မြောင်းဌာနမှ ကြိုတင်ကာကွယ်ပေးခဲ့

တင်လှိုင်(မိတ္ထီလာ)

**မိတ္ထီလာကန်ကြီးသည် သမိုင်းဝင်ကန်တော်ကြီးဖြစ်သည်။ မိတ္ထီလာကန်တော်ကြီးသည် ရှေးမြန်မာမင်း ၁၇ ဆက်တို့ ဆယ်ဖို့ပြုပြင်ခဲ့သော သမိုင်းဝင်ကန်တော်ကြီးဖြစ်သည်။ မိတ္ထီလာကန်ရေသည် မြို့လူထုသောက်သုံးရေနှင့် တောင်သူလယ်သမားများစိုက်ပျိုးရေအတွက် အဓိကအသုံးဝင်သောကန်တော်ကြီးဖြစ်သည်။ မိတ္ထီလာကန်ကြီးသည် တောင်ကန်နှင့်မြောက်ကန်ကြီးနှစ်ကန်ပေါင်းစပ်ထားသောကန်တော်ကြီးဖြစ်သည်။ ယခုလက်ရှိ မိတ္ထီလာကန်တော်ကြီးမှာ အနံတစ်မိုင်ခွဲ၊ အလျားခုနစ်မိုင်ရှိသည်။ ကန်ပေါင်အကျယ်အဝန်းမှာ ၁၃ မိုင်ခန့်သာရှိတော့သည်။ ရေဆင်းရေိယာ ၉၀ ဒသမ ၀၀ စတုရန်းမိုင်၊ တမံအမျိုးအစားမှာ မြေသားတမံဖြစ်ပြီး အလျားပေ ၄၅၀၀၊ တမံအမြင့် ၄၆ ပေ၊ တမံထိပ်အကျယ်မှာ ပေ ၅၀ ဖြစ်သည်။ ရေလှောင်ပမာဏ ၂၄၈၄၆ ဧကပေ၊ ရေပြင်ကျယ်ဧရိယာ ၂၉၈၉ ဧက၊ အသုံးပြုနိုင်သော ရေပမာဏမှာ ၁၇၂၀၉ ဧကပေဖြစ်သည်။**



မိတ္ထီလာမြို့နယ်၌ စက်တင်ဘာလမှစ၍ မိုးအဆက်မပြတ်ရွာသွန်းသဖြင့် ယခုချိန်အထိ မိုးရေချိန် ၁၆ ဒသမ ၁၅ လက်မရွာသွန်းခဲ့သည်။ ထိုသို့ မိုးအဆက်မပြတ်ရွာသွန်းခဲ့သဖြင့် မိတ္ထီလာကန်အထက်ရှိ မုန်တိုင်ဆည်မှာ စက်တင်ဘာ ၁၇ ရက်မှစ၍ ရေပိုလွှဲမှရေကျော်ကာ မုန်တိုင်ချောင်းမှ မိတ္ထီလာကန်အတွင်းသို့ ရေများဝင်ရောက်ခဲ့သည်။ မိတ္ထီလာကန်ရေကြီးမှုကာကွယ်ရန်အတွက် မိတ္ထီလာကန်တောင်ဘက်ရှိ ညောင်ကုန်းရေတမံ၊ လွန်ငင်ရေလှောင်တမံ၊ လက်ခုတ်ပင်ရေလှောင်တမံနှင့် ချောင်းကောက်ရေလှောင်တမံများမှ ရေများ မိတ္ထီလာကန်အတွင်း မဝင်စေရန် ရေတံခါးများပိတ်ထားပြီး ယင်းတမံများမှရေကို ရေပိုလွှဲများမှ ချောင်းကောက်ချောင်းအတွင်း လျှံကျစေခဲ့သည်။

ဤကဲ့သို့မိုးတွင်းကာလမိုးအဆက်မပြတ်ရွာသွန်းသဖြင့် မုန်တိုင်ရေလှောင်တမံ၊ ရေပိုလွှဲမှရေများ၊ မုန်တိုင်ချောင်းမှစီးဝင်ရေများ၊ တလင်းကုန်းချောင်းနှင့် အင်းပက်လက်ချောင်းတို့မှ စီးဝင်ရေများ မိတ္ထီလာကန်အတွင်းဝင်ရောက်လာသည်။ မုန်တိုင်တမံရေပိုလွှဲနှင့် ချောင်းသုံးချောင်းတို့မှ ရေများ မိတ္ထီလာမြောက်ကန်အတွင်းသို့ အဆက်မပြတ်ဝင်ရောက်ခဲ့ရာ ကန်ရေအမြင့်အမှတ်(RL -၇၆၅) ပေသို့ရောက်ရှိချိန်တွင် မိတ္ထီလာကန်ရေပြည့်ရေလျှံမှု ဖြစ်ပေါ်လာနိုင်သဖြင့် စက်တင်ဘာ ၃၀ ရက်မှစပြီး မိတ္ထီလာတောင်ကန် ရေကျော်ခုနစ်ပေါက်၊ ဝန်ဇင်းရပ်ကွက်ရှိ ကျောက်တံတားရွှေမြင်တင်ဘုရားအနီးရှိ ဘုရားရေတံခါးတို့မှ ရေစတင်လွှတ်ပေးခဲ့သည်။

ရေကျော်ခုနစ်ပေါက်ရေတံခါးမှ ရေမလွှတ်မီ ရေကျော်ခုနစ်ပေါက်ရေမြောင်းဝဲ/ယာတစ်လျှောက်ရှိ ကျေးရွာ ၂၄ ရွာမှ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ တောင်သူလယ်သမားများနှင့်တွေ့ဆုံ၍ ကျေးရွာတစ်လျှောက် ရေကြီးရေလျှံမှု မဖြစ်စေရန်နှင့် သီးနှံစိုက်ခင်းများမပျက်စီးစေရန်အတွက် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဆည်မြောင်းဌာန တာဝန်ရှိသူများက ကြိုတင်အသိပေးဆောင်ရွက်ခဲ့သည်။

မိုးအဆက်မပြတ်ရွာသွန်းသဖြင့် မိတ္ထီလာကန်ရေပြည့်အမှတ်အထက် ကျော်လွန်နေ၍ မိတ္ထီလာမြို့တွင်း ရေကြီးရေလျှံမှု မဖြစ်စေရန် ရေကျော်ခုနစ်ပေါက် ရေတံခါး၊ ကျောက်တံခါး၊ ရေတံခါးနှင့် ဘုရားရေတံခါးတို့ရှိ ရေထွက်ပေါက်များက အောက်တိုဘာ ၁၂ ရက်အထိ ၁၃ ရက်တိုင်တိုင် ရေလွှတ်ခဲ့ရာ ဝင်ရေနှင့်ထွက်ရေညီမျှပြီး မိတ္ထီလာမြို့ ရေကြီးရေလျှံမှုမှကာကွယ်နိုင်ခဲ့သည်။ ယခုလည်း မိုးအဆက်မပြတ်ရွာသွန်းနေသဖြင့် မိတ္ထီလာကန်နှင့် မုန်တိုင်ဆည်တို့၌ ရေကင်းများ နေ့ညမပြတ် ရေဝင်ရေထွက်များကို စောင့်ကြည့်နေသည်။ မိတ္ထီလာကန်ရေပြင်ထက်နိမ့်သော ရပ်ကွက်အချို့၌ ရေဝင်ခဲ့သည်။

မိတ္ထီလာကန်မှာ သောက်သုံးရေသာမက တောင်သူလယ်သမားများစိုက်ပျိုးသီးနှံရေပါ ပေးဝေနေသောရေကန်ကြီးဖြစ်သည်။ မိတ္ထီလာကန်ကြီးသည် ယခင်က စပါးတစ်ခုတည်းသာ စိုက်ပျိုးရေပေးဝေခဲ့သော်လည်း ယခုအခါခေတ်နှင့်အညီ စက်မှုသီးနှံ ဝါအပြင် လယ်ယာထွက်ကုန်ဖြစ်သည့် ခရမ်းချဉ်၊ ကြက်သွန်၊ ငရုတ်၊ နေကြာ၊ ခရမ်းသီး၊ ဘူးသီး၊ ဆီးသီး၊ စပျစ်သီးစသည့်သီးနှံများမှာလည်း ကန်ရေကိုသာ အားထားစိုက်ပျိုးနေကြသည်။

မိတ္ထီလာကန်တော်ကြီးသည် မြို့နယ်တစ်ခုလုံး လူသားအကျိုး သယ်ပိုးနေသည့် ကန်တော်ကြီးဖြစ်သည်။ ခေတ်အဆက်ဆက်မှ ယနေ့အထိ အကျိုးပြုနေဆဲဖြစ်သည်။ နောင်တွင်လည်း ပြည်သူများအကျိုးအတွက် ဆက်လက်အကျိုးပြုနေမည့် ကန်တော်ကြီးဖြစ်ကြောင်း ရေးသားတင်ပြအပ်ပါသည်။

# နှုတ်ခမ်းကွဲ ၊ အာခေါင်ကွဲ ၊ အကျိတ်အဖု ဝေဒနာရှင်များအား ကော့သောင်းမြို့တွင် (ဒုတိယအကြိမ်) အခမဲ့ခွဲစိတ်ကုသ

**ကော့သောင်း အောက်တိုဘာ ၂၉**

မြန်မာနိုင်ငံစားဖိုမှူးများအသင်းနှင့် တနင်္သာရီတိုင်းဒေသကြီးအတွင်း မြို့နယ်များမှ စေတနာရှင်များပူးပေါင်းကာ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ပြည်သူ့ဆေးရုံကြီး၌ ခရိုင်အတွင်းရှိ နှုတ်ခမ်းကွဲ ၊ အာခေါင်ကွဲနှင့် အကျိတ်အဖုဝေဒနာရှင်ပြည်သူများအား ဇီဝိတကုသိုလ်ဒါနအဖြစ် အောက်တိုဘာ ၂၈ ရက်မှ စတင်ကာ အခမဲ့ (ဒုတိယအကြိမ်)အဖြစ် ခွဲစိတ်ကုသပေးခဲ့ကြကြောင်း သိရသည်။

အဆိုပါအစီအစဉ်တွင် ဂျာမနီနိုင်ငံမှ ကျွမ်းကျင်အဆင့် Plastic Surgery ဆရာဝန်ကြီးများ ဖြစ်သည့် Dr.Heinrich Johannes Schoeneich၊ Dr. Paul Eernst Schullen၊ Dr. Paul Immanuel Denis Heidekrueger၊ Dr.Tobias Vollkommer ၊ Dr.Milena Theresa Seemann ၊ Dr.Peter Niklas Broer ၊ Dr.Silvia Cosima Gogler၊ ဂျာမနီနိုင်ငံဆေးတက္ကသိုလ်ကျောင်းသား Ms. Julia Louise Sawatzky ၊ Mr. Carlvon Bennigsen ၊ သူနာပြု Ms. Katharina Alexandra Feigl ၊ မြန်မာနိုင်ငံဆရာဝန်များအသင်း မျက်နှာမေးရိုးခွဲစိတ်အထူးကုဆရာဝန်ကြီး ဒေါက်တာကျော်စံနိုင်နှင့်အဖွဲ့က ကော့သောင်းခရိုင်ဆရာဝန်ကြီး ဒေါက်တာနေလင်း ၊ ခရိုင် မေ့ဆေးဆရာဝန်ကြီး ၊ ခရိုင်ခွဲစိတ်အထူးကုဆရာဝန်ကြီးနှင့် ကော့သောင်းခရိုင် ဆေးရုံဆရာဝန်အဖွဲ့များနှင့် တာဝန်ရှိသူများနှင့်ပူးပေါင်းကာ ခရိုင်အတွင်းရှိ နှုတ်ခမ်းကွဲ ၊ အာခေါင်ကွဲဝေဒနာသည်များ၊ အရေပြားပေါ်ရှိ အကျိတ်အဖုများ ၊ မီးလောင်ဒဏ်ကြောင့်ဖြစ်သည့် အမာရွတ်များ၊ အဆိပ်ရှိသတ္တဝါများ အကိုက်ခံရသဖြင့် ကြွက်သား၊ အရေပြား ပျက်စီးမှုရောဂါများ၊ ခြေချောင်း လက်ချောင်းပူးတွဲခြင်း၊ အစရှိသည့် ရောဂါဝေဒနာသည် များအား (ဒုတိယအကြိမ်)အဖြစ် အောက်တိုဘာ ၂၈



ရက်မှ နိုဝင်ဘာ ၇ ရက်အထိ အခမဲ့ ခွဲစိတ်ကုသပေးရန် စတင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကျော်စိုး**

# စားသုံးရန်မသင့်သည့် ဓာတုဗေဒပစ္စည်းပါဝင်နေသော အေးခဲအသားများ မီးရှို့ဖျက်ဆီး

**မြိတ် အောက်တိုဘာ ၂၉**

ပြည်သူများစားသုံးရန်မသင့်သည့် ဓာတုဗေဒပစ္စည်းပါဝင်နေသော ယိုးဒယားနိုင်ငံထုတ် အေးခဲအသားများကို ကော့သောင်းမြို့မှ ထားဝယ်မြို့သို့ ထွက်ခွာလာသည့် မိုးကောင်းကင် ယာဉ်လိုင်းမှ ယာဉ်မောင်း အောင်မြင့်စိုးမောင်းနှင် လာသည့် ခရီးသည်တင်မော်တော်ယာဉ်တွင် အောက်တိုဘာ ၂၇ ရက်က သတင်းအရ မြိတ်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆောင်သော ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာပူးပေါင်းအဖွဲ့မှ ကားဝင်းအတွင်း စစ်ဆေးခဲ့ရာ ဆာလာအိတ်ဖြင့် တင်ဆောင်လာသည့် အေးခဲကြက်သားများ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖမ်းဆီးရမိခဲ့သော အေးခဲကြက်သားများမှာ ၇၀ ကီလိုဂရမ်ပါ ကိုးအိတ်၊ ၆၀ ကီလိုဂရမ်ပါ တစ်အိတ် စုစုပေါင်း အလေးချိန် ၆၉၀ ကီလိုဂရမ်တို့ကို တွေ့ရှိသဖြင့် စားသုံးသူများ အန္တရာယ်မဖြစ်ပွားစေရေးအတွက် သိမ်းဆည်းခဲ့သည်။

ပြည်သူ့ကျန်းမာရေးကို ထိခိုက်စေမည့် အေးခဲကြက်သားများ တင်ဆောင်လာသည့် ယာဉ် မောင်းအား အစားအသောက်နှင့် ဆေးဝါးဆိုင်ရာဥပဒေဖြင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း မြို့မရဲတပ်ဖွဲ့စခန်းမှ သိရသည်။ ဖမ်းဆီးခဲ့သည့် အအေးခဲအသားများကို မြို့နယ်အစားအသောက်နှင့် ဆေးဝါးများကြီးကြပ်ကွပ်ကဲရေးကော်မတီဝင်များနှင့် တာဝန်ရှိသူများက မီးရှို့ဖျက်ဆီးပစ်ခဲ့သည်။

စားသုံးသူများအန္တရာယ်ဖြစ်စေနိုင်သော အစားအစာများအား ရောင်းချခြင်း၊ ဖြန့်ဖြူးသယ်ဆောင်ခြင်း မရှိစေရေးအတွက် တာဝန်ရှိသူများက ရှောင်တခင် စစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# စိမ့်စမ်းရေရရှိရေး ကွင်းဆင်းဆောင်ရွက်

**သံတွဲ အောက်တိုဘာ ၂၉**

ရခိုင်ပြည်နယ် သံတွဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ဘောက်တောင်ကျေးရွာ စိမ့်စမ်းရေသွယ်တန်းခြင်း (၂/၀) မိုင်နှင့် စွန်ဒင်ကျေးရွာ စိမ့်စမ်းရေသွယ်တန်းခြင်း (၀/၄) မိုင်လုပ်ငန်းများအား စတင်ဆောင်ရွက်နိုင်ရန် ခရိုင်ဦးစီးမှူး ဦးလှကြည်၊ မြို့နယ်ဦးစီးမှူး ဦးတင်မောင်ဌေးနှင့် တာဝန်ရှိသူတို့က သက်ဆိုင်ရာကျေးရွာများမှ ကော်မတီဝင်များလိုက်ပါပြီး အောက်တိုဘာလ တတိယပတ်တွင် ကွင်းဆင်းစစ်ဆေးခဲ့၍ အဆိုပါကျေးရွာနှစ်ရွာတွင် စိမ့်စမ်းရေသွယ်တန်းခြင်းအတွက် ခွင့်ပြုရန်ပုံငွေကျပ် ၂၅ ဒသမ ၉၄ သန်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကာ လုပ်ငန်းပြီးစီးပါက ယင်းကျေးရွာနှစ်ရွာတွင် သောက်သုံးရေဖူလုံစွာရရှိတော့မည်ဖြစ်ကြောင်း သိရသည်။

**အောင်လှဖြူ**

# ကျေးလက်နေပြည်သူများ သောက်သုံးရေအဆင်ပြေစေရေး စက်ရေတွင်းများတူးဖော်

**ပြည် အောက်တိုဘာ ၂၉**

ကျေးလက်နေပြည်သူများ သောက်သုံးရေအဆင်ပြေစွာသုံးစွဲနိုင်ရေးအတွက် ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ခွင့်ပြုငွေဖြင့် ပြည်မြို့နယ်အတွင်း ကျေးရွာရှစ်ရွာ၌ အဝီစိတွင်းနက်တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပြည်မြို့နယ် ဝန်တင်ဆိပ်ကျေးရွာ၌ ဆောင်ရွက်လျက်ရှိသော စက်ရေတွင်းတစ်တွင်းတူးဖော်ခြင်း၊ ရေစက်ရုံနှင့် ရေလှောင်ကန်များတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို အောက်တိုဘာ ၂၅ ရက်က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်ရေပေးရေးတာဝန်ရှိသူများက ကွင်းဆင်းကြီးကြပ်ခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

## ပြန်ကြားရေးဝန်ကြီးဌာန
## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(နေပြည်တော်၊ တပ်ကုန်း)ရှိ လေအေးပေးစက်များ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းအတွက်
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(နေပြည်တော်၊ တပ်ကုန်း)ရှိ အောက်ဖော်ပြပါလေအေးပေးစက်များ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါများကို ပြည်တွင်းသုံးငွေ(ကျပ်)ဖြင့် တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်-

(က) Studio Complex ရှိလေအေးပေးစက်များ
(ခ) Radio Transmitter Complex-1 ရှိ လေအေးပေးစက်များ
(ဂ) Radio Transmitter Complex-2ရှိ လေအေးပေးစက်များ

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁-၁၁-၂၀၁၆ရက်မှ ၂၁-၁၁-၂၀၁၆ရက်အထိ နေ့စဉ် နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော် (တပ်ကုန်း) တွင်လာရောက် ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၂-၁၁-၂၀၁၆ရက် နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)ရှိ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်၌ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ချိန်ကာလထက်ကျော်လွန် ပေးပို့လာသော တင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံ စည်းကမ်းချက်များ၊ ပြုပြင်ထိန်းသိမ်းရမည့် စက်ပစ္စည်းစာရင်းနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

**စက်ပစ္စည်းများ ဝယ်ယူရေးကော်မတီ**
**မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ နေပြည်တော်**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ဖုန်း-၀၆၇-၇၉၄၈၃၊ ၀၆၇-၇၉၁၃၅၊ ၀၆၇-၇၉၄၁၁**

---

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ အမှတ်(၄)တည်ဆောက်ရေး၊ သူငွေးရေအားလျှပ်စစ်စီမံကိန်းတွင် ရေပိုလွှဲမြောင်း/ကျောက်သားခိုင်ခံ့မှုလုပ်ငန်းများအား ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၈-၁၀-၂၀၁၆ ရက်
**တင်ဒါပုံစံအရောင်းပိတ်မည့်ရက်** - ၄-၁၁-၂၀၁၆ ရက်
**Technical Proposal နှင့် Price Proposal** - ၂၅-၁၁-၂၀၁၆ ရက်
**နောက်ဆုံးထား၍ တင်သွင်းရမည့်ရက်၊အချိန်** ၁၅း၀၀နာရီ

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**
**ရုံးအမှတ် ၂၇၊ နေပြည်တော်**
**ဖုန်း-၀၆၇-၈၁၀၄၂၉၈၊ ဖက်စ်-၀၆၇-၈၁၀၄၁၈၄**

---

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
## (ပစ္စည်းများဝယ်ယူရန်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း တိုင်းဒေသကြီး/ ပြည်နယ်များအတွက်လိုအပ်သော 3Ø4W Digital Power Meter (30/80)A(300)Nos နှင့် ၃၃ကေဗွီ (ကျိုက်ထိုဖီဒါ) လိုင်းအတွက် လိုအပ်သော ၁၂မီတာကွန်ကရစ်တိုင် (၄၁၅)တိုင်အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၃၁-၁၀-၂၀၁၆ ရက်
**တင်ဒါပိတ်မည့်ရက်** - ၁၅-၁၁-၂၀၁၆ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၂း၀၀ နာရီ

၃။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ် ၂၇၊ နေပြည်တော်**
**ဖုန်း-၀၆၇-၈၁၀၄၂၄၄၊ ၀၆၇-၈၁၀၄၂၄၅၊ Fax-၀၆၇-၈၁၀၄၂၄၆**

---

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ဒုတိယ(၆)လပတ်အတွက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန၊ ရန်ကုန်မြို့၌ ဓာတ်ခွဲစမ်းသပ်စစ်ဆေးရန် လိုအပ်သည့်ဓာတ်ခွဲခန်းသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် အစိုးရအသိအမှတ်ပြုသည့် ကုမ္ပဏီများထံမှ ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်နှင့်အချိန်** - ၂၆-၁၀-၂၀၁၆ ရက် နံနက် ၁၀း၀၀ နာရီ
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၆-၁၁-၂၀၁၆ ရက် ညနေ ၄း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် လုပ်ငန်းများအသေးစိတ်ကိုသိရှိလိုပါက လက်ထောက်ညွှန်ကြားရေးမှူး ဖုန်း-၀၉-၅၀၅၉၂၈၅ (သို့မဟုတ်) ၃၅-မော်ကွန်းတိုက်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၃၇၁၉၅၇သို့ နေ့စဉ်ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**
**အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန**
**၃၅-မော်ကွန်းတိုက်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့**

---

## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## တိုင်းဒေသကြီးပြည်သူ့ဆေးရုံကြီး-မကွေးမြို့
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီး ပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများအား ကုသပေးရန် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် လိုအပ်သော FDA အသိအမှတ်ပြုဆေးဝါးနှင့် ဆေးပစ္စည်းများ၊ ဓာတ်ခွဲခန်းသုံးဆေးပစ္စည်းများ၊ ဓာတ်မှန်ဖလင်နှင့် ဆေးရည်များကို မြန်မာကျပ်ငွေဖြင့်(ဒုတိယအကြိမ်) ဝယ်ယူမည်ဖြစ်ပါ၍ လိုင်စင်ရကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၈-၁၀-၂၀၁၆ ရက်(သောကြာနေ့)
**တင်ဒါပုံစံဝယ်ယူရန်နှင့် တင်သွင်းရန်နေရာ** - တိုင်းဒေသကြီးပြည်သူ့ဆေးရုံကြီး မကွေးမြို့
**တင်ဒါပုံစံနောက်ဆုံးပေးသွင်းရမည့်ရက်** - ၁၈-၁၁-၂၀၁၆ ရက်(သောကြာနေ့) ညနေ ၄း၃၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ဆေးဝါး/ဆေးပစ္စည်းများ စာရင်းကို အသေးစိတ်သိရှိလိုပါက တိုင်းဒေသကြီး ပြည်သူ့ဆေးရုံကြီး-မကွေးမြို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူစိစစ်ရေးကော်မတီ**
**တိုင်းဒေသကြီးပြည်သူ့ဆေးရုံကြီး-မကွေးမြို့**
**ဖုန်း-၀၆၃-၂၈၇၂၅**

---

## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## အဆင့်မြင့်တက္ကသိုလ်များသို့ ဝင်ခွင့်လျှောက်လွှာများခေါ်ယူခြင်း

၁။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ(၆)ခု (နာဂ၊ ဓနု၊ ပအိုဝ်း၊ ပလောင်၊ ကိုးကန့်၊ ဝ) နှင့် နိုင်ငံတော်က ထုတ်ပြန်ထားသော ဒေသစရိတ်ခံစားခွင့်ရှိသည့် သွားလာရေးနှင့် လူမှုရေးခက်ခဲသောဒေသများမှ ၂၀၁၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ထားသူများအား အဆင့်မြင့်တက္ကသိုလ်များဖြစ်သည့် ရန်ကုန်နည်းပညာတက္ကသိုလ်၊ မန္တလေးနည်းပညာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ် (ရတနာပုံဆိုင်ဘာစီးတီး)၊ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်၊ သတင်းအချက်အလက်နည်းပညာတက္ကသိုလ်နှင့် မန္တလေးကွန်ပျူတာတက္ကသိုလ်များတွင် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံသူများ ဝင်ခွင့်လျှောက်ထားနိုင်ပါသည်-

(က) ဝင်ခွင့်လျှောက်ထားသူသည် ၂၀၁၆ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် အနိမ့်ဆုံးရမှတ် (၄၂၀)မှတ် ရရှိထားသူ ဖြစ်ရမည်။
(ခ) ဝင်ခွင့်လျှောက်ထားချိန်တွင် လျှောက်ထားသူနှင့် မိဘနှစ်ပါးစလုံးသည် တည်ဆဲနိုင်ငံသားဖြစ်မှု ဥပဒေနှင့်ကိုက်ညီသော နိုင်ငံသားဖြစ်ရမည်။
(ဂ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ (နာဂ၊ ဓနု၊ ပအိုဝ်း၊ ပလောင်၊ ကိုးကန့်၊ ဝ)နှင့် နိုင်ငံတော်မှထုတ်ပြန်ထားသော ဒေသစရိတ်ခံစားခွင့်ရှိသည့် သွားလာရေးနှင့် လူမှုရေးခက်ခဲသောဒေသများတွင် အမြဲနေထိုင်သူ ဖြစ်ရမည်။
(ဃ) အခြေခံပညာအဋ္ဌမတန်း၊ နဝမတန်း၊ ဒသမတန်းများကို ၎င်းဒေသများတွင် ဆက်တိုက်ပညာသင်ကြားခဲ့ပြီး ၎င်းဒေသများရှိ အခြေခံပညာအထက်တန်းကျောင်းများမှ တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်သူများ (သို့မဟုတ်) အထက်တန်းကျောင်း/စာစစ်ဌာနမရှိခြင်းနှင့် အထက်တန်းကျောင်းရှိသော်လည်း သိပ္ပံဘာသာတွဲမရှိခြင်းတို့ကြောင့် အနီးစပ်ဆုံးမြို့နယ်ရှိ အထက်တန်းကျောင်းများတွင် တက်ရောက်၍ တက္ကသိုလ်ဝင်တန်း စာမေးပွဲအောင်မြင်သူများ ဖြစ်ရမည်။
(င) ၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် အောက်ဖော်ပြပါ ဘာသာတွဲများဖြင့် အောင်မြင်ထားသူများ ဖြစ်ရမည်-
(၁) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဘောဂဗေဒ၊ ရူပဗေဒ၊ ဓာတုဗေဒ
(၂) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ သမိုင်း၊ ရူပဗေဒ၊ ဓာတုဗေဒ
(၃) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ စိတ်ကြိုက်မြန်မာစာ၊ ရူပဗေဒ၊ ဓာတုဗေဒ
(၄) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ဇီဝဗေဒ
(၅) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ပထဝီဝင်၊ ရူပဗေဒ၊ ဓာတုဗေဒ

၂။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်း အထောက်အထားများ ပူးတွဲတင်ပြရမည်-
(က) မြန်မာနိုင်ငံစာစစ်အဖွဲ့မှ ထုတ်ပေးသည့် တက္ကသိုလ်ဝင်စာမေးပွဲအောင် ရမှတ်စာရင်း(မူရင်း)(၁)စောင်
(ခ) အထက်အပိုဒ်(၁)ပါဒေသများရှိကျောင်းများတွင် သုံးနှစ်ဆက်တိုက် တက်ရောက်ခဲ့သူဖြစ်ကြောင်းနှင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲအား ၎င်းဒေသရှိ စာစစ်ဌာနများမှအောင်မြင်သူဖြစ်ကြောင်း သက်ဆိုင်ရာ အခြေခံပညာအထက်တန်းကျောင်းအုပ်ကြီး၏ ထောက်ခံချက်နှင့် မြို့နယ်ပညာရေးမှူးတို့၏ ထောက်ခံချက်(မူရင်း)များ၊
(ဂ) အိမ်ထောင်စုဇယားမိတ္တူနှင့် ၎င်းဒေသတွင် သုံးနှစ်ဆက်တိုက်နေထိုင်သူဖြစ်ကြောင်း သက်ဆိုင်ရာ ဒေသအာဏာပိုင်များ၏ထောက်ခံချက်၊
(ဃ) လျှောက်ထားသူနှင့် မိဘနှစ်ပါးစလုံးတို့၏ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူများ၊
(င) လိုင်စင်ဓာတ်ပုံအရွယ် ရောင်စုံဓာတ်ပုံနှစ်ပုံ၊

၃။ တက္ကသိုလ်ဝင်ခွင့် လျှောက်ထားလိုသူများသည် လျှောက်လွှာပုံစံအား သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များရှိ တိုင်းပညာရေးမှူးရုံး/ပြည်နယ်ပညာရေးမှူးရုံးများတွင်လည်းကောင်း၊ အဆင့်မြင့်တက္ကသိုလ်များတွင်လည်းကောင်း၊ ကျောင်းသားရေးရာဌာနခွဲ၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ နေပြည်တော်တွင်လည်းကောင်း ၁-၁၁-၂၀၁၆ ရက်မှ ၁၁-၁၁-၂၀၁၆ ရက်အတွင်း အခမဲ့ထုတ်ယူနိုင်ပါသည်။

၄။ လျှောက်လွှာများကို ၃၀-၁၁-၂၀၁၆ရက် နောက်ဆုံးထား၍ အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၂၁)၊ နေပြည်တော်သို့ တိုက်ရိုက်ပေးပို့လျှောက်ထားရန် ဖြစ်ပါသည်။

၅။ သတ်မှတ်လျှောက်လွှာပိတ်ရက်ထက်နောက်ကျရောက်ရှိလာသော လျှောက်လွှာများနှင့် အချက်အလက်မပြည့်စုံသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၆။ သတ်မှတ်ချက်များနှင့်ကိုက်ညီသောလျှောက်လွှာများကို အဆင့်မြင့် တက္ကသိုလ်ဝင်ခွင့် စိစစ်ရွေးချယ်ရေးကော်မတီမှ စိစစ်ရွေးချယ်သွားမည်ဖြစ်ပါသည်။

၇။ အဆင့်မြင့်တက္ကသိုလ်ဝင်ခွင့် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ အသေးစိတ်သိရှိလိုပါက အဆင့်မြင့်ပညာဦးစီးဌာန၊ ဆက်သွယ်ရန်တယ်လီ ဖုန်းအမှတ် ၀၆၇-၄၀၄၃၆၄သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

၈။ တက္ကသိုလ်ဝင်ခွင့် ရွေးချယ်ခြင်းခံရသူစာရင်းအား ၁၉-၁၂-၂၀၁၆ရက်တွင် အဆင့်မြင့်တက္ကသိုလ်များနှင့် ကျောင်းသားရေးရာဌာနခွဲ၊ အဆင့်မြင့်ပညာဦးစီးဌာန၊ နေပြည်တော်၌ ကြေညာပေးသွားမည်ဖြစ်ပါသည်။

**(မှတ်ချက်။** လျှောက်လွှာများအား အစိုးရရုံးပိတ်ရက်များတွင်လည်း လျှောက်ထားနိုင်ပါသည်။ ရွေးချယ်ခြင်းမခံရသူများအား ပြန်လည်အကြောင်းကြားပေးမည် မဟုတ်ပါ။)

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ -၂၀)
## မော်လမြိုင်ခရိုင်တရားရုံးတော်၌
## ၂၀၁၆ ခုနှစ်၊ တရားမကြီးမှုအမှတ် -၁၅၁

ဒေါ်နွယ်နွယ်လှ **နှင့်** ဒေါ်မြင့်မြင့်ခင်
**တရားလို** **တရားပြိုင်**

မွန်ပြည်နယ်၊ မုဒုံမြို့၊ မော်-သံလမ်း၊ မြို့မ(၄)ရပ်ကွက်၊ အမှတ် (A/၂၃၅) နေ တရားပြိုင် ဒေါ်မြင့်မြင့်ခင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက မြေကွက်အား လက်ရှိထားပိုင်ခွင့်ရှိကြောင်း မြွက်ဟပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၆ခုနှစ် နိုဝင်ဘာ ၁၀ရက် (၁၃၇၈ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏စွဲဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုပါက အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၆ ခုနှစ် အောက်တိုဘာ ၂၇ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဇော်မင်း)**
**ဒုတိယခရိုင်တရားသူကြီး (၃)**
**မော်လမြိုင်ခရိုင်တရားရုံး**

---

## အသိပေးကြေညာ

၂၇-၁၀-၂၀၁၆ ရက်မှစ၍ လေဆိပ်ကုန်လှောင်ရုံ(အသစ်)သို့ လေကြောင်းကုန်စည်များ စတင်ပြောင်းရွှေ့သိုလှောင်မည်ဖြစ်ပါသဖြင့် ၉-၁၁-၂၀၁၆ ရက် နောက်ဆုံးထား၍ လေဆိပ်ကုန်လှောင်ရုံ(အဟောင်း)ရှိ တင်သွင်းထားသော ကုန်ပစ္စည်းများအား သက်ဆိုင်ရာ ကုမ္ပဏီ၊ အဖွဲ့အစည်းများမှ အပြီးသတ်ထုတ်ယူကြပါရန် အသိပေးကြေညာအပ်ပါသည်။

**အကောက်ခွန်ဦးစီးဌာန**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## တောင်ငူခရိုင်တရားမရုံးတော်
## ၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၁၃၂

ဦးမြင့်လွင် **နှင့်** ဒေါ်သီတာ
**တရားလို** **တရားပြိုင်**

ထန်းတပင်မြို့၊ ကင်ပွန်းခြံကျေးရွာအုပ်စု၊ ရှမ်းစုရပ်ကွက်နေ (ဘ) ဦးချစ်မြ၏သမီး ဒေါ်သီတာ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ ဦးမြင့်လွင်က လင်အားစွန့်ပစ်သွားပြီး အိမ်ထောင်ရေးဖောက်ပြန်သူဇနီးအား ကွာရှင်းခွင့်နှင့် လင်မယားနှစ်ဦးပိုင် ပစ္စည်းများအား လင်တစ်ဦးတည်းမှရထိုက်ခွင့်ရှိကြောင်းလျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၂၅ ရက် (၁၃၇၈ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ ခုနှစ် အောက်တိုဘာ ၂၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မိုးဝေ)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**တောင်ငူခရိုင်တရားရုံး**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## မန္တလေးခရိုင်တရားရုံး၌
## ၂၀၁၆ ခုနှစ် တရားမကြီးမှုအမှတ်-၅၂၄

၁။ ဦးတင့်ဆွေ (ဘ) ဦးအာရုရပ် **နှင့်** ဦးနီတာ
(မိမိကိုယ်တိုင်နှင့် ၂၊ ၃၊ ၄၊ ၅၊ ၆ တရားလိုတို့၏ အထွေထွေကိုယ်စားလှယ်စာရသူ) နှင့်
(အရွယ်မရောက်သေးသူ ၎င်း၏နီးစပ်ရာမိတ်ဆွေ)
၂။ ဒေါ်ဘန်းနူး(ခ)ဒေါ်မြင့်မြင့်သန်း (ဘ) ဦးအာရုရပ်
၃။ ဦးခင်မောင်သန်း (ဘ) ဦးအာရုရပ်
၄။ ဒေါ်မြမြဝင်း (ဘ) ဦးမာမက်ဘီဘိုင်
၅။ မဝေဝေမွန် (ဘ) ဦးမောင်မောင်
၆။ မချိုချိုမွန် (ဘ) ဦးမောင်မောင်
၇။ မောင်ဝေလင်းထက် (ဘ)ဦးမောင်မောင်
(ကွယ်လွန်သူ ဦးမောင်မောင်၏ အမွေစားအမွေခံများ)
(အရွယ်မရောက်သေးသူ ၎င်း၏နီးစပ်ရာမိတ်ဆွေ ၁-တရားလို ဦးတင့်ဆွေ)

**တရားလိုများ** **တရားပြိုင်**

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၈၁×၈၂လမ်းကြား၊ ၂၇လမ်း၊ အမှတ် ၂၀၅/၈ တွင် နေထိုင်သူ(ယခုနေရပ်လိပ်စာမသိသူ) တရားပြိုင် ဦးနီတာ (ဘ)ဦးလှမောင်(မြတ်မိခင်ဆောက်လုပ်ရေး)သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးတင့်ဆွေ ပါ-၇ က "မှတ်ပုံတင်အထူးကိုယ်စားလှယ်လွှဲစာ(၈၁/၂၀၁၃)နှင့် (၈၂/၂၀၁၃)တို့အား ပယ်ဖျက်ပေးစေလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၁၆ ရက် (၁၃၇၈ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုများစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုရက်ချိန်း မတိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ ခုနှစ် အောက်တိုဘာ ၂၆ ရက်တွင် ဤရုံးတော်၏ တံဆိပ်ရိုက်နှိပ်ရန် ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(နုနုခင်)**
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**မန္တလေးခရိုင်တရားရုံး**

---

## ဦးကျော်မြင့်(ခ)ဦးငြိမ်းမောင်-မအေးအေးသွယ် သိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ အိမ်အမှတ် (၄၅၅/၂၀)၊ မင်းတပ်(၁)လမ်း၊ (၁၆)ရပ်ကွက်နေ ဦးကျော်မြင့်(ခ)ဦးငြိမ်းမောင် ၁၀/ဘလန(နိုင်)၀၅၅၈၈၁-မအေးအေးသွယ် ၁၂/ထတပ(နိုင်)၀၆၇၀၄၅သိစေရန် ညီဖြစ်သူ ကိုအောင်ထူး-မတင်ချိုလတ် ပိုင်ဆိုင်သည့် (6J/1003)ယာဉ်အား ယုံကြည်စွာ အပ်နှံထားသည့်ကိစ္စနှင့်ပတ်သက်၍ ၅-၁၁-၂၀၁၆ ရက်နောက်ဆုံးထား၍ လာရောက်ဖြေရှင်းရန်နှင့် မလာရောက်ပါက သက်ဆိုင်ရာသို့ တိုင်ကြားသွားမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားပါသည်။

**မတင်ချိုလတ်**
**(D-601) မုဒိတာ(၁)အိမ်ရာ၊ သမိုင်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်**
**ဖုန်း-၀၉-၄၄၈၀၅၀၆၇၂၊ ၀၉-၇၇၂၄၆၁၈၃၅၊ ၀၉-၉၇၁၉၉၁၃၉၉**

---

## အမည်ပြောင်း

ဦးမြဝင်း ၁၄/မအပ (နိုင်)၀၆၂၂၀၀ နှင့် ဒေါ်အေးအေးချိုတို့၏ သမီး ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင်၊ မအူပင်မြို့နယ် လက်ပံကုန်းကျေးရွာ လက်ပံကုန်း အထက စတုတ္ထတန်းမှ မအင်ကြင်းမြတ်အား မအေးမြင့်မြင့်မြတ်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မအေးမြင့်မြင့်မြတ်**

---

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော် ဒက္ခိဏသီရိမြို့နယ်၊ ရွှေအင်ကြင်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/ရွှေအင်ကြင်းအနောက်၊ မြေကွက်/ဦးပိုင်အမှတ် ဒ-၄၅၇၆၊ ဧရိယာ ၀ ဒသမ ၀၈၂ ဧက၊ ဦးရဲအောင် (ဘ) ဦးညိုစိန် ၉/ရမသ(နိုင်)၁၁၂၀၈ အမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်တင်ဆန်းနွယ် (ဘ)ဦးအေးဝင်း ၉/လဝန (နိုင်) ၁၂၁၄၇၇မှ မြေပေးမိန့်(ပါမစ်)မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူ ကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများ တင်ပြ၍ မြေငှားစာချုပ်သစ်လျှောက်ထားလာရာကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်း အထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများ ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေးကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော် ဥတ္တရသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဥတ္တရသီရိမြောက်ရပ်၊ လူနေရပ်ကွက် ဇဝနသဒ္ဒိရပ်ကွက်၊ မြေကွက်အမှတ် ဥ-၅၂၆၆၊ ဧရိယာ ၀ဒသမ ၂၂၉ဧကရှိ ဦးလှသိန်း (ဘ) ဦးဘရီ ၁၂/သဃက(နိုင်)၀၆၆၅၂၀ အမည်ပေါက် ပါမစ်မြေကွက်အား ဦးပါကျွန်း (ဘ)ဦးဆာဝရီမှုတူး ၁၂/ပဘတ(နိုင်) ၀၀၇၃၈၉မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများ တင်ပြ၍ မြေငှားစာချုပ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းအထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများ ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေးကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ရွှေအင်ကြင်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/ရွှေအင်ကြင်းအနောက်ရပ်၊ မြေကွက်/ဦးပိုင်အမှတ်(ဒ-၄၈၇၆)၊ ဧရိယာ ၀ ဒသမ ၀၈၂ဧက၊ ဦးဖြူအေး (ဘ) ဦးကျင်မောင် ၉/လဝန(နိုင်)၀၅၇၇၈၈ အမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်မွန်မွန် (ဘ) ဦးစိန်လွန်း ၅/မရန(နိုင်)၀၀၀၅၁၅ မှ မြေပေးမိန့်(ပါမစ်)မူရင်း၊ မြေကွက်အရောင်း အဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက် မူရင်းများတင်ပြ၍ မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းအထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများ ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့် ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ရွှေအင်ကြင်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/ရွှေအင်ကြင်းအနောက်ရပ်၊ မြေကွက်/ဦးပိုင်အမှတ်(ဒ-၄၇၂၃)၊ ဧရိယာ ၀ဒသမ၀၈၂ဧက၊ ဒေါ်ပြုံး (ဘ) ဦးပုရွေ ၉/လဝန(နိုင်)၁၄၅၈၀၁ အမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်ငွေခိုင်(ဘ) ဦးတိုး ၉/လဝန(နိုင်)၂၁၆၉၄၀ မှ မြေပေးမိန့်(ပါမစ်)မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြ၍ မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများ ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်**
**စည်ပင်သာယာရေးကော်မတီ**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် ဦးမောင်မောင်မိုး၏သမီးဖြစ်သူ မဝင်းချယ်ရီမိုး(ခ) ဝင့်ချယ်ရီမိုး (၁၂/ဒဂရ(နိုင်)၀၀၈၂၈၈) မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**မဝင်းချယ်ရီမိုး(ခ)ဝင့်ချယ်ရီမိုး**

**အမည်ပြောင်း**

(အောက်)မင်းလှ၊ ဈေးချိုတန်းလမ်းနေ ဦးမြင့်ဆွေ၏သမီး ပဲသီး(ခ) မခင်စန်းရီ ၇/မလန(နိုင်)၀၆၃၂၁၃အား ယနေ့မှစ၍ မအိဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မအိ**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

တာချီလိတ် မြို့မရဲစခန်းတွင် တာဝန်ထမ်းဆောင်နေသော ရဲတပ်ကြပ်ကြီး အောင်စိုးမိုးနှင့် စိုးမိုး ၁၃/ကတန(နိုင်) ၀၀၂၀၀၁သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

**အောင်စိုးမိုး(ခ)စိုးမိုး**

**ဖခင်အမည်မှန်**

ရေဦးမြို့၊ မော်ကွန်းသစ်ကိုယ်ပိုင်အထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်း(A)မှ မသင်းထက်ထက်အောင်၏ ဖခင်အမည်မှန်မှာ ဦးအောင်စိုးမိုး(ခ) စိုးမိုး ၁၃/ကတန(နိုင်) ၀၀၂၀၀၁ဖြစ်ပါကြောင်း။

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ဦးစိုးဝင်း၏သား ပျဉ်းမနားမြို့၊ ပုရွတ်ဆိတ်ကုန်း၊ အမှတ်၂၇အခြေခံပညာမူလတန်းကျောင်း ဒုတိယတန်းမှ မောင်အောင်မြင့်မြတ်နှင့် မောင်တိုးနိုင်ဝင်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**မောင်အောင်မြင့်မြတ်(ခ)မောင်တိုးနိုင်ဝင်း**

# ရန်ကုန်တက္ကသိုလ်(၉၆)နှစ်မြောက် အထိမ်းအမှတ်အခမ်းအနား

ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀)ပြည့်အကြို (၉၆)နှစ်မြောက် အထိမ်းအမှတ်အခမ်းအနားကို ၁-၁၂-၂၀၁၆ရက်မှ ၁၈-၁၂-၂၀၁၆ရက်အထိ ရန်ကုန်တက္ကသိုလ်တွင် ကျင်းပမည်ဖြစ်ပါသည်။

အဆိုပါအခမ်းအနားတွင် International Conferences များ၊ စာတမ်းဖတ်ပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ဟောပြောပွဲများ၊ စာအုပ်ပြပွဲနှင့် ဈေးရောင်းပွဲတော်၊ ပဒေသာကပွဲ၊ ခေတ်အလိုက်ဝတ်စားဆင်ယင်မှုပွဲ၊ Fashion Show နှင့် သိပ္ပံပွဲခင်း -၂၀၁၆တို့ကို ကျင်းပရန် စီစဉ်ထားပြီး စိတ်ပါဝင်စားသူတိုင်း လာရောက်ကြည့်ရှုရန် ဖိတ်ကြားအပ်ပါသည်။ ကျောင်းသားဟောင်းများအနေဖြင့် အလှူငွေလှူဒါန်းလိုပါက သက်ဆိုင်ရာဘာသာရပ်ဌာနများသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။ သိပ္ပံဘာသာရပ်များအတွက် ဖုန်းများမှာ-၀၁-၅၃၆၇၉၂(ဓာတု)၊ ၅၃၄၅၀၉(ဘူမိ)၊ ၅၃၆၇၇၂(ရူပ)၊ ၅၃၆၃၇၆(သင်္ချာ)၊ ၅၃၆၅၁၇(သတ္တ)၊ ၅၃၅၀၃၀(ရုက္ခ)၊ ၅၃၅၀၅၈ (ကုန်ထုတ်)၊ ၅၁၃၁၆၄ (ကွန်ပျူတာ)၊ ဝိဇ္ဇာဘာသာရပ်များအတွက် ဖုန်းများမှာ-၀၁-၅၃၆၀၇၂ (မြန်မာ)၊ ၅၃၇၃၆၀(အင်္ဂလိပ်စာ)၊ ၅၃၆၉၄၃(ပထဝီ)၊ ၅၃၆၉၉၆(သမိုင်း)၊ ၅၃၅၀၅၀(ဒဿနိက)၊ ၅၃၇၃၇၅(စိတ်)၊ ၅၃၆၅၃၉(ဥပဒေ)၊ ၅၃၆၂၈၈(အရှေ့တိုင်း)၊ ၅၃၄၉၃၅(မနုဿ)၊ ၅၃၄၉၁၂(ရှေးဟောင်း)၊ ၅၃၄၇၇၂(စာ/သု)၊ ၅၃၆၀၈၈(နိုင်ငံတကာ)၊ Bank Account No.021-304-02105875501 KANBAWZA BANK Ltd. (KMY) သို့လည်း တိုက်ရိုက်လှူဒါန်းနိုင်ပါသည်။

**သိပ္ပံပွဲခင်း-၂၀၁၆** သို့ တက္ကသိုလ်/ကောလိပ်များ၊ ဝန်ကြီးဌာနများ၊ သိပ္ပံနည်းပညာဆိုင်ရာ အဖွဲ့အစည်းများနှင့် ကုမ္ပဏီများအား လာရောက်ပြသရန် ဖိတ်ခေါ်အပ်ပါသည်။

သိပ္ပံပွဲခင်းနှင့်ပတ်သက်၍ သိရှိလိုပါက ဒေါက်တာရေချမ်း၊ တွဲဖက်ပါမောက္ခ၊ တက္ကသိုလ်များ သိပ္ပံသုတေသနဌာန ဖုန်း-၀၁-၅၃၅၄၈၆ ထံသို့ စုံစမ်းနိုင်ပါသည်။

**စာအုပ်ပြပွဲ၊ ဈေးရောင်းပွဲတော်**နှင့်ပတ်သက်၍ သိရှိလိုပါက ဒေါက်တာလှိုင်လှိုင်ကြီး၊ စာကြည့်တိုက်မှူး၊ ရန်ကုန်တက္ကသိုလ်စာကြည့်တိုက် ဖုန်း-၀၁-၅၃၇၂၅၀ထံသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဆဋ္ဌမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ**

အထက ကော့ဘိန်း၊ ကော့ကရိတ်မြို့နယ်

နေရာ - အထက ကော့ဘိန်း (စိန်ရတနာခန်းမ)

ရက်စွဲ - ၁-၁-၂၀၁၇ (တနင်္ဂနွေနေ့)

**ဆက်သွယ်ရန် - ဒေါ်မြင့်မြင့်သောင်း**
**ဖုန်း-၀၉-၄၂၅၀၀၁၈၅၇**
**ဦးမျိုးတင့်လွင်**
**ဖုန်း-၀၉-၄၉၇၈၂၁၆၉**
**ဒေါက်တာ မင်းဉာဏ်ထွန်း**
**ဖုန်း-၀၉-၂၅၆၀၉၄၄၅၅**

**လေးတောင်နယ်အသင်း(ရန်ကုန်)**
**(၃၇)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်**
**အလှူတော်ကျင်းပမည်**

လေးတောင်နယ်အသင်း (ရန်ကုန်)မှ နှစ်စဉ်ကျင်းပမြဲဖြစ်သော စုပေါင်းမဟာဘုံကထိန်၊သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲတို့ကို ၂၀၁၆ခုနှစ် နိုဝင်ဘာ ၆ရက်၊တန်ဆောင်မုန်းလဆန်း ၇ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရွှေတိဂုံဘုရားအရှေ့မုခ်အနီး ရခိုင်ပြည်နယ်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ၂၀၁၆ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ကြသူများနှင့် ဒေါက်တာ(ပါရဂူ)ဘွဲ့ရရှိပြီးသည့် ရာသက်ပန်အသင်းဝင်သားသမီးများ၏ အမှတ်စာရင်းနှင့် အောင်လက်မှတ်မိတ္တူများကို နီးစပ်ရာအသင်းအမှုဆောင်များထံသို့ အချိန်မီပေးပို့ကြရန်နှင့် လေးတောင်နယ်သူ၊ နယ်သားများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန် နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**လေးတောင်နယ်အသင်း (ရန်ကုန်)**

**လှည်းကူးစမ်း-အေးဓမ္မတောရ ကမ္မဋ္ဌာန်းရိပ်သာ**
**(ရန်ကုန်-နေပြည်တော် အမြန်လမ်းမကြီး ၂၅/၂မိုင်)**

ဆဋ္ဌမအကြိမ်မြောက် စုပေါင်းဘုံကထိန်အလှူတော်သို့ ကြွရောက်ကြပါရန်နှင့် ကျေးဇူးတော်ရှင် အမ်းဆရာတော် ဘဒ္ဒန္တမာဃိန္ဒထံမှ ကထိန်အနုမောဒနာတရားနာယူနိုင်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်ရက်** - ၁၃၇၈ခုနှစ် တန်ဆောင်မုန်းလဆန်း ၇ ရက်၊ ၆-၁၁-၂၀၁၆ရက် (တနင်္ဂနွေနေ့)

**ကျင်းပမည့်အချိန်** - နံနက် ၈း၄၅ နာရီ

အသေးစိတ်သိရှိလိုပါက ဦးရီစိန် (ငမိုးရိပ်) ဖုန်း-၀၁-၅၇၉၅၄၅၊ ဦးမောင်မောင်ကြီး (ကျောက်မြောင်း) ဖုန်း-၀၉-၇၃၂၁၁၆၀၄၊ ဦးဖိုးချို (ဥတ္တလစ်) ဖုန်း-၀၉-၄၄၂၂၅၈၅၉၁၊ ဒေါ်ညိုမီအောင် (သဃ်န်းကျွန်း) ဖုန်း-၀၉-၇၉၈၄၃၆၆၈၅

**ရန်ကုန်တက္ကသိုလ်(ဘူမိဗေဒ)၁၉၈၂-၁၉၈၆⁺⁺**
**ကျောင်းသား ကျောင်းသူဟောင်းများ၏**
**ကျောင်းပြီး နှစ်(၃၀)ပြည့် အာစရိယပူဇော်ပွဲ**

**အခမ်းအနားဖိတ်ကြားခြင်း**

ရန်ကုန်တက္ကသိုလ်(ဘူမိဗေဒ)၁၉၈၂-၁၉၈၆ ⁺⁺ကျောင်းသား ကျောင်းသူဟောင်းများ၏ ကျောင်းပြီး နှစ်(၃၀)ပြည့် အာစရိယပူဇော်ပွဲအခမ်းအနားအား အောက်ပါအတိုင်းကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် သူငယ်ချင်းများ မပျက်မကွက် တက်ရောက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ကျင်းပမည့်နေ့ရက်** - ၁၀-၁၂-၂၀၁၆ ရက်(စနေနေ့)
**ကျင်းပမည့်အချိန်** - နံနက် ၁၀း၀၀ နာရီ
**ကျင်းပမည့်နေရာ** - တက္ကသိုလ်များဓမ္မာရုံ
**ဆက်သွယ်ရန်-**
**ဦးသိန်းစိုး ဖုန်း-၀၉-၂၅၀၀၃၁၇၀၁၊ ဦးသန့်ဇင် ဖုန်း-၀၉-၅၀၀၄၃၉၇၊**
**ဦးသန်းဝင်းအောင် ဖုန်း-၀၉-၅၁၇၃၉၁၉၊ ဦးဝင်းဇော်ရှိန်(စူပါ)ဖုန်း-၀၉-၂၅၁၀၃၃၄၂၅၊**
**ဦးဇော်လင်း ဖုန်း-၀၉-၅၀၁၂၂၃၊ ဒေါ်ပွင့်သွယ်ဝင်း ဖုန်း-၀၉-၅၀၅၇၆၀၂**
**KBZ Bank A/C:U Zaw Lin+2(044-302-00501036701)**

**စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မလွကုန်း၊ ဌေးကြွယ်(က)ရပ်ကွက်၊ ဇောတိကလမ်း၊ အမှတ် ၂၄ နေ
ဦးစိန်ကြိုင်-ဒေါ်လှသန်း(ဦးစီးအရာရှိ-ငြိမ်း၊သ/မဦးစီးဌာန)တို့၏သား

**မောင်ညီညီထွန်း**
**B.Sc (Chemistry)**
**Floor Supervisor (Parkroyal Hotel)**

**နှင့်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၈)ရပ်ကွက်၊ အဝေရာလမ်း၊ အမှတ်(၇)နေ
ဦးညွှန့်ဇင်-ဒေါ်ကြူကြူခင်တို့၏သမီး

**မထက်အိဝေ**
**B.Sc (Chemistry)**
**HR Executive (Air Mandalay)**

တို့သည် ၂၅-၁၀-၂၀၁၆ရက်တွင် နှစ်ဖက်မိဘဆွေမျိုးများ ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့် မောင်ညီညီထွန်း-မထက်အိဝေ**

**မင်းတုန်းမြို့နယ်အသင်း(ရန်ကုန်)**
**ဆဋ္ဌမအကြိမ်မြောက်**
**ကထိန်သင်္ကန်းကပ်လှူပွဲဖိတ်ကြားလွှာ**

မင်းတုန်းမြို့နယ်အသင်း(ရန်ကုန်)၏ ဆဋ္ဌမအကြိမ်မြောက် ကထိန်သင်္ကန်းကပ်လှူပွဲကို ၁၃၇၈ခုနှစ် တန်ဆောင်မုန်းလဆန်း ၆ရက်၊၅-၁၁-၂၀၁၆ရက် (စနေနေ့) နံနက် ၉နာရီမှ ၁၂နာရီအထိ ရန်ကုန်မြို့ ပတ္တမြားကျောင်းတိုက် (ဗိုလ်တထောင်ဘုရားအနီး)တွင် ကျင်းပပြုလုပ်ပါမည်။ အသင်းဝင်များ၊ အသင်းမဝင်ရသေးသော မင်းတုန်းမြို့နယ်မှ ရန်ကုန်သို့ရောက်ရှိနေကြသူများ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**မင်းတုန်းမြို့နယ်အသင်း(ရန်ကုန်)**

**ငြင်းချက်ထုတ်ရန်သမ္မန်စာ**
**(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**မော်လမြိုင်ခရိုင်တရားရုံးတော်၌**
**၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၁၅၂**

ဒေါ်နွယ်နွယ်လှ **နှင့်** ဒေါ်သီသီဌေး
**တရားလို** **တရားပြိုင်**

မော်လမြိုင်မြို့၊ လှိုင်ရပ်ကွက်၊ အုတ်ဖိုရပ်၊ အမှတ် (၇၂/A)နေ တရားပြိုင် ဒေါ်သီသီဌေး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက မြေကွက်အား လက်ရှိထားပိုင်ခွင့်ရှိကြောင်း မြွက်ဟပေးစေလိုမှုရလိုကြောင်း လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၁၀ ရက် (၁၃၇၈ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၁ ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ စွဲဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုပါက အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် အောက်တိုဘာ ၂၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **(ဇော်မင်း)**

**ဒုတိယခရိုင်တရားသူကြီး**
**မော်လမြိုင်ခရိုင်တရားရုံး(၃)**

**စစ်ကိုင်းအသင်း(ရန်ကုန်)**
**(၃၂)ကြိမ်မြောက် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ**
**ဖိတ်ကြားလွှာ**

စစ်ကိုင်းအသင်း(ရန်ကုန်)၏ (၃၂)ကြိမ်မြောက် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ပင့်သံဃာ(၁၂)ပါးဖြင့် ဗဟန်းမြို့နယ်၊ အလယ်တောရ၊ စံပြစာသင်တိုက်အတွင်းရှိ အရဏ်ဦး ပရိယတ္တိဓမ္မဗိမာန်တော်ကြီးတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ စစ်ကိုင်းအသင်း(ရန်ကုန်)အသင်းသူ အသင်းသားများ၊ စစ်ကိုင်းနယ်သူ နယ်သားများ၊ အသင်း၏မိတ်ဆွေသင်္ဂဟများ ကြွရောက်ကုသိုလ်ယူကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**နေ့ရက်** - ၁၃၇၈ခုနှစ် တန်ဆောင်မုန်းလဆန်း ၇ရက်၊ ၂၀၁၆ခုနှစ် နိုဝင်ဘာ ၆ရက်(တနင်္ဂနွေနေ့)

**အချိန်** - နံနက် ၀၉း၃၀နာရီ

**နေရာ** - ဗဟန်းမြို့နယ်၊ အလယ်တောရစံပြစာသင်တိုက်အတွင်း အရဏ်ဦးပရိယတ္တိဓမ္မဗိမာန်တော်



**အမှုဆောင်အဖွဲ့**
**စစ်ကိုင်းအသင်း(ရန်ကုန်)**

**တိုက်ခန်းရောင်းမည်**

ခ/၃ လမ်း၊ မြို့သစ်(က+ခ)ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ တိုက်အသစ် ခြောက်လွှာ (၁၈×၅၅)ပေအား ညှိနှိုင်းဈေးဖြင့် ရောင်းမည်။

**ဖုန်း-၀၉-၇၈၅၁၂၂၉၇၆**

**မွေးသက္ကရာဇ်အမှန်**

မော်လမြိုင်ကျွန်းမြို့နယ်၊ ကပ်ခိုအထက(ခွဲ)၊အဋ္ဌမတန်းမှ (ဘ)ဦးဝင်းရွှေ၏သား မောင်ဝေဖြိုးပိုင်၏ မွေးသက္ကရာဇ်အမှန်မှာ အိမ်ထောင်စုစာရင်းအရ ၁၇-၁၁-၂၀၀၃ ဖြစ်ပါကြောင်း။

**အမည်ပြောင်း**

ဦးကိုကိုနိုင်၏သား ပညာမော်ကွန်း(ကိုယ်ပိုင်အထက်တန်းကျောင်း)၊ နဝမတန်းမှ မောင်လင်းမြတ်အောင်အား မောင်ဘုန်းမြတ်ဇော်ဟု ပြောင်းလဲခေါ်ဆိုပေးပါရန်။

**မောင်ဘုန်းမြတ်ဇော်**

**ကန့်ကွက်နိုင်ပါသည်**

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ကျောက်ကြီးမြို့နယ်၊ သိန်တန်းရပ်ကွက်၊ အကွက်အမှတ် (၄-က)၊ သိန်တန်းမြောက်ကွင်း၊ ဦးပိုင်အမှတ်(၂၈)၊ ဧရိယာ ၀ ဒသမ၃၃၀ဧကေ၊ အရှေ့လားသော်လမ်း၊ အနောက်လားသော် ဦးမောင်စိန်နေအိမ်၊ တောင်လားသော် ဦးကြည်ဝင်း၊ မြောက်လားသော် မြို့နယ်ပြည်သူ့ဆေးရုံရှိမြေအား လူနေဂရန်ရရှိရန် ဦးသိန်းအောင်မှ လျှောက်ထားလာမှုနှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများ အနေဖြင့် မြေပိုင်ဆိုင်မှုအထောက်အထားများ တင်ပြပြီး ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကျောက်ကြီးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပြီး လျှောက်ထားသူသို့ မြေဂရန် ထုတ်ပေးလိမ့်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ကျောက်ကြီးမြို့**

**ဖခင်အမည်မှန်**

ကျိုက်ထိုမြို့နယ်၊ အထက(ခွဲ) ကင်မွန်းချောင်း တက္ကသိုလ်ဝင်တန်းမှ စောဌေးလွင်ဦး၏ ဖခင်အမည်မှန်မှာ ဦးသိန်းဝင်း ၃/ဖပန(နိုင်)၀၁၁၁၇၆ ဖြစ်ပါသည်။

**ယာဉ်မှတ်ပုံတင်စာအုပ်**
**မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၃၉ယ/၂၀၉၁၂ Luojia-110,M/C ယာဉ်လက်ဝယ်ရှိသူ ဦးညီညီလွင် ၉/မရမ(နိုင်)၀၈၂၇၅၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊**
**မန္တလေးမြို့**

**ကန့်ကွက်နိုင်ပါသည်**

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ကျောက်ကြီးမြို့နယ်၊ မအူပင်ဆိပ်ကျေးရွာအုပ်စု၊ ဆိပ်ကြီးကျေးရွာ၊ အကွက်အမှတ် (၇၁-က)၊ ဆိပ်ကြီးမြောက်ကွင်း၊ ဦးပိုင်အမှတ် (၆)၊ ဧရိယာ ၀ ဒသမ ၉၅ ဧက၊ အရှေ့လားသော် ဦးဝိုင်းရွှေနေအိမ်၊ အနောက်လားသော် ဒေါ်ညိုနေအိမ်၊ တောင်လားသော် ဆိပ်ကြီးအင်း၊ မြောက်လားသော် ကားလမ်းရှိမြေအား လူနေဂရန်ရရှိရန် ဦးသက်ထွန်းမှ လျှောက်ထားလာမှုနှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများအနေဖြင့် မြေပိုင်ဆိုင်မှု အထောက်အထားများတင်ပြပြီး ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကျောက်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပြီး လျှောက်ထားသူသို့ မြေဂရန်ထုတ်ပေးလိမ့်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ကျောက်ကြီးမြို့**

**ယာဉ်မှတ်ပုံတင်စာအုပ်**
**မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၅ယ/၉၆၀၈၄ ယာဉ်လက်ဝယ်ရှိသူ ဦးကျော်သန်း ၈/မမန(နိုင်)၀၁၂၂၃၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မိုးညှင်း)**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

**ဗိုလ်မှူးကြီးကြည်ဟန်(ငြိမ်း) BC-3560**

**မော်ကွန်းဝင်(ပထမဆင့်)၊ နိုင်ငံ့ဂုဏ်ရည်(ဒုတိယဆင့်)**

**အသက်(၉၄)နှစ်**

Medi Myanmar Group Ltd. ၏ အုပ်ချုပ်မှုဒါရိုက်တာနှင့် မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဒေါက်တာဝင်းစည်သူနှင့် Medi Myanmar Group Ltd. ဒုတိယအုပ်ချုပ်မှုဒါရိုက်တာနှင့်ဝိသာခါဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါက်တာစုလှဟန်တို့၏ဖခင်ကြီးသည် ၂၇-၁၀-၂၀၁၆ရက် ညနေ ၅း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**Medi Myanmar Group Ltd. နှင့်**
**Han Ideal Trading Ltd မှ ဝန်ထမ်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

**ဗိုလ်မှူးကြီးကြည်ဟန်(ငြိမ်း) BC-3560**

**မော်ကွန်းဝင် (ပထမဆင့်)၊ နိုင်ငံ့ဂုဏ်ရည် (ဒုတိယဆင့်)**

**အသက်(၉၄)နှစ်**

Medi Myanmar Group Ltd. ၏ အုပ်ချုပ်မှုဒါရိုက်တာနှင့် မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဒေါက်တာဝင်းစည်သူနှင့် Medi Myanmar Group Ltd. ဒုတိယအုပ်ချုပ်မှုဒါရိုက်တာနှင့်ဝိသာခါဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါက်တာစုလှဟန်တို့၏ဖခင်ကြီးသည် ၂၇-၁၀-၂၀၁၆ရက် ညနေ ၅း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**Medi Myanmar Group Ltd. နှင့်**
**Han Ideal Trading Ltd. မန္တလေးရုံးခွဲမှ ဝန်ထမ်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်မှူးကြီးကြည်ဟန် (ငြိမ်း)**

**အသက်(၉၄)နှစ်**

မြန်မာနိုင်ငံအဆင့်မြင့် ဂေါက်သီးရိုက်ပညာရှင်များအသင်း (မြန်မာပီဂျီအေ)မှ ဦးချမ်းဟန်နှင့် ဦးအောင်လှဟန်တို့၏ဖခင်ကြီး ဗိုလ်မှူးကြီးကြည်ဟန်(ငြိမ်း)သည် ၂၇-၁၀-၂၀၁၆ရက် (ကြာသပတေးနေ့)ညနေ ၅း၃၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံအဆင့်မြင့်ဂေါက်သီးရိုက်ပညာရှင်အသင်းသားများ**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

**ဦးတင်ဦး(ပုသိမ်မြို့) အသက်(၈၉)နှစ်**

**လွတ်လပ်ရေးမော်ကွန်းဝင် ဒုတိယဆင့်**

**ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်**

ဆရာ ဦးတင်ဦးသည် ၂၆-၁၀-၂၀၁၆ရက် မွန်းလွဲ ၂း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**1985 PSC Batch တပည့်များ**
**1989 PSC Batch တပည့်များ**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

**ဦးတင်ဦး(ပုသိမ်မြို့) အသက်(၈၉)နှစ်**

**လွတ်လပ်ရေးမော်ကွန်းဝင် ဒုတိယဆင့်**

**ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်**

ဆရာ ဦးတင်ဦးသည် ၂၆-၁၀-၂၀၁၆ရက် မွန်းလွဲ ၂း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဘုန်းတင်-ဒေါ်ခင်ပြုံးရည်**
**တိုင်းမန်နေဂျာ(ငြိမ်း)၊ မန္တလေးတိုင်းမြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်**

## ဝမ်းနည်းကြေကွဲခြင်း

ညီရင်းမောင်နှမကဲ့သို့ ခင်မင်ရပါသော မန္တလေးမြို့နေ ရွှေမိတ္တ သယ်ယူပို့ဆောင်ရေးကုမ္ပဏီ၏ MD ဦးကျော်စိုး ကွယ်လွန်ခြင်းအတွက် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲမိပါသည်။ ကောင်းရာဘုံသို့ရောက်စေကြောင်း ဆုတောင်းအပ်ပါသည်။

**ဦးမြင့်စိုး-ဒေါ်သန်းသန်းစု**
**IBS Co.,Ltd. မိသားစုနှင့် ဝန်ထမ်းများ၊ ရန်ကုန်မြို့**

## ခရစ်တော်၌အိပ်ပျော်ခြင်း

**Sister Virginie Techong @ ဒေါ်ရီကြူ, SJA**

**အသက်(၅၈)နှစ်၊ ဝါတော်(၃၆)ဝါ**

ဦး Thomas- Maria ဒေါ်ရင်မေတို့၏သမီး၊ Father Benedict ဦးထွန်းမောင်၏တူမ၊ စိန့်ဂျိုးဇက်သီလရှင် Sister Virginie Techong @ ဒေါ်ရီကြူသည် ၂၈-၁၀-၂၀၁၆ရက် (သောကြာနေ့) ည ၉း၅၀နာရီတွင် အလုံမြို့နယ် စိန့်အယ်မလီကွန်ဗင့်တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၃၀-၁၀-၂၀၁၆ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် St Theresa ဘုရားရှိခိုးကျောင်း၌ မစ္ဆားဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (St Theresa ဘုရားရှိခိုးကျောင်းမှကားများ မွန်းလွဲ ၂နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၁၁-၂၀၁၆ရက် နံနက် ၆း၃၀နာရီတွင် St Theresa ဘုရားရှိခိုးကျောင်း၌ မစ္ဆားဝတ်ပြုဆုတောင်းမည် ဖြစ်ပါသောကြောင့် ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] St Joseph သီလရှင်များ

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ကျင်းခေါ်မန် (တီးတိန်မြို့)**

**အသက်(၉၇)နှစ်**

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ဗဟိုယာဉ်မောင်းလိုင်စင်ဌာနမှ ဦးလျန်ကျင့်မန်(ညွှန်ကြားရေးမှူး)-ဒေါ်ကြိမ်မန်းပေါင်တို့၏ ချစ်လှစွာသောမိခင်ကြီး ဒေါ်ကျင်းခေါ်မန်သည် ၂၉-၁၀-၂၀၁၆ရက် (စနေနေ့) ညနေ ၃း၁၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**
**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ကျင်းခေါ်မန် (တီးတိန်မြို့)**

**အသက်(၉၇)နှစ်**

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ဗဟိုယာဉ်မောင်းလိုင်စင်ဌာနမှ ဦးလျန်ကျင့်မန်(ညွှန်ကြားရေးမှူး)-ဒေါ်ကြိမ်မန်းပေါင်တို့၏ ချစ်လှစွာသောမိခင်ကြီး ဒေါ်ကျင်းခေါ်မန်သည် ၂၉-၁၀-၂၀၁၆ရက် (စနေနေ့) ညနေ ၃း၁၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗဟိုယာဉ်မောင်းလိုင်စင်ဌာန**
**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

**ဦးတင်ဦး (ပုသိမ်မြို့)**

**လွတ်လပ်ရေးမော်ကွန်းဝင် ဒုတိယဆင့်**

**ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်**

**အသက်(၈၉)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊(၁၀)ရပ်ကွက်၊ ဦးကွန်းဇော်ရိပ်သာလမ်း၊ Condo 3-A (ပြည်လမ်း၊ ၅မိုင်ခွဲ၊ ကန်လမ်းမှဝင်ရန်)နေ (ဦးမောင်ဟန်-ဒေါ်မြ)တို့၏သား၊ (ဦးဘိုးသိုက်-ဒေါ်ဒေါ်ယု)တို့၏သားသမက်၊ (ဒေါ်ခင်ကြည်)၊ (ဒေါ်ရီရီဟန်)တို့၏မောင်၊ ဒေါ်ခင်ဝင်းဖြူ၏အစ်ကို၊ (ဒေါ်မိုမိုအောင်)၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်စန္ဒီမိုးဦးဖြူ-Maurice Botter၊ မောင်အောင်မြင့်ဦး၊ မအောင်မာဦးတို့၏ချစ်လှစွာသောဖခင်၊ Meemee, Chan, Piet တို့၏အဘိုးသည် ၂၆-၁၀-၂၀၁၆ရက် မွန်းလွဲ ၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၁၀-၂၀၁၆ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁-၁၁-၂၀၁၆ရက်(အင်္ဂါနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်လှလှ (၄၅လမ်း၊ ဗိုလ်တထောင်)**

**အသက်(၈၈)နှစ်**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ၄၅လမ်း၊ အမှတ် ၁၇၆၊ (၃/၄)ဘီနေ (ဦးအေမောင်-ဒေါ်ဝင်းရင်)တို့၏သမီး၊ (ဦးဘလုံး-ဒေါ်စောရီ)တို့၏သမီးချွေးမ၊ (ဦးမောင်မောင်)၏ချစ်လှစွာသောဇနီး၊ (ဦးအောင်သန်း-ဒေါ်မြမြအေး)တို့၏သီမ၊ ဦးမြင့်သိန်း(စာရေးဆရာ-မြတ်မင်း)-(ဒေါ်ခင်ခင်ဝင်း)၊ (ဦးဖေသိန်း-ဒေါ်ဝင်းကြည်)၊ ဦးစန်းမြင့်ထွန်း[စာရေးဆရာ-ကိုပေါက်(နန္ဒဝန်)]-ဒေါ်အေးကြိုင်တို့၏အစ်မ၊ ဦးချစ်ရွှေ(ရွှေရစ်ဝိုင်းကုမ္ပဏီ)-ဒေါ်တင်တင်နွယ်၊ ဒေါ်အေးအေးနွယ်(မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ ငြိမ်း)၊ ဦးဇော်ထွန်းမောင်(မြန်မာ့အာမခံလုပ်ငန်း)၊ ဒေါ်ချိုချိုမာ(New General Co.,Ltd.)၊ ဦးတင်ထွန်းမောင်(C/O)၊ ဦးကျော်သီဟ-ဒေါက်တာနုနုထွေး(ကထိက၊ ရူပဗေဒဌာန၊ ဒဂုံတက္ကသိုလ်)၊ ဒေါ်မြတ်မိုးအေး (ကထိက၊ သချာင်္ဌာန၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်)တို့၏ချစ်လှစွာသောမိခင်၊ မစန္ဒာနွယ်(Wut Hmone Trading Co.,Ltd.)၏အဘွားသည် ၂၈-၁၀-၂၀၁၆ရက် (သောကြာနေ့) ည ၁၁း၄၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၁၀-၂၀၁၆ရက်(တနင်္ဂနွေနေ့)ညနေ ၄နာရီတွင် ရေဝေးအေးအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၃-၁၁-၂၀၁၆ရက်(ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

**ဒေါ်မြကြည်(ခ)ဒေါ်မိုင်မွန်**

**ကျားရောင်စုံပုံနှိပ်တိုက်နှင့် ဇရာဝတီမျက်မှန်**

**အသက်(၈၀)**

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ မဟာဗန္ဓုလလမ်းနှင့် ၂၉လမ်းထိပ်၊ အမှတ် ၄၉၄၊ ပထမထပ်နေ (ဦးခင်မောင်) ကျားရောင်စုံပုံနှိပ်တိုက်နှင့် ဇရာဝတီမျက်မှန်၏ဇနီး၊ ကိုခင်မောင်ဦး၊ ကိုခင်မောင်လတ်၊ မခင်မာကြည်၊ မခင်မာရီ၊ မခင်မာအေး၊ မခင်မာသီ၊ ကိုခင်မောင်ညွန့်၊ ကိုခင်မောင်ငွေ၊ မခင်ငွေးမြင့်တို့၏မိခင်၊ မြေး ၁၃ယောက်၊ မြစ်လေးယောက်တို့၏အဘွားသည် ၂၆-၁၀-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၃၀နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ ညနေ ၃နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးအဟ်မဒီယာမွတ်စလင်ကဘရ်စတန်သို့ ပို့ဆောင်ဒါဖွာနာပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း ဒါယိကာမကြီး

**ဒေါ်မြမြ**

**အသက်(၈၂)နှစ်**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ရှုခင်းသာအဆင့်မြင့်အိမ်ရာ၊ တိုက် B-2၊ အခန်း 002 နေ ဦးကြိုင်၏ဇနီး၊ ဒေါ်ဖြူဖြူ၊ ဒေါ်နီနီခင်၊ (ဦးအောင်မိုးထွန်း)-ဒေါ်သန်းသန်းအေး၊ (ဒေါ်အေးအေးမြင့်)၊ ဦးထွန်းထွန်းဇော်-ဒေါ်ချိုချိုမာ၊ ဦးသန်းဇော်-ဒေါ်အေးစန္ဒာ၊ ကိုကျော်ကျော်ထွေး၊ မအေးမိစံတို့၏ ချစ်လှစွာသောမိခင်၊ (မောင်အာကာကိုကို)၊ မဟေမာန်ဦး၊ မအိမ့်ခြူးမိုးပွင့်၊ မနဒီဦး၊ မဖူးမြတ်သွယ်တို့၏ ဘွားဘွားကြီးသည် ၂၈-၁၀-၂၀၁၆ရက်(သောကြာနေ့) ည ၉း၄၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၁၀-၂၀၁၆ရက်(တနင်္ဂနွေနေ့)ညနေ ၄နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၃-၁၁-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်အေးဆင့် (မာန်အောင်)**

**မူ/ပြ(ငြိမ်း)**

**အသက်(၈၁)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊သုခလမ်း၊အမှတ် ၂၂ (ခြောက်လွှာ)နေ (ဦးဘိုးဆင့်-ဒေါ်မငယ်)တို့၏သမီး၊ ဦးထွန်းစိန်(မူ/အုပ်၊ ငြိမ်း)၏ဇနီး၊ ဦးထွန်းဝေ(သ/မ၊ငြိမ်း)-ဒေါ်ရွှေရွှေ (အလက-ကျောင်းအုပ်)၊ ဦးထွန်းလွင်-ဒေါ်ထွေးခင်၊ (ဒေါ်ခင်မာလွင်)၊ ဦးမြင့်သန်း-ဒေါ်ခင်မာစိုးလေး (လဝက၊ ငြိမ်း)တို့၏မိခင်၊ မောင်ထွန်းသူရိန်မြင့်၊ ဦးခင်မောင်ဦး-ဒေါ်မေဝင်းထွန်း၊မောင်ညီညီလွင်၊မောင်ခွန်းချိုသာ၊ မခိုင်ဝင်းစိုး၊ မကြည်လင်စိုး၊ မချမ်းမြေ့လှိုင်တို့၏အဘွား၊ မြစ်နှစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၂၈-၁၀-၂၀၁၆ရက် နံနက် ၁၁း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၁၁-၂၀၁၆ရက်(အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယကာ

**တန်ကျင်ဘွန်း(ခ) ဦးကြင်မောင်**

**သိန်းပွဲရုံ၊ရေတမာလမ်း၊ဘုရင့်နောင်**

**အသက်(၁၀၃)နှစ်**

ရန်ကုန်မြို့နေ (ဦးဘအို-ဒေါ်ဘီး)တို့၏သား၊ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ FMI City ရွှေသရဖီ ၁လမ်း၊ H-48 နေ [ဒေါ်ခင်ဝင်း(ခ)ယိုဖိတ်ကီး]၏ချစ်လှစွာသောခင်ပွန်း၊(ဦးစိုးအောင်)-ဒေါ်လဲ့လဲ့ဝင်း၊ ဦးအောင်သူဆန်း-(ဒေါ်ငွေးငွေးရီ)၊ ဦးဆန်နီ-ဒေါ်ဘေဘီ ထင်အောင်၊ ဒေါ်သန်းသန်းအေး၊ဒေါ်ငွေးငွေးစိန်(ခ)မပေ့၊ ဦးမြဟန်(ခ)ဦးချွန်း-ဒေါ်သီတာသိန်း၊ ဦးစိုးဝင်း(ခ)ဦးချိန်း-ဒေါ်ကြည်စန်းချစ်၊ဦးလှအောင်(ခ)ဦးကျွမ်း-ဒေါ်ငြိမ်းငြိမ်းအေး၊ ဦးသန်းထွဋ်(ခ)ဦးတိုး - ဒေါ်ခင်ဝင်းရီ(ခ)တုတ်တုတ်တို့၏ချစ်လှစွာသောဖခင်၊ မြေး ၁၇ယောက်၊ မြစ် ၁၁ယောက်တို့၏အဘိုးသည် ၂၈-၁၀-၂၀၁၆ရက်ညနေ ၄း၁၀နာရီတွင် ကွယ်လွန်သွားပါ၍ ၃၀-၁၀-၂၀၁၆ရက်(တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးတရုတ်သုသာန်သို့ပို့ဆောင် ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

**ဦးလှငွေ (သရက်မြို့)**

**ဒု-ညွှန်ကြားရေးမှူး(ငြိမ်း)**

**စက်မှု(၁)ဝန်ကြီးဌာန**

**အသက်(၉၄)နှစ်**

ရန်ကုန်မြို့၊ရန်ကင်းမြို့နယ်၊ရန်အေးလမ်း၊ (၅)ရပ်ကွက်၊ တိုက် ၁၅၊ အခန်း ၂၁၊ ရွှေအုန်းပင်အိမ်ရာ(၁)နေ ဒေါ်ခင်ခင်သိန်း၏ခင်ပွန်း၊ (ဦးနေထွန်း)-ဒေါ်မာလာသိန်း၊ ဒေါ်ဝင်းမာ (လဝက၊ နေပြည်တော်)၊ ဦးအောင်စိုး-ဒေါ်စန်းစန်းထွေး၊ ဦးအောင်ကိုကို-ဒေါ်သိမ့်သိမ့်ထူး၊ ဦးနိုင်ကိုကိုတို့၏အစ်ကို၊ (ဦးဇော်ဝင်းမြင့်)-ဒေါ်ကြူကြူခိုင်၊ ဒေါ်သင်းနုအေး(လဝက)၊ ဦးဖေယျာပိုင်၊ ဦးမင်းသူရိန်-ဒေါ်မြင့်မြင့်အေး၊ ဦးကျော်ကျော်-ဒေါ်ထက်ထက်ဖြိုးဆွေ၊ဦးကျော်သူရ-ဒေါ်ခင်ဆွေလဲ့၊ ဦးအောင်ဟိန်း-ဒေါ်သဲစုမိုးတို့၏ဖခင်၊မြေးခုနစ်ယောက်တို့၏အဘိုးသည် ၂၉-၁၀-၂၀၁၆ရက် နံနက် ၁နာရီတွင် ကွယ်လွန်သွားပါ၍ ၃၁-၁၀-၂၀၁၆ရက်(တနင်္လာနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအား ရည်စူး၍ ၄-၁၁-၂၀၁၆ရက်(သောကြာနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ရွှေတောင်မြို့နယ်အသင်း(ရန်ကုန်)

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

**ဦးငွေအောင် (ရွှေတောင်မြို့)**

**(B.Sc, B.Ed, RA)**

**လ/ထ အထွေထွေမန်နေဂျာ(ငြိမ်း)**

**ကုန်သွယ်/လယ်ယာ**

**အသက်(၇၈)နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ကျောင်းကြီးလမ်း၊ အမှတ် ၄၃နေ ဒေါ်ညွန့်ညွန့်ရီ၏ ချစ်လှစွာသောခင်ပွန်း မြို့နယ်အသင်းဝင် ဦးငွေအောင်သည် ၂၇-၁၀-၂၀၁၆ရက် ည ၉း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၃၁-၁၀-၂၀၁၆ရက် (တနင်္လာနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

အမှုဆောင်အဖွဲ့

## ဦးထွန်းထွန်းဝင်း

**(ရန်ကင်းမြို့နယ်)**

**အသက်(၄၄)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၄)ရပ်ကွက်၊ ရန်နိုင်လမ်းသွယ်(၇)၊ တိုက် ၂၁၀၊ အခန်း ၃၁နေ (ဦးကျော်ဝင်း-ဒေါ်ခင်သန်း)တို့၏သား၊ ဒေါ်မြမြငွေး၏ခင်ပွန်း၊ ဦးကျော်ကျော်ဦး၊ ဦးမောင်မောင်အေး(KT Construction)-ဒေါ်စန်းစန်းမိုး၊ ဦးစိုးမိုးထွေး-ဒေါ်ဥမ္မာခင်(TMW Enterprise Ltd.)၊ ဦးမောင်မောင်သွယ်-ဒေါ်မော်မော်ခင် (တရားလွှတ်တော်ရှေ့နေ)တို့၏မောင်၊ မောင်ငွေးဝေလင်း၊ မောင်သူရအောင်၊ မောင်မောင်ကို၊ မောင်လှထွန်းကျော်၊ မောင်ရဲရင့်အောင်၊ မောင်ဘုန်းမြတ်မင်းတို့၏ဦးလေး၊ မရွှန်းဟေသီ၏ဖခင်သည် ၂၉-၁၀-၂၀၁၆ရက် ညနေ ၃း၃၀နာရီတွင် စံပြဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၃၁-၁၀-၂၀၁၆ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ရဟန်းဒါယကာကြီး

**ဦးသိန်းရွှေ**

**CMA ရုံး (ငြိမ်း)**

**အသက်(၉၄)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ကေတုမတီလမ်း၊ အမှတ် ၆၂၄နေ ဒေါ်သောင်းတင်၏ချစ်လှစွာသောခင်ပွန်း၊ ဦးစိုးလွင်-ဒေါ်ခင်မာကြည်၊ ဒေါ်စန်းစန်းအေး၊ ဦးမြင့်ဝေ-ဒေါ်မြညွန့်၊ ဦးအုန်းလွင်- ဒေါ်တင်တင်အေး၊ ဦးအောင်ကျော်စိုးတို့၏ဖခင်၊ မြေး ၁၀ယောက်၊ မြစ်တစ်ယောက်တို့၏ အဘိုးသည် ၂၉-၁၀-၂၀၁၆ရက်(စနေနေ့)ညနေ ၃း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၁၀-၂၀၁၆ရက် (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၁၁-၂၀၁၆ရက် (သောကြာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ရဟန်း၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်မြင့်မြင့်အေး**

**အထက်တန်းပြ(ငြိမ်း)၊ အထက(၂)ကမာရွတ်**

**အသက်(၉၀)**

ဒေါက်တာမြတ်ခိုင်(ဆေးရုံအုပ်၊ မိတ္ထီလာပြည်သူ့ဆေးရုံ)-ဒေါက်တာရီရီကျော် [ကလေးအထူးကု (ခုတင်-၃၀၀) ကလေးဆေးရုံ၊ မန္တလေး)တို့၏မိခင် ဒေါ်မြင့်မြင့်အေးသည် ၂၈-၁၀-၂၀၁၆ရက် နံနက် ၀၀း၄၀နာရီတွင် မန္တလေးမြို့ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ရဲမှူးကြီး ဦးမြကြိုင် (ငြိမ်း)

**(ကြည်း-၇၃၇၃)**

**အသက်(၈၇)နှစ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ၅၁လမ်း၊ အမှတ် ၁၇၀/၁၇၂၊ (ရှစ်လွှာ၊ အေ)နေ (ဒေါ်ခင်သိန်းသိန်း)၏ခင်ပွန်း၊ ဦးကြည်လွင်-ဒေါ်အေးအေးမြင့်၊ ဦးအေးမင်း-ဒေါ်ဝေဝေ၊ ရဲမှူးဦးမျိုးမော်-ဒေါ်နွယ်နွယ်ကြိုင်၊ ဦးမြင့်ဦး(မြသဇင်ပုံနှိပ်တိုက်)-ဒေါ်သင်းသင်းကြိုင်(ခ)မမော်(ဆန်းမြသီဂီပုံနှိပ်တိုက်)၊ ဦးစိုင်းလှကျော်-ဒေါ်ခင်ခင်ကြိုင်၊ ဗိုလ်မှူးမောင်မောင်စိုး-ဒေါ်သီတာကြိုင်တို့၏ချစ်လှစွာသောဖခင်၊ မြေး ၁၂ယောက်၊ မြစ်ငါးယောက်တို့၏ဘိုးဘိုးကြီးသည် ၂၈-၁၀-၂၀၁၆ရက်(သောကြာနေ့)ည ၈း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၁၀-၂၀၁၆ရက်(တနင်္ဂနွေနေ့)နံနက် ၁၀နာရီတွင် ရေဝေးအေးအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၃-၁၁-၂၀၁၆ရက် (ကြာသပတေးနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးခင်အောင် (သထုံ)

**မော်ဘီမြို့၊ တပ်မတော်(လေ)**

**အငြိမ်းစား**

**အသက်(၇၆)နှစ်**

သထုံမြို့၊ မင်းလမ်းနေ(ဦးဘအောင်-ဒေါ်အုံးကျင်)တို့၏သား၊ ဖောင်တော်ဦးဘုရားလမ်းနေ (ဦးသင်းဖေ-ဒေါ်လှနွယ်)တို့၏သားသမက်၊ မော်ဘီမြို့၊ (၂)ရပ်ကွက်၊ နတ်စင်လမ်း၊ အမှတ် ၂/၃နေ ဒေါ်တင်လှိုင်၏ခင်ပွန်း၊ မင်္ဂလာဒုံလေတပ်စခန်းနေ အရာခံဗိုလ်မြင့်ဦး-ဒေါ်ချိုချိုအောင်၊ တောင်ငူလေတပ်စခန်းနေ ဒု-အရာခံဗိုလ်အောင်ကြီး-ဒေါ်ညီညီအောင်၊ လှိုင်သာယာမြို့နယ်၊ မန္တလေးလမ်းနေ ဦးစိုးညွန့်-ဒေါ်သီတာအောင်၊ ဒေါ်နီလာအောင် (IWT)၊ (ဦးအောင်လှိုင်ဝင်း)တို့၏ ဖခင်သည် ၂၉-၁၀-၂၀၁၆ရက် နံနက် ၁၀း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၁၁-၂၀၁၆ရက် မွန်းလွဲ ၁နာရီတွင် မော်ဘီမြို့ အနောက်ပိုင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။[ကွယ်လွန်သူအား ရည်စူး၍ ၄-၁၁-၂၀၁၆ရက် (သောကြာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးအောင်နေမော်(ပုဇွန်တောင်)

**အသက်(၄၆)နှစ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ လိပ်ကန်လမ်း၊ အမှတ် ၃၇နေ(ဦးအောင်ရင်)-ဒေါ်ရွှေတို့၏သား၊ ဒေါ်အေးအေးအောင်(သီရိစတိုး)၏မောင်၊ ကိုတင်မောင်ဝင်း-မယဉ်မိုးဆန်း၊ မောင်ကိုထွဋ်-မသီတာစိုးအောင်၊ မကြည်ကြည်အောင်၊ ကိုနေလင်းဦး-မမြင့်မြင့်အောင်တို့၏အစ်ကို၊ သန်လျင်မြို့နေ ဒေါ်သဲသဲ၏ခင်ပွန်း၊ မောင်သီဟအောင်၏ဖခင်သည် ၂၈-၁၀-၂၀၁၆ရက် (သောကြာနေ့) မွန်းလွဲ ၁း၃၇နာရီတွင် ရန်ကုန်ဆေးရုံကြီး(ခုတင်-၅၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၁၀-၂၀၁၆ရက် (တနင်္ဂနွေနေ့) ညနေ ၃း၃၀နာရီတွင် ရေဝေးအေးအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (သီရိစတိုးဆိုင်မှကားများမွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအား ရည်စူး၍ ၃-၁၁-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ သန်လျင်မြို့၊ အောင်ချမ်းသာရပ်ကွက်၊ ကျိုက်ခေါက်ဘုရားလမ်း၊ အမှတ် ၆၈ (စီ) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်း

**ဦးအုန်း (၁၇၈)**

**ဦးစီးအရာရှိ(ငြိမ်း)**

**အသက်(၈၅)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖဆပလမြဝတီရိပ်သာ၊အခန်း ၁၊ တိုက် ၁၅နေ ဦးအုန်းသည် ၂၃-၁၀-၂၀၁၆ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၁၀-၂၀၁၆ရက်တွင် ရေဝေးသုသာန်၌သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းဝင်များအား အသိပေးအကြောင်းကြားပါသည်။ အမှုဆောင်အဖွဲ့

## ဦးပီတာမျိုး

**(စခန်းမှူး၊ ငြိမ်း)**

**မြန်မာနိုင်ငံရဲတပ်ဖွဲ့ အပတ်စဉ်(၇)**

**စိန့်ပေါလ်ကျောင်းသားဟောင်း**

**အသက်(၇၃)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ တော်ဝင်အိမ်ရာ၊ တိုက် ၁၃၊ အခန်း ၁၉နေ(ဦးမြို့-ဒေါ်နွဲ့)တို့၏သား၊ ဒေါ်ခင်ဦးကြည်၏ခင်ပွန်း၊ (ဦးဂျော်နီမျိုး-ဒေါ်ရီတာ)၊ (ဦးဖီးလစ်မျိုး-ဒေါ်ထရီဇာ)၊ (ဒေါ်ထရီဇာမျိုး-ဦးမြင့်ဆွေ)တို့၏ညီမောင်၊ (ဦးဗစ်တာမျိုး)-ဒေါ်လူစီ၊ စစ္စတာဘရေ့ဂျစ်မျိုး 'ကောင်းသောသိုးထိန်း သီလရှင်ကျောင်း'တို့၏အစ်ကို၊ ကိုကျော်မျိုးခိုင် - မရီလေး၊ ကိုတင်ဝင်းနိုင်-မချမ်းမြငြိမ်း၊ ကိုဇော်ဝင်းထွဋ်-မဆုစန္ဒီထွန်းတို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၂၈-၁၀-၂၀၁၆ရက် (သောကြာနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၃၀-၁၀-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၃-၁၁-၂၀၁၆ရက်(ကြာသပတေးနေ့)တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁)တိုးချဲ့ရပ်ကွက်၊ တော်ဝင်အိမ်ရာ၊ တိုက် ၁၃၊ အခန်း ၁၉ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ပြုလုပ်ပါမည်။] ကျန်ရစ်သူမိသားစု

သင့်သွေးဖြင့်
အသက်ကယ်ပါ

# ဆိပ်ကမ်းမှ ကုန်ပစ္စည်းများထုတ်ယူရာ၌ ကြန့်ကြာမှုမရှိစေရေးနှင့် ဝန်ဆောင်ခများ လျှော့ချနိုင်ရေး ညှိနှိုင်း

**ဆိပ်ကမ်းများသို့ ရောက်ရှိလာသည့် ကုန်သေတ္တာကုန်စည်အပါအဝင် ကုန်စည်များထုတ်ယူရာ၌ ကုန်ကျစရိတ်သက်သာပြီး ပိုမိုမြန်ဆန်သည့် နည်းလမ်းများစိစစ်ရေး ကော်မတီတစ်ရပ်ကို အစိုးရနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများ ထည့်သွင်းဖွဲ့စည်း**

**ရန်ကုန် အောက်တိုဘာ ၂၉**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ၂၀၁၆ ခုနှစ် စက်တင်ဘာ ၁၅ ရက်တွင် ဆိပ်ကမ်းများသို့ ရောက်ရှိလာသည့် ကုန်သေတ္တာ ကုန်စည်အပါအဝင် ကုန်စည်များထုတ်ယူရာ၌ ကုန်ကျစရိတ်သက်သာပြီး ပိုမိုမြန်ဆန်သည့် နည်းလမ်းများစိစစ်ရေး ကော်မတီတစ်ရပ်ကို အစိုးရနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများ ထည့်သွင်းဖွဲ့စည်းခဲ့သည်။

ကော်မတီအစီရင်ခံစာအရ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ (၅/၂၀၁၆) စီမံ ကော်မတီအစည်းအဝေးက အောက်တိုဘာ ၁၁ ရက်မှစတင်၍ Original Bill of Lading ( B/L)တင်ပြနိုင်ပါက DELIVERY ORDER (D/O) ကုန်ထုတ်လွှာ ထုတ်ပေးနိုင်ရေး ဆောင်ရွက်သွားရန် ဆုံးဖြတ်ခဲ့သည်။

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က ၂၀၁၅ခုနှစ်၊ ဥပဒေပုဒ်မ ၁၇(ဂ)၊ ၁၀၃(ခ)တို့အရ ဆိပ်ကမ်းဝန်ဆောင်မှုလုပ်ငန်း အဆင်ပြေချောမွေ့စေရေးကိုရည်ရွယ်၍ အမိန့်ကြော်ငြာစာ ထုတ်ပြန်ပြီး အောက်တိုဘာ ၁၁ ရက်မှစတင်ကာ Original B/L ကုန်တင်တန်ဆာတင်ပြပါက D/O ကုန်ထုတ်ယူခွင့် အမိန့်ထုတ်ပေးခြင်းကို စတင်ဆောင်ရွက်ခဲ့သည်။

ရန်ကုန်ဆိပ်ကမ်းသို့ ဝင်ရောက်သည့် ကုန်သေတ္တာတင်သင်္ဘောလိုင်း ၃၁ လိုင်းရှိပြီး ယနေ့အထိ ပြေးဆွဲခွင့်ပြုထားသည့် သင်္ဘောစင်းရေ ၆၉ စင်းရှိသည်။ လက်ရှိပြေးဆွဲစင်းရေ ၅၀ ရှိပြီး ၁၉ စင်း ရပ်နားထားသည်။ ရန်ကုန်ကုန်သေတ္တာတင် ဆိပ်ကမ်းများဖြစ်သော အေးရှားဝေါလ်ဆိပ်ကမ်း (AWPT)၊ အလုံအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း (AIPT)၊ မြန်မာ့ စက်မှု ဆိပ်ကမ်း (MIP)၊ ဗိုလ်အောင်ကျော် ကုန်သေတ္တာဆိပ်ကမ်း (BSW)၊ မြန်မာ အပြည်ပြည်ဆိုင်ရာသီလဝါဆိပ်ကမ်း (MITT) များ၌ ဆိုက်ကပ်လျက်ရှိသည်။

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ အမိန့်ကြော်ငြာစာ (၂၆/၂၀၁၆)ကို ရန်ကုန်ဆိပ်ကမ်းသို့ ဝင်ရောက်နေသည့် ကုန်သေတ္တာတင် သင်္ဘောလိုင်းအများစုက လိုက်နာဆောင်ရွက်လျက်ရှိသော်လည်း အချို့သင်္ဘောလိုင်းများက လိုက်နာဆောင်ရွက်ခြင်းမရှိသည့်အတွက် ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်ရေးအတွက် အခက်အခဲရှိနေကြောင်း သိရသည်။



ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသည့် ကုန်သေတ္တာများကို တွေ့ရစဉ် (ဓာတ်ပုံ-မြင့်စိုး)

စာမျက်နှာ ၇ ကော်လံ ၃ ◆

# မြန်မာယူ-၂၂ အသင်း နိုဝင်ဘာလ တတိယပတ် စတင်လေ့ကျင့်မည်

**သတင်း - ညီမြတ်သော်တာ၊ ဓာတ်ပုံ - စိုးညွန့်**

**ရန်ကုန် အောက်တိုဘာ ၂၉**

၂၀၁၇ ခုနှစ် ဩဂုတ်လတွင် ကျင်းပမည့် (၂၉)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက် ရည်ရွယ်၍ မြန်မာယူ-၂၂ အသင်းသည် နိုဝင်ဘာလ တတိယပတ်တွင် စတင်လေ့ကျင့် ပြင်ဆင်တော့မည် ဖြစ်သည်။

မြန်မာယူ-၂၂အသင်းကို (၂၉)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက် ရည်ရွယ်ဖွဲ့စည်းခြင်းဖြစ်သော်လည်း ဒီဇင်ဘာလအတွင်း ယှဉ်ပြိုင်ရမည့် နိုင်ငံတကာခြေစမ်းပွဲနှင့် ဖိတ်ခေါ်ပြိုင်ပွဲတို့အတွက် လေ့ကျင့်ပြင်ဆင်ခြင်းဖြစ်သည်။ မြန်မာယူ-၂၂ အသင်းကို ကစားသမား ၃၆ ဦးဖြင့် ဖွဲ့စည်းမည်ဖြစ်ပြီး နိုဝင်ဘာ ၁၅ ရက်တွင် စတင်လေ့ကျင့်ရန် စီစဉ်ထားသည်။ မြန်မာယူ -၂၂ အသင်းသည် ပဏာမလူစာရင်းကို ထုတ်ပြန်ကြေညာခြင်းမရှိသော်လည်း လက်ရွေးစင်အသင်းမှ ကစားသမားကိုးဦး ပါဝင်လာမည်ဖြစ်ပြီး ၂၀၁၅ ဆီးဂိမ်းပြိုင်ပွဲ ငွေတံဆိပ်ဆုရ ယူ-၂၃အသင်းမှ အသက်မီသည့် ကစားသမားများ ပြန်လည်ပါဝင်လာမည်ဖြစ်သည်။ မြန်မာနိုင်ငံဘောလုံး

စာမျက်နှာ ၈ ကော်လံ ၆ ✻




(၂၈)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ငွေတံဆိပ်ဆုရခဲ့သည့် မြန်မာ ယူ-၂၃ အသင်း ပရိသတ်များကို နှုတ်ဆက်နေစဉ်

**မိုဆူးလ်ထိုးစစ်အတွင်း**
**အိုင်အက်စ်အကြမ်းဖက်သမားများ၏**
**ဓာတုလက်နက်အသုံးပြုခြင်းကို**
**တားဆီးနိုင်တော့မည်**

စာမျက်နှာ ❖ ၁၁

# ထိုင်းနိုင်ငံ ဒုက္ခသည်စခန်းများမှ ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများကို သက်ဆိုင်ရာက ထောက်ပံ့

**ရန်ကုန် အောက်တိုဘာ ၂၉**

နိုင်ငံတော်အစိုးရအနေဖြင့် ထိုင်းနိုင်ငံ ဒုက္ခသည်စခန်းများမှ မြန်မာနိုင်ငံသားများကို ပြန်လည်စိစစ်ခေါ်ယူလျက်ရှိရာ ပြန်လည်ရောက်ရှိလာသူတို့အား သက်ဆိုင်ရာက ထောက်ပံ့မှုများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။ မြန်မာ-ထိုင်းနှစ်နိုင်ငံ ချစ်ကြည်ရေးအဖြစ် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းချက်အရ ထိုင်းနိုင်ငံတောင်ပိုင်း တပ်ခ်ခရိုင်နို့ဘိုး ဒုက္ခသည်စခန်းမှ ပြန်လည်ရောက်ရှိလာသော မြန်မာနိုင်ငံသား ၉၆ ဦးတို့ကို သက်ဆိုင်ရာမှတစ်ဆင့် အောက်တိုဘာ ၂၇ ရက်က မြဝတီမြို့၌ ပြန်လည်လက်ခံခဲ့သည်။

စာမျက်နှာ ၇ ကော်လံ ၁ ❄